# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့ (30-4-2015) (၈၁၈၆)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)



ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟ ခုနစ်ဌာန ပုံစံတူ သာသနိကအဆောက်အအုံများကို မြန်မာပြည်သူ ပြည်သား ဗုဒ္ဓဘာသာဝင်များ အချိန်တိုအတွင်း ငွေကုန် ကြေးကျ သက်သာစွာဖြင့် ကိုယ်တိုင်သွားရောက်ဖူးမြော်ကြည်ညိုနိုင်စေရန် နေပြည်တော်ကောင်စီ ဥတ္တရသီရိမြို့နယ်တွင် တည်ဆောက်ပူဇော်ထားရာ ကဆုန်လပြည့်နေ့တွင် ဖွင့်လှစ်တော့ မည်ဖြစ်ပါသည်။

(ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ ဗုဒ္ဓဂယာဆောင်းပါး စာမျက်နှာ - ၆ )

## မြန်မာ - ဩစတြေးလျ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

သတင်းစာမျက်နှာ - ၃

## အမေရိကန်ပြည်ထောင်စုက မြန်မာလူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများ နှစ်စဉ်ခေါ်ယူပို့ချလျက်ရှိ

သတင်းစာမျက်နှာ - ၇

## သစ်တောပြုန်းတီးမှု၏ ၈၀ ရာခိုင်နှုန်းကျော် ဖြစ်လာနိုင်သည့် ဒေသစာရင်းတွင် မဲခေါင်ဒေသပါဝင်နေ

သတင်းစာမျက်နှာ - ၁၁

## မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ချုပ်ရုံး ရန်ကုန်(စက်ဆန်း)တွင် ဖွင့်လှစ်

သတင်းစာမျက်နှာ - ၅






# မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်သည် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ပြောကြား

**နေပြည်တော် ဧပြီ ၂၉**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေး ဆိုင်ရာ မိတ်ဖက်အဖွဲ့ (Partnership Group for Peace, Development and Democracy in Myanmar – PGM ) အစည်းအဝေးကို ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**




အဆိုပါအစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ PGM အဖွဲ့ဝင် ၁၅ နိုင်ငံမှ အမြဲတမ်းကိုယ်စားလှယ်အဆင့် ၁၀ ဦး၊ ဒုတိယအမြဲတမ်းကိုယ်စားလှယ်အဆင့် လေးဦးနှင့် အမေရိကန်နိုင်ငံမှ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Scot Marciel တို့ တက်ရောက်ခဲ့ကြသည်။

PGM အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင် အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်သည် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်လျက်ရှိပါကြောင်း၊ အငြင်းပွားမှုများရှိခဲ့သော်လည်း နှစ်ပေါင်း ၃၀ အတွင်း ပထမဦးဆုံး ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းရလဒ်ကို မကြာမီ ကြေညာနိုင်တော့မည် ဖြစ်ပါကြောင်း။

ယခုနှစ်ကုန်ခန့်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် အရေးပါသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ရာ ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးပါဝင်ခွင့်ရရှိသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေး အရေးကြီးကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအပါအဝင် အရေးပါသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အခြားသော ခေါင်းဆောင်များနှင့် နိုင်ငံရေးထိတွေ့ဆွေးနွေးမှုများ ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်မှာ အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း။

၁၆ လကြာမျှ မနားမနေ စေ့စပ်ဆွေးနွေးမှုများပြုလုပ်ပြီးနောက် မတ် ၃၁ ရက်တွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအကြား နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခကို အဆုံးသတ်စေမည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရရှိခဲ့ပါကြောင်း၊ သဘောတူညီချက်ကို ရွှေ့ဆိုင်းမှုမရှိဘဲ လက်မှတ်ရေးထိုးနိုင်ရေးမှာ အရေးကြီးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သည့် အစိုးရတာဝန်ယူခဲ့သည့် လေးနှစ်တာကာလအတွင်း နိုင်ငံအတွင်း ထင်ရှားသည့် တိုးတက်အောင်မြင်မှုအများအပြား ပေါ်ပေါက်ခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတွင်းရေရှည်စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားလုံးပါဝင်သည့် ငြိမ်းချမ်းသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီမိုကရေစီလုပ်ငန်းစဉ်မှာ အပြောထက် လက်တွေ့လုပ်ဆောင်ရန်ခက်ခဲသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ မိမိတို့အနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်အောင်မြင်မြင် အသွင်ကူးပြောင်းနိုင်စေရန်အတွက် သတိကြီးစွာထား၍ ဆောင်ရွက်ရပါကြောင်း။

မြန်မာနိုင်ငံ၏ အခြေအနေအပေါ် နိုင်ငံတကာအသိုက်အဝန်းမှ နားလည်စာနာပြီး အမှန်အတိုင်း အမြော်အမြင်ကြီးစွာ ရှုမြင်သုံးသပ်နိုင်မည်ဆိုပါက အထူးပင် ကျေးဇူးတင်ရှိမည်ဖြစ်ပါကြောင်း၊ ဆယ်စုနှစ်များစွာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများထက် စီးပွားရေး၊ လူမှုရေး နောက်ကျကျန်ခဲ့ပြီး ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဆင့်သို့ပင် ရောက်ရှိခဲ့ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝလုံခြုံရေးအဆင့်အတန်း နိမ့်ကျခဲ့ရပါကြောင်း။

အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် တည်ထောင်ရန် အခိုင်အမာ သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ရာ ယင်းသန္နိဋ္ဌာန်အတိုင်း အပြည့်အဝ အောင်မြင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အတိတ်ကာလနှင့် လက်ရှိအခြေအနေကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက နိုင်ငံအတွင်း တိုးတက်မှုဖြစ်ပေါ်မှုအများအပြား ပေါ်ပေါက်လျက်ရှိသည်ကို အထင်အရှားတွေ့မြင်နိုင်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက White Card ကိစ္စကို အလေးထား၍လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ကျန်းမာရေးနှင့် လူဦးရေထိန်းချုပ်ရေးဆိုင်ရာ ဥပဒေမူကြမ်း (၄)ရပ်နှင့်ပတ်သက်၍လည်းကောင်း ပါဝင်ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများ ၁၅ နိုင်ငံမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ပါဝင်ဆွေးနွေးသူများက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးရရှိခဲ့မှု အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှုအပေါ် ချီးကျူးပြောကြားခဲ့ကြပြီး လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား မြန်မာ့နိုင်ငံရေးတွင် အထူးအရေးပါသည့် ဖြစ်စဉ်တစ်ရပ်အဖြစ် အလေးထားဆွေးနွေးခဲ့ကြသည်။ ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ အကောင်အထည်ဖော်လုပ်ဆောင်ရန် ရှိသည်များအား ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရေးအတွက် ထည့်သွင်းတိုက်တွန်းခဲ့သည်။

PGM အစည်းအဝေးအပြီးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ကြေညာချက် (Readout) တစ်ရပ်ကို ဧပြီ ၂၇ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ရာတွင် PGM အဖွဲ့ဝင်နိုင်ငံများက မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများအပေါ် ဆက်လက်ထောက်ခံလျက်ရှိသည်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ လာမည့်ရွေးကောက်ပွဲသည် ပြုပြင်ပြောင်းလဲရေးအစီအစဉ်၏ အရေးပါသော အဆင့်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့ကြကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရ၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေး ကြိုးပမ်းခဲ့မှုအပေါ် ချီးကျူးခဲ့ကြကြောင်း၊ သက်ဆိုင်သူအားလုံးက မျှော်လင့်စောင့်စားနေကြသည့် နိုင်ငံရေးထိတွေ့ဆွေးနွေးမှုမူဘောင်အပေါ် ဆောလျင်စွာ သဘောတူညီနိုင်ရေးအတွက် မျှော်လင့်ကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့ကြကြောင်း၊ ရခိုင်နှင့် အခြားဒေသများရှိ အသိုက်အဝန်းနှစ်ခုအကြား ဆက်လက်ပေါ်ပေါက်နေသည့် တင်းမာမှုနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများမှ မြန်မာနိုင်ငံအနေဖြင့် နောက်ထပ်ပဋိပက္ခများ ကာကွယ်တားဆီးရေးအတွက် ခိုင်မာပြတ်သားသည့်လုပ်ဆောင်မှုကို လုပ်ဆောင်သွားရန် လိုအပ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**


မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၉ ရက်တွင် နေပြည်တော်ရှိ The Lake Garden ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် ဦးဆောင်ပြီး ဩစတြေးလျနိုင်ငံဘက်မှ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အရှေ့တောင်အာရှဒေသဆိုင်ရာဌာန ပထမလက်ထောက်အတွင်းဝန် မစ္စတာ ခရက်ချစ်တစ် ဦးဆောင်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များ၊ နှစ်ဖက်အပြန်အလှန် အကျိုးရှိမည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က မစ္စတာ ခရက်ချစ်တစ်နှင့် ကိုယ်စားလှယ်အဖွဲ့အား The Lake Garden ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**






MHR MANAGEMENT INSTITUTE
Developing People . Shaping Future
သင်လည်းသူတို့လို လှပသောအနာဂတ်ကို လျှောက်လှမ်းနိုင်ရန်အတွက် MHR မှ ပေးသော ကျပ်သိန်း(၁၂၀၀) တန်ဖိုးရှိ BBA ဘွဲ့ ပညာသင်ဆုများကို လျှောက်ထားနိုင်ပါသည်။ အသက် ၁၆ နှစ်မှ ၁၈ နှစ် အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆို၊အောင်မြင်ထားသူများ မည်သူမဆိုလျှောက်ထားနိုင်ပါသည်။
MHR Centre I : 216168, 707822, 395802, 095045551 MHR Centre II : 09 73223 777, 09 73223 999, 09 86 28878
MHR Mandalay Compus : 09 9101 2932, 09 4026 05670 email : mhr@myanmar.com.mm

# ဘာလီနိုင်းမူးယစ်မှောင်ခိုသမားများအား အင်ဒိုနီးရှားကွပ်မျက်

**ဂျကာတာ ဧပြီ ၂၉**

အင်ဒိုနီးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်မှုဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံထားရသူ နိုင်ငံခြားသားခုနစ်ဦးအပါအဝင် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးတို့အား ယနေ့နံနက်အစောပိုင်းက ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံသားနှစ်ဦးဖြစ်သည့် အန်ဒရူးချန်နှင့် မျူရန် ဆူကူမာရန်တို့အား ကွပ်မျက်လိုက်ခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအား ဩစတြေးလျနိုင်ငံက ပြန်လာရန်ဆင့်ခေါ်ခဲ့သည်။

ဘရာဇီးအစိုးရကလည်း ဘရာဇီးနိုင်ငံသား ရိုဒရီဂိုဂူလာတီအား ကွပ်မျက်ခဲ့ခြင်းအပေါ် အကြီးအကျယ်စိတ်ပျက်ကြောင်း ပြောကြားခဲ့သည်။

မူးယစ်မှောင်ခိုမှုဖြင့် သေဒဏ်စီရင်ချက် ချမှတ်ခံရပြီးနောက် ဖိလစ်ပိုင်အမျိုးသမီး မာရီဂျိန်းဗီစတာအား ကွပ်မျက်ခါနီးတွင် မူးယစ်ဆေးဝါးများ ခန္ဓာကိုယ်ပေါ်တွင်ဝှက်ထားသည်ဟု မာရီဂျိန်း စွပ်စွဲခဲ့သည့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးထားပြီဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက တင်ပြပြောဆိုခဲ့သည့်အတွက် မာရီဂျိန်းအား ကွပ်မျက်ခြင်းကို ခေတ္တဆိုင်းငံ့ထားခဲ့ခြင်းဖြစ်သည်။

ကွပ်မျက်ခံရသူများက ၎င်းတို့၏နောက်ဆုံးအချိန်တွင် မျက်လုံးများကို အဝတ်စများဖြင့် မပိတ်ထားရန် တောင်းဆိုခဲ့ပြီး သီချင်းကို အတူတကွဆိုနေခဲ့သည်။

၎င်းတို့အား သေနတ်ဖြင့်ပစ်ခတ်ကာ ကွပ်မျက်ခဲ့ပြီးနောက် ၎င်းတို့၏အလောင်းများကို အင်ဒိုနီးရှားနိုင်ငံသို့မဟုတ် ၎င်းတို့၏အမိနိုင်ငံများရှိ ရွေးချယ်ထားသော သင်္ချိုင်းမြေနေရာများသို့ အရေးပေါ်လူနာတင်ယာဉ်များဖြင့် သယ်ဆောင်သွားကြသည်။**(ယာပုံ)**

ဩစတြေးလျနိုင်ငံက မူးယစ်မှောင်ခိုမှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် 'ဘာလီနိုင်း'တွင် ပါဝင်သော ချန်နှင့် ဆူကူမာရန်တို့အား လွတ်မြောက်ရန် သံတမန်နည်းအရ အစွမ်းကုန်ကြိုးပမ်းခဲ့သည်။

"သူတို့တွေကို ကွပ်မျက်ဖို့မလိုပါဘူး။ သူတို့တွေကို ထောင်ထဲမှာ ပြန်လည်ကောင်းမွန်အောင် ပြင်ဆင်ပေးနေပြီပဲ။ ဒီလိုကွပ်မျက်တာ ရက်စက်လွန်းတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ဥပဒေကိုလေးစားပါတယ်။ ဒါပေမယ့် ကွပ်မျက်တာကိုတော့ ရှုတ်ချတယ်"ဟု ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့က ဆိုသည်။




အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအား ပြန်လည်ဆင့်ခေါ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ယခုအချိန်တွင် အင်ဒိုနီးရှားနှင့် ဩစတြေးလျနိုင်ငံတို့သည် နိုင်ငံရေးခိုလှုံခွင့်တောင်းခံခြင်းအပါအဝင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အတူတကွ လုပ်ဆောင်နေသည့်အချိန်ဖြစ်သည်။ **ရိုက်တာ။**

# သမ္မတ၏အာဏာများကို သီရိလင်္ကာလွှတ်တော် ကန့်သတ်

**ကိုလံဘို ဧပြီ ၂၉**

သီရိလင်္ကာနိုင်ငံ လွှတ်တော်က သမ္မတ၏အာဏာများကို ထိန်းချုပ်ကန့်သတ်ရန်နှင့် သမ္မတ၏ သက်တမ်းကို နှစ်ကြိမ်သာ ထမ်းဆောင်ခွင့်ရှိသည်ဟု ပြန်လည်ကန့်သတ်ရန် မဲပေးခဲ့ကြကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီလ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခဲ့သည့် သမ္မတဟောင်း မဟိန္ဒြာ ရာဂျာပက်ဆေးသည် ၎င်း၏ သမ္မတ အာဏာကို ချဲ့ထွင်ခဲ့သည်။

၎င်း၏ အရိုက်အရာကို ဆက်ခံသူ လက်ရှိသမ္မတ မိုင်သီရိပါလာ သီရိသေနာက သမ္မတ၏ အာဏာကို လျှော့ချပေးမည်ဟု ကတိပေးခဲ့သည်။

လွှတ်တော်၏ ငါးနှစ်သက်တမ်းတွင် လေးနှစ်နှင့် ခြောက်လကာလ မပြည့်မီ လွှတ်တော်ကို ဖျက်သိမ်းနိုင်သည့် သမ္မတ၏ အာဏာကိုလည်း လွှတ်တော်အမတ်များက မဲပေးပယ်ဖျက်ခဲ့သည်။

ယခင်က လွှတ်တော်သက်တမ်း တစ်နှစ်ပြည့်ပြီးလျှင် လွှတ်တော်ကို ဖျက်သိမ်းနိုင်သည့်အာဏာ သမ္မတထံတွင် ရှိခဲ့သည်။

သမ္မတဟောင်း ရာဂျာပက်ဆေးသည် ၁၀ နှစ်ကြာ သမ္မတအဖြစ် အာဏာရယူထားခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် သမ္မတအဖြစ် ထပ်မံရွေးချယ် တင်မြှောက်ခြင်းခံရပြီးနောက် သမ္မတအဖြစ် သက်တမ်းနှစ်ကြိမ်သာ ထမ်းဆောင်ရမည်ဟူသော ကန့်သတ်ချက်ကို ပယ်ဖျက်လိုက်ပြီး တတိယအကြိမ် သမ္မတအဖြစ် ထမ်းဆောင်ခွင့်ရရန် ဆောင်ရွက်ခဲ့သည်။

ရဲတပ်ဖွဲ့၊ ပြည်သူ့ဝန်ထမ်းနှင့် တရားရေးဌာနများအပေါ်တွင် အာဏာ ပိုမိုသုံးစွဲခွင့်ကိုလည်း သူ့ကိုယ်သူ ခွင့်ပြုပေးခဲ့သည်။

**ဆင်ဟွာ။**




# မြောက်ကိုရီးယား၌ ယခုနှစ်အတွင်း လူ ၁၅ ဦး ကွပ်မျက်

**ဆိုးလ် ဧပြီ ၂၉**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုန်အန်သည် ယခုနှစ်အတွင်း ထိပ်တန်းအရာရှိများအပါအဝင် လူ ၁၅ ဦးကို ကွပ်မျက်ရန် အမိန့်ပေးခဲ့သည်ဟု တောင်ကိုရီးယားထောက်လှမ်းရေးအေဂျင်စီက ပြောကြားသည်။

ကွပ်မျက်ခံရသူများမှာ သူလျှိုလုပ်မှုများကြောင့် သေနတ်ဖြင့် ပစ်ခတ်အဆုံးစီရင်ခံရခြင်းဖြစ်ကြောင်း အဆိုပါအေဂျင်စီက ဗုဒ္ဓဟူးနေ့တွင်ပြုလုပ်သည့် ပါလီမန်အစည်းအဝေးတစ်ခုတွင် ပြောကြားသည်။

ကွပ်မျက်ခံရသူများတွင် ကင်ဂျုန်အန်၏ မူဝါဒများအပေါ် ယှဉ်ပြိုင်စိန်ခေါ်သူ ဒုတိယဝန်ကြီးနှစ်ဦးနှင့် သံစုံတီးဝိုင်းအဖွဲ့ဝင်တစ်ဦး ပါဝင်ခဲ့သည်ဟု ထောက်လှမ်းရေးအရာရှိများက ပြောကြားသည်။ ကင်ဂျုန်အန်သည် ၎င်းအပေါ် သစ္စာဖောက်မှုဖြင့် ဦးလေးတော်စပ်သူတစ်ဦးကိုလည်း ၂၀၁၃ ခုနှစ်တွင် ကွပ်မျက်ခဲ့ဖူးသည်။

ယခုကွပ်မျက်ခံရသူများတွင် မြောက်ကိုရီးယားနိုင်ငံ၏ သစ်တောရေးရာ စီမံကိန်းအပေါ် ဘဝင်မကျသည့် သစ်တောရေးရာဝန်ကြီးတစ်ဦးလည်း ပါဝင်ခဲ့သည်ဟု တောင်ကိုရီးယားအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ရေးသားဖော်ပြသည်။

"ကင်ဂျုန်အန်နဲ့ပတ်သက်လို့ ဆင်ခြေပေးတာတွေ အကြောင်းပြချက်ပေးတာတွေက အလုပ်မဖြစ်ဘူး။ သူ့အုပ်ချုပ်ပုံစံက အရာရာတိုင်း သူ့စိတ်တိုင်းကျဖြစ်နေရမယ်ဆိုတာမျိုးပဲ"ဟု တောင်ကိုရီးယား ပါလီမန်ထောက်လှမ်းရေးကော်မတီအဖွဲ့ဝင် ရှင်ကျောင်မင်းက ပြောကြားသည်။

**ရိုက်တာ။**

# ဘာလ်တီမိုးမြို့တွင် အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့များ ဖြန့်ကြက်ထားဆဲဖြစ်



ဧပြီ ၂၈ ရက်က ဘာလ်တီမိုးမြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသူများကို တွေ့ရစဉ်။

**ဘာလ်တီမိုး ဧပြီ ၂၉**

အမေရိကန်နိုင်ငံ မာရီလန်းပြည်နယ် ဘာလ်တီမိုးမြို့တွင် လူမည်းအမျိုးသားတစ်ဦးကို ဒေသခံရဲတပ်ဖွဲ့က ဖမ်းဆီးသွားပြီးနောက် သေဆုံးခဲ့သည့်အတွက် ဆူပူအကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ ဧပြီ ၂၉ ရက်အထိ အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့များ ဖြန့်ကြက်ထားနေရဆဲဖြစ်သည်။

ဧပြီ ၂၇ ရက်က ဆူပူအကြမ်းဖက်မှုများတွင် အဆောက်အအုံနှင့် ကားများမီးရှို့ဖျက်ဆီးခြင်းနှင့် စတိုးဆိုင်များတွင် လုယက်မှုများဖြစ်ပွားခဲ့သောကြောင့် အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ထိန်းသိမ်းခဲ့သည့်အတွက် ဧပြီ ၂၈ ရက်တွင် အကြမ်းဖက်မှုများ လျော့နည်းသွားခဲ့သည်။

ဧပြီ ၂၈ ရက်တွင် အခြေအနေတည်ငြိမ်နေသည်ဆိုသော်လည်း ဒေသခံများသည် စုဝေးပွဲပြုလုပ်ခြင်း၊ ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြခြင်းများပြုလုပ်လျက်ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့များကို တစ်မြို့လုံးဖြန့်ကြက်ထားကြောင်း သိရသည်။

ဘာလ်တီမိုးမြို့တွင် ညမထွက်ရအမိန့်ထုတ်ပြန်ထားခြင်းကြောင့် အခြေအနေပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ညမထွက်ရအမိန့်ကြောင့် မြို့သူမြို့သားများအနေဖြင့် လုံခြုံတည်ငြိမ်မှုကို ပြန်လည်ခံစားနေရပြီဖြစ်ကြောင်းနှင့် ယင်းအခြေအနေကိုဆက်လက်ထိန်းသိမ်းနိုင်မည်ဟု မျှော်လင့်ကြောင်း ရဲမင်းကြီး အန်ထော်နီဘတ်စ်က ပြောကြားသည်။ **ရိုက်တာ။**

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး ရန်ကုန်(စက်ဆန်း)တွင် ဖွင့်လှစ်

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံကင်းထောက်ချုပ်ရုံးဖွင့်ပွဲကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၂၄၀-စီ၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ယခင်ကား မောင်းစက်ပြင်သင်တန်းကျောင်း)၌ မြန်မာနိုင်ငံကင်းထောက်မောင်မယ်လူငယ်များ ပိုမိုများပြားစွာ မွေးထုတ်နိုင်ရေးနှင့် ကင်းထောက်အဖွဲ့လှုပ်ရှားမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကင်းထောက်ချုပ်ရုံးဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် "ဒီနေ့က မြန်မာနိုင်ငံအတွက် သမိုင်းဝင်နေ့တစ်နေ့ဖြစ်တယ်လို့ပြောရင် မမှားပါဘူး။ ပြန်လည်ပြီး ကင်းထောက်မောင်မယ်တွေ၊ လူငယ်တွေအားလုံးကို မွေးဖွားပေးဖို့အတွက် ဒီဌာနချုပ်ရုံးကနေပြီးတော့ အရှိန်အဟုန်နဲ့ လှုပ်ရှားနိုင်အောင်အတွက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးကြီးကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ ဒီအသင်းချုပ်ရုံးကြီးတည်ဆောက်ပေးတဲ့အတွက်ကြောင့် တော်ဝင်က ဦးကိုကိုထွေးတို့ကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီကနေ့ နိုင်ငံတော်မှာ လိုအပ်နေတာက လူငယ်တွေရဲ့အားက အရေးကြီးတဲ့အခန်းကဏ္ဍကပါပါတယ်။ နိုင်ငံတော်ရဲ့ အင်အားကြီးရင် လူငယ်တွေရဲ့အင်အားကများသလို လူငယ်တွေကလည်း အနာဂတ်အတွက် တိုင်းပြည်ရဲ့အနာဂတ်မှာ တကယ့်တန်ဖိုးရှိတဲ့ လူတွေအဖြစ် မဖြစ်မနေရပ်တည်သွားရမှာဖြစ်တယ်။ လွန်ခဲ့တဲ့ နှစ် ၄၀၊ ၅၀ မှာ ကျွန်တော်ဟာလည်း သာမန်ကင်းထောက်လူငယ်လေးတစ်ယောက်ပါပဲ။ ဒီကနေ့ နိုင်ငံ့အကျိုးကို တစ်ထောင့်တစ်နေရာကနေပါဝင်ပြီး ကူညီနိုင်အောင် ကျွန်တော့်ကိုမွေးဖွားပေးတဲ့ စွမ်းရည်တွေထဲမှာ ကင်းထောက်လည်းပါတယ်။ ကင်းထောက်ရဲ့စိတ်ထားတွေဟာ ကျွန်တော့်မှာ ကိန်းအောင်းနေတာပါ။ သူများကို ကူညီရမယ်ဆိုတဲ့စိတ်တွေဟာ အချိန်ပြည့် ကင်းထောက်တွေမှာ တည်ရှိနေတဲ့စိတ် ဖြစ်ပါတယ်။ သူများကို ကူညီချင်ရမယ်ဆိုတဲ့အတွက်ကြောင့် သူများကို မကူညီချင်တဲ့စိတ်တွေ မရှိဘူးပေါ့ဗျာ။ သူများတွေကို ချစ်ခင်ကြမယ်ဆိုတော့ သူများကို မုန်းတဲ့စိတ်မရှိတော့ဘူးပေါ့ဗျာ။ အပြုသဘောဆောင်တဲ့စိတ်တွေ မွေးဖွားပေးတဲ့အတွက် အပြုသဘော မဆောင်တဲ့စိတ်တွေ မရှိတော့ဘူးပေါ့ဗျာ။ တိုင်းပြည်အတွက်လည်း အကျိုးရှိပါတယ်။ မိမိအတွက်လည်း အကျိုးရှိပါတယ်။ ကင်းထောက်စိတ်ဓာတ်ဟာ အလွန်တရာမှ မွန်မြတ်တဲ့ ကင်းထောက်လုပ်ငန်းကို အခုထက်ထိ လက်တွဲလုပ်နေတဲ့ ဘဘကြီးအရွယ်တွေလည်း ဒီမှာရှိပါတယ်။ ကျွန်တော့်ရဲ့ အိပ်မက်တွေကတော့ မြန်မာနိုင်ငံမှာ ကင်းထောက် လေး၊ ငါးသိန်း ရှိနေစေချင်ပါတယ်" ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ဗဟိုအထောက်အကူပြုအဖွဲ့၏လုပ်ငန်းများ၊ လိုအပ်ချက်များကို ကူညီပေးပါတယ်။ အစည်းအဝေးတွေကိုလည်း ကျွန်တော့်ဟိုတယ်မှာ လုပ်ပေးပါတယ်။ ဒီရုံးအခြေအနေက အခုသိပ်မကောင်းတော့ပါဘူး။ ပြန်ပြင်ပေးထားတာပါ။ နောက် ဘေးမှာ ခန်းမ၊ လေ့ကျင့်ကွင်းနဲ့ အဆောက်အအုံတစ်ခု ဆောက်မှာပါ။ ပြီးရင် ဒီရုံးကို အသစ်ပြန်ဆောက်ပေးမှာပါ။ ဒါတွေက ဘာအတွက်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ လူငယ်တွေရဲ့ စွမ်းအားတွေ မြှင့်တင်ပေးဖို့ပါ။ စွမ်းအားကိုမြှင့်တင်ဖို့ဆိုတဲ့နေရာမှာ အားလုံးက စည်းကမ်းတွေ စိတ်ဓာတ်တွေ ပြုပြင်ပြောင်းလဲတဲ့နေရာမှာ ကင်းထောက်လုပ်ငန်းဟာ အင်မတန်ထိရောက်တဲ့လုပ်ငန်းလို့ ယူဆတဲ့အတွက်ကြောင့် ကျွန်တော်က အားပေးတာပါ။ ကင်းထောက်တစ်ယောက်ဖြစ်ရင် သူတစ်ပါးကို ဒုက္ခပေးတဲ့စိတ်ဓာတ်မရှိတော့ဘူး။ သူတစ်ပါးကို ကူညီလိုတဲ့စိတ်ဓာတ်တွေ၊ ကောင်းမွန်တဲ့စိတ်ဓာတ်တွေဟာ ကင်းထောက်အတွက်လည်း ကောင်းသလို ပတ်ဝန်းကျင်အတွက်လည်းကောင်းတယ်။ ဒါ့ကြောင့် ကျွန်တော်က လူငယ်တွေရဲ့ဘဝကို အားပေးစေချင်တာပါ" ဟု ကင်းထောက်အဖွဲ့ဗဟိုအထောက်အကူပြုအဖွဲ့မှ အဆိုပါကင်းထောက်အဆောက်အအုံအလှူရှင် ဦးကိုကိုထွေး (တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း)က ပြောကြားသည်။

အဆိုပါရုံးဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ကင်းထောက်ကြီးများ တက်ရောက်ကြပြီး ကင်းထောက်မောင်မယ်လူငယ်များက ကင်းထောက်သီချင်းဖြစ်သည့် "ပြည်သူ့အတွက် အစဉ်အသင့်"၊ "မြန်မာ့ကျောင်းသား"သီချင်းများ၊ ကျောင်းဘင်ခရာ၊ ပန်းဖွားအကတို့ဖြင့် ဖျော်ဖြေကြသည်။

**(သန့်ဇင်ဝင်း)**

## ကင်းထောက်ဆိုတာ

- ❖ ကင်းထောက်ဆိုတာ မာနမထားတဲ့ ကိုယ်ကျင့်တရား ဖြူစင်စွာ၊
- ❖ ကင်းထောက်ဆိုတာ ကြင်နာသနားတဲ့ ငဲ့ညှာထောက်ထား ကိုယ်ချင်းစာ၊
- ❖ ကင်းထောက်ဆိုတာ သတ္တိဗွဲနဲ့ အခက်အခဲ ကျော်လွှားတာ၊
- ❖ ကင်းထောက်ဆိုတာ ကူညီပေးဖို့ ချိန်ခါမရွေး အသင့်ပါ၊
- ❖ ကင်းထောက်ဆိုတာ ကိုယ့်အားကိုးလို့ အများကောင်းကျိုး သယ်ပိုးမှာ၊
- ❖ ကင်းထောက်ဆိုတာ ကြံ့ခိုင်စွမ်းတဲ့ လူမှုဝန်ထမ်းစိတ်ဓာတ်ပါ၊
- ❖ ကင်းထောက်လူငယ် မောင်မယ်များရဲ့ ကင်းထောက်စိတ်ထား မြင့်မြတ်တာ၊ မြင့် ... တာ၊ မြတ်... တာ။

ရေနံ့သာမောင်ကျော်ညွန့်

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ မူပိုင်ခွင့်ဆိုင်ရာပြိုင်ပွဲများ အများပြည်သူသိရှိပါဝင်နိုင်ရန် ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၉**

ကမ္ဘာ့အသိဉာဏ် ပစ္စည်းနေ့အတွက် မူပိုင်ခွင့်ဆိုင်ရာ ပြိုင်ပွဲများ အများပြည်သူပိုမိုသိရှိ၍ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးသွယ်က ပြောကြားသည်။

ယခုနှစ် မေ ၂၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နှစ်ရက်တိုင် ကျင်းပခဲ့ပြီး ပြိုင်ပွဲများ၊ ပြပွဲများ၊ ဟောပြောပွဲများနှင့်အတူ ဖျော်ဖြေရေးများကို ထည့်သွင်း၍ အများပြည်သူများကို ဖိတ်ခေါ်ကာ ကျင်းပခဲ့သည်။ ယခုနှစ် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သူ နည်းပါးသောကြောင့် အများပြည်သူ၊ ကျောင်းသား ကျောင်းသူများ ပိုမိုသိရှိနားလည်၍ မူပိုင်ခွင့်ဆိုင်ရာ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဟု ဒေါက်တာမိုးမိုးသွယ်က ပြောကြားသည်။

"မြန်မာနိုင်ငံမှာ တီထွင်မှု အားနည်းနေတယ်။ မလုပ်နိုင်တာ မဟုတ်ပါဘူး။ တီထွင်မှုကို အသုံးမချနိုင်သေးတာပါ။ တီထွင်ဖန်တီးသူတွေကို အားပေးရမယ်။ လေးစားမှုရှိရမယ်။ တီထွင်ဖန်တီးထားတာတွေကို အကာအကွယ်ရချင်ရင်လည်း ဥပဒေအရပဲ အကာအကွယ်ရနိုင်တယ်။ မူပိုင်ခွင့်စနစ်တစ်ရပ်ရှိမှ ဖြစ်မှာပါ။ မကြာမီ ရှိလာပါမယ်။ ယှဉ်ပြိုင်သူ တီထွင်သူတွေ ပိုမိုထွက်ပေါ်လာအောင် ဒီဇိုင်းပြိုင်ပွဲ၊ လိုဂိုပြိုင်ပွဲ၊ စာစီစာကုံး၊ ဆောင်းပါးစတဲ့ ပြိုင်ပွဲတွေ အများပြည်သူသိရှိပါဝင်နိုင်အောင် နောင်နှစ်တွေမှာ ဆောင်ရွက်သွားပါမယ်။ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မယ်။ ဉာဏစွမ်းအား အသုံးပြုပြီး လူ့ဘောင်လောကဖွံ့ဖြိုးတိုးတက်ဖို့လုပ်ဆောင်နိုင်တယ်ဆိုတာ မီးမောင်းထိုးပြချင်တဲ့အတွက် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်ကာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပြီး အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာများကို စိတ်ဝင်စားသူများကိုသာ ဖိတ်ခေါ်ကျင်းပခဲ့ခြင်းဖြစ်၍ ယခုနှစ်တွင်မူ အများပြည်သူများ ပူးပေါင်းပါဝင်နိုင်ရန် ဖိတ်ခေါ်ကျင်းပခဲ့ခြင်းဖြစ်သည်။ နောင်နှစ်များတွင် ပိုမိုကျယ်ပြန့်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**




**စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စီးမော်ကျေးရွာ၌ မေ ၂၈ ရက် ညနေ ၃ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှစ်လုံးရှိ အမိုးသွပ်၊ ဒိုင်းနှင့် မြားတန်းများ ပျက်စီးခဲ့ရာ မော်လူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ကူညီဆောင်ရွက်နေသည်ကို တွေ့ရစဉ်။**

(ကြေးမုံ)

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)ကော်လံ(၁)တွင် ဖော်ပြပါရှိသည့် **ကမ္ဘာလှည့်နိုင်ငံခြားခရီးသွားများ မကွေးတိုင်းဒေသကြီး မြန်အောင်မြို့သို့ ဝင်ရောက်လေ့လာ**ဟူသော သတင်းခေါင်းစဉ် (အစား) **ကမ္ဘာလှည့်နိုင်ငံခြားခရီးသွားများ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့သို့ ဝင်ရောက်လေ့လာ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်း၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



# နာရေးအိမ်၌ကျွေးသော ထမင်းစားမိ၍ လူ ၁၀၀ ကျော် အစာအဆိပ်သင့်

**ဖြူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းနယ်မြေ ရဲစခန်းအပိုင် အနောက်ဘက် ငါးမိုင်ခန့်အကွာ ရှမ်းမင်းလမ်းကူးကျေးရွာအုပ်စု ရွာကန့်လန့်ကျေးရွာ၌ မေ ၂၉ ရက် နံနက်ပိုင်းက ရွာကန့်လန့်ရွာနေ ဦးသိန်းဝင်း သေဆုံးသဖြင့် ဇနီး ဒေါ်လှမြင့် (၅၂)နှစ်၏ နေအိမ်၌ အသုဘချရန် ပတ်ဝန်းကျင်ရှိ ရွာများသို့ဖိတ်ကြား၍ ရွာ၏ ထုံးတမ်းစဉ်လာအတိုင်း ကျွေးမွေးဧည့်ခံရန် ဝက်သားဟင်း၊ သရက်ချဉ်သုပ်၊ မှိုခြောက် ပန်းခြောက်ကြာဆံဟင်းချို၊ ငါးခြောက်ကြော်တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ရာ အစာအဆိပ်သင့်ခဲ့ကြောင်း သိရသည်။

အဆိုပါနာရေးအိမ်သို့ လာရောက်စားသောက်မိကာ အစာအဆိပ်သင့်ခဲ့သော ရှမ်းမင်းလမ်းကူးဘုန်းတော်ကြီးကျောင်းမှ သံဃာတော် လေးပါး၊ ကိုရင်ခြောက်ပါးနှင့် အမျိုးသား၊ အမျိုးသမီး ၄၄ ဦးခန့်တို့အား ဖြူးဆေးရုံသို့လည်းကောင်း၊ ၁၃ ဦးအား ညောင်ပင်သာ တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ ၄၂ ဦးအား ကညွတ်ကွင်းမြို့ ဆေးရုံသို့လည်းကောင်း အရေးပေါ်ကားများဖြင့် ပို့ဆောင်ပေးခဲ့ရသည်။

ယင်းသို့ အစာအဆိပ်သင့်မှုကြောင့် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲအထိ အသေအပျောက်မရှိသေးကြောင်း သိရသည်။

**(၁၄၀)**

# ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ ဗုဒ္ဓဂယာ

သက်မွန်ဦး

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက သတ္တသတ္တာဟ ခုနစ်ဌာနအပါ အဝင် သံဝေဇနိယလေးဌာနတို့မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် အထင်ကရ အထောက်အထားများ တည်ရှိရာ နေရာများ ဖြစ်သည်။

ယခုအခါ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ မြတ်စွာဘုရားရှင်၏ သံဝေဇနိယ လေးဌာန ပုံစံတူစေတီတော် အဆောက်အအုံများကို မြန်မာနိုင်ငံ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥဒယံသီကုန်းတော်မြတ်တွင် တည်ဆောက်ပြီးစီး၍ နေ့ထူးနေ့မြတ် ကဆုန်လပြည့်နေ့တွင် ခမ်းခမ်းနားနား ဖွင့်လှစ်ကြည်ညိုနိုင်ကြတော့မည် ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် ညီတော်အာနန္ဒာအား "ချစ်သား၊ ရတနာသုံးပါး၌ ကြည်ညိုသဒ္ဓါတရားရှိသော အမျိုးကောင်းသားတို့အတွက် သွားရောက်ဖူးမြော်သံဝေဂယူသင့်သော ဌာနလေးဌာနရှိကုန်၏။ နောင်အခါ သဒ္ဓါတရားရှိသော ရဟန်းယောကျ်ားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာ ဒါယကာ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ သွားလာရောက်ကုန်လတ္တံ့။ ချစ်သား အာနန္ဒာ အကြင်လူတို့သည် ဘုရားဖူးခရီးလှည့်လည်မှုကို ပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ် ပျက်စီးသေလွန်ပြီးနောက် နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့"ဟု ဟောကြားတော်မူခဲ့သည်။

### သံဝေဇနိယလေးဌာန

ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာဖြစ်သော မြတ်စွာဘုရားရှင်၏ ဘဝဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ရာ သံဝေဇနိယ လေးဌာနဆိုသည်မှာ (ဖွား၊ ပွင့်၊ ဟော၊ စံ) ဆိုသည့်အတိုင်း မြတ်စွာဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသော မဟာဗောဓိပလ္လင်တော်၊ ပဉ္စဝဂ္ဂီငါးဦးကို တရားဦး ဓမ္မစကြာ ဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းဥယျာဉ်တော်တို့ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓ၏ အထင်ကရနယ်မြေဖြစ်သော မဇ္ဈိမဒေသရှိ သံဝေဇနိယလေးဌာနကို သမိုင်းမှတ်တမ်းအဖြစ် နှစ်စဉ်နှစ်တိုင်း သွားရောက်ဖူးမြော် ကြည်ညိုလေ့ရှိကြသည်။ မြတ်စွာဘုရားရှင်၏ ဇာတိမြေဖြစ်သော နီပေါသို့ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်အဖြစ် တစ်ခေါက် တစ်ခါ သွားရောက်ဖူးမြော်လိုကြသည်မှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ ပြင်းပြသောစိတ်ဆန္ဒ တစ်ခုပင်ဖြစ်သည်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က သာသနာရေးဆိုင်ရာ အဓိကနေရာများအပြင် ဗုဒ္ဓဘာသာဝင်တို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် သက်သေအထောက်အထားအဖြစ် လေ့လာကြည်ညိုစရာ နေရာဌာနမြတ်ကြီးလည်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအထွန်းကားဆုံး တိုင်းပြည်ဖြစ်သည့်အားလျော်စွာ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကိုယ်စား ရည်မှန်းကာ ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ တော်မြတ်တို့ကို တည်ထားကိုးကွယ်လေ့ရှိကြသည်။ ရှေးမင်းအဆက်ဆက်နှင့် ပြည်သူအပေါင်းက သာသနိကအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း၊ စေတီပုထိုးတော်များ တည်ထားပြီး ခေတ်အဆက်ဆက် ဗုဒ္ဓသာသနာကို ထွန်းကားပြန့်ပွားအောင် ပံ့ပိုးကူညီအားပေးဆောင်ရွက်ခဲ့ကြသည်။ သာသနာ့နွယ်ဝင် ရဟန်းသံဃာတော်များအနေဖြင့်လည်း ပရိယတ္တိ၊ ပဋိပတ္တိတရားများ ပွားများအားထုတ်ကာ မြတ်စွာဘုရားရှင်၏ တရားဓမ္မများကို ပြန့်ပွားထင်ရှားအောင် ဆောင်ရွက်တော်မူခဲ့ကြသည်။



မြတ်စွာဘုရား တရားဦးဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တော။

ယခုအခါ တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာဝင်နိုင်ငံသားအားလုံးအတွက် ဖူးမြော်ကြည်ညိုခွင့်ရနိုင်စေရန် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟ ခုနစ်ဌာနတို့၏ ပုံစံတော်တူကို မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်ကောင်စီ ဥတ္တရသီရိမြို့နယ်တွင် သတ္တသတ္တာဟ ခုနစ်ဌာနတို့ကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့က စတင်တည်ထားတော်မူခဲ့ပြီး ၂၀၁၃ ခုနှစ် မေလ ၂၄ ရက်တွင် အောင်မြင်ပြီးမြောက်ခဲ့သည်။

### သတ္တသတ္တာဟ ခုနစ်ဌာနနှင့် ဘုရားဖြစ်စဉ်အကျဉ်း

သတ္တသတ္တာဟ ခုနစ်ဌာနဆိုသည်မှာ အပရာဇိတပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒာ ကျည်းပင်အိုင်နှင့် လင်းလွန်းပင်တို့ ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဘီစီ ၆၂၃ (မဟာသက္ကရာဇ် ၆၈ ခု) ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်တော်မူပြီး သက်တော် (၂၉)နှစ်အရွယ်တွင် နိမိတ်ကြီးလေးပါးမြင်ကာ သံဝေဂရရှိပြီးနောက် တောထွက်တော်မူခဲ့သည်။ ဒုက္ကရစရိယာကို ခြောက်နှစ်ကြာကျင့်ခဲ့ပြီးနောက် မဇ္ဈိမပဋိပဒါမဂ္ဂင်ရှစ်ပါးလမ်းစဉ်ဖြင့် သစ္စာလေးပါးကို သိမြင်တော်မူပြီး အတုမရှိ ဗုဒ္ဓမြတ်စွာအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

မိဂဒါဝုန်တောတွင် ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဓမ္မစကြာ ဟောတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် ၄၅ ဝါ ကာလပတ်လုံး လူ၊ နတ်၊ သတ္တဝါအပေါင်းတို့အား တရားဒေသနာများ မနားမနေ ဟောဖော်ညွှန်ပြပြီး သက္ကရာဇ် ၁၄၈ခု၊ (ကဆုန်လပြည့်) အင်္ဂါနေ့ သက်တော်(၈၀) အရွယ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ပိဋကတ် သုံးပုံတရားတော်များ၏ အနှစ်ချုပ်အနေဖြင့် "အပ္ပမာဒေန သမ္ပာဒေထ"ဟူ၍ နောက်ဆုံးဩဝါဒ မြွက်ကြားတော်မူခဲ့သည်။

### ဖွား

မြတ်စွာဘုရားရှင် ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်သည် ကပိလဝတ် ပြည်နှင့် ဒေဝဒဟပြည်အကြား သက္ကတိုင်း (ယခုနီပေါ) နိုင်ငံအတွင်းတွင် တည်ရှိသည်။ နေပြည်တော်ရှိ သံဝေဇနိယ ဖွားတော်မူရာ ပုံစံတူကို ဥတ္တရသီရိမြို့နယ်၌ တည်ထားပူဇော်ခဲ့သည်။

### ပွင့်

မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည့် မဟာဗောဓိပလ္လင်တော်သည် မာဂဓတိုင်း သေနာနိဂုံး နေရဥ္စရာမြစ်ရှိရာ ဥရုဝေလတော (အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာဒေသအတွင်း) တည်ရှိသည်။

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူပြီး ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ခုနစ်ရက်ပတ်လုံး အပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကိုခံစားတော်မူသည့် အထိမ်းအမှတ်မှာ ပထမသတ္တာဟဖြစ်သည်။

အပရာဇိတပလ္လင်တော်၏ အရှေ့မြောက် ထောင့်အရပ် ၈၄ လံအကွာတွင် ရပ်တော်မူ၍ သဗ္ဗညုတဉာဏ်ရတော်မူရာ ပလ္လင်တော်နှင့် မဟာဗောဓိပင်ကို မျက်လုံးတော်မမှိတ်ဘဲ မတ်တတ်ရပ်သီတင်းသုံး၍ ကြည့်ရှုတော်မူသည့်နေရာသည် ဒုတိယသတ္တာဟဖြစ်သည်။ တတိယသတ္တာဟသည် လူ၊ နတ်၊ ပြဟ္မာတို့၏ ဘုရားဖြစ်ခြင်းအပေါ် ယုံမှားသံသယဖြစ်ခြင်းကို ဘုရားရှင် သိတော်မူ၍ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီး အပရာဇိတ ပလ္လင်တော်နှင့် အနိမိသသတ္တာဟအကြား နတ်ပြဟ္မာတို့ဖန်ဆင်းထားသည့် အရှေ့၊ အနောက်၊ တောင်၊ မြောက် အလျား ၆၀ ရှိသော ရတနာစင်္ကြံတော်တွင် လူးလာခေါက်တုံ့စင်္ကြံလျှောက်သည့် နေရာဖြစ်သည်။

မဟာဗောဓိပင်၏ အနောက်မြောက်အရပ်တွင် နတ်ပြဟ္မာတို့ ဖန်ဆင်းထားသည့် ရတနာ ရွှေအိမ်တော်တွင် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူစဉ် ပဋ္ဌာန်းကျမ်းတော်ကြီး သုံးသပ်ဆင်ခြင်သည့်အခါ အသွေးအသားတော်များ ပိုမိုကြည်လင်လာပြီး ရောင်ခြည်တော်ခြောက်သွယ် ပေါ်ထွက်ကွန့်မြူးလာသည့် နေရာမှာ စတုတ္ထသတ္တာဟဖြစ်သည်။

မဟာဗောဓိပင်၏ အရှေ့ဘက်အရပ် ၃၂ လံ အလျားရှိသော အဇပါလညောင်ပင်ရင်းတွင် သီတင်းသုံးတော်မူသည့်အခါ ဟုံဟုက်ပုဏ္ဏားနှင့် မာရ်နတ်မင်း၏သမီးတော်သုံးပါးကို တရားဟောခဲ့သည့်အထိမ်းအမှတ်မှာ ပဉ္စမသတ္တာဟဖြစ်သည်။ ဆဋ္ဌမသတ္တာဟမှာ ဗောဓိပင်၏ အရှေ့တောင်အရပ် ၅၁ လံခန့် အကွာတွင်ရှိသည့် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်းတွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူစဉ် အချိန်အခါမဲ့ မိုးကြီးရွာသဖြင့် မုစလိန္ဒာ နဂါးမင်းက ဘုရားရှင်အား အခွေခုနစ်ထပ် ရစ်ပတ်ကာရံပြီး ဦးခေါင်းတော်ထက်၌ ပါးပြင်းဖြင့် ဖြန့်ကြက်အုပ်မိုးပေးသည့် မုစလိန္ဒသတ္တာဟဖြစ်သည်။

သတ္တမသတ္တာဟသည် ရာဇာယတနသတ္တာဟဖြစ်ပြီး မဟာဗောဓိပင်၏ တောင်ဘက်အရပ် အလံ ၄၀ အကွာတွင် ရှိသည့် လင်းလွန်းပင်ရင်းတွင် အရဟတ္တဖိုလ်ချမ်းသာကို ခံစားပြီး သီတင်းသုံးတော်မူသည့် အထိမ်းအမှတ်ဖြစ်သည်။

သတ္တသတ္တာဟ ခုနစ်နေရာတည်ဆောက်ရာတွင် မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟ ခုနစ်ဌာနတို့ကို ဗုဒ္ဓဂယာ၌ တည်ရှိသည့် ပုံစံအတိုင်း ထောင့်အရပ်တူ၊ အကွာအဝေးတူ၊ ပုံစံတူတည်ဆောက်ခြင်းဖြစ်ပြီး အလားတူစေတီတော်ကို တည်ထားရာတွင် ပိဋကတ်တော် ကျမ်းဂန်လာ အစဉ်အလာများဖြင့် တည်ထားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သတ္တသတ္တာဟခုနစ်ဌာနကို တည်ထားကိုးကွယ်နိုင်ရန်အတွက် မြန်မာပညာရှင်များကို ဗုဒ္ဓဂယာသို့ သီးခြားစေလွှတ်၍ အသေးစိတ်အချက်အလက်များကို မှတ်သားစေခဲ့ပြီး မြန်မာမှုနှင့်လျော်ညီသည့် အနုစိတ်လက်ရာများအဖြစ် ပြောင်းလဲပူဇော် တည်ဆောက်ထားခြင်းဖြစ်သည်။

### ဟော

ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဓမ္မစကြာ ဟောတော်မူရာ ဣသိပတနမိဂဒါဝုန်တောသည် ကာသိတိုင်း ဗာရာဏသီပြည် ဆာရာနတ်ပြည်နယ်တွင် တည်ရှိသည်။ တရားရတနာနှင့် သံဃာရတနာစတင် ပေါ်ထွန်းရာ မိဂဒါဝုန်ဌာနရှိ ဓမ္မရာဇိကစေတီ နေရာသည် ဓမ္မစကြာသုတ်တော် ဟောကြားတော်မူသည့် နေရာဖြစ်သည်။ ဓမ္မေခစေတီ တော်ကြီးသည် ဗုဒ္ဓဓမ္မမော်ကွန်းစေတီတော် ကြီးဖြစ်ပြီး အနတ္တလက္ခဏသုတ်တော် ဟောကြားရာဌာန၊ အရိမေတ္တေယျဘုရားအလောင်းတော်အား ဗျာဒိတ်ပေးရာနေရာလည်းဖြစ်သည်။

သံဝေဇနိယပုံစံတူ ဓမ္မရာဇိက စေတီတော် တည်ဆောက်ရာတွင် မူရင်းစေတီတော်၏ အုတ်ချပ်အရွယ်အစားအတိုင်း ပြုလုပ်တည်ဆောက်ထားသည်ကို တွေ့ရသည်။ ဓမ္မေခ စေတီတော်ကို တည်ဆောက်ရာတွင် အိန္ဒိယနိုင်ငံရှိ စေတီတော်ကို အပိတ်တည်ဆောက်ထားသော်လည်း မြန်မာနိုင်ငံတွင် အတွင်းလိုဏ်ဂူဖြင့် ထည့်သွင်းတည်ဆောက်ထားပြီး လိုဏ်ဂူတော်အတွင်း၌ ပဉ္စဝဂ္ဂီငါးပါးနှင့် မြတ်စွာဘုရား ရုပ်ပွားတော် တို့ကို စကျင်ကျောက်ဖြင့် ထုလုပ်ပူဇော်ထားသည်။

### စံ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ အင်ကြင်းဥယျာဉ်သည် မလ္လတိုင်း ကုသိနာရုံပြည် ပဒရောတ်နာမြို့တွင်တည်ရှိသည်။ သံဝေဇနိယ လျောင်းတော်မူ ကျောင်းဆောင်နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူပုံ ရုပ်ပွားတော် ပုံစံတူကို နေပြည်တော်တွင် တည်ထားပြီး မူလပုံစံတော်မှာ ရွှံ့စေးဖြင့် သွန်းလုပ်ထားသော်လည်း မြန်မာနိုင်ငံတွင် စကျင်ကျောက်ဖြင့် သွန်းလုပ်ပူဇော်ထားသည်။ ပရိနိဗ္ဗာန်စေတီတော်ကိုလည်း မူရင်းစေတီတော်နှင့် အနီးစပ်ဆုံးတူအောင် ပူဇော်တည်ဆောက်ထားရှိသည်။

သံဝေဇနိယ လေးဌာနတို့တွင် အသောကကျောက်စာတိုင်များကိုလည်း စိုက်ထူထားကြောင်း တွေ့ရသည်။ သံဝေဇနိယလေးဌာနတွင် ပါဝင်သည့် ပွင့်တော်မူရာ မဟာဗောဓိစေတီတော်မြတ်ကြီးနှင့် သတ္တသတ္တာဟခုနစ်ဌာနတို့ကို ပထမဦးစွာ တည်ဆောက်ထားပြီး ကျန်ရှိနေသည့် ဖွားတော်မူရာ၊ တရားဦးဟောတော်မူရာနှင့် ပရိနိဗ္ဗာန်စံတော်မူရာ နေရာတို့ကို ဆက်လက်တည်ဆောက်ပူဇော်ထားရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ ကဆုန်လပြည့်နေ့တွင် အခမ်းအနားများဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

မြန်မာ့မြေပေါ်တွင် ဗုဒ္ဓနှင့် ဆက်စပ်သော သာသနိကအဆောက်အအုံများကို မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်များ အချိန်တိုအတွင်း ငွေကုန်ကြေးကျသက်သာစွာဖြင့် လွယ်လင့်တကူ ဖူးမြော်ကြည်ညိုနိုင်စေရန်၊ မြတ်စွာဘုရားရှင်အဆူဆူတို့ ပွင့်တော်မူရာဌာနထူးဖြစ်သည့် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာ ပုံစံတူကို အများပြည်သူ သံဝေဂယူ ကုသိုလ်ပွားများနိုင်စေရန်၊ မြန်မာနိုင်ငံတွင် ဗုဒ္ဓ၏ ထူးမြတ်ဌာန သံဝေဇနိယများ တည်ရှိနိုင်စေရန်နှင့် ဗုဒ္ဓသာသနာတော်ကြီးကို ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ထွန်းကားပြန့်ပွားစေရန် နေပြည်တော်ရှိ ဥတ္တရသီရိမြို့နယ် ဥဒယံသီကုန်းတော်မြတ်တွင် ပုံစံတူလေးဌာနကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများအနေဖြင့် သေလွန်သောအခါ နတ်ရွာသုဂတိသို့ရောက်ရှိရန် သံဝေဇနိယ လေးဌာနကို မရောက်မဖြစ် ဖူးမြော်ကြည်ညိုလေ့ရှိကြသည်။ ယခင်ကရေခြားမြေခြားသို့ သွားရောက်ရန် အခက်အခဲရှိသူများအနေဖြင့် မိမိတို့ဒေသမှပင် စိတ်မှန်းဖြင့် ဖူးမြော်ခဲ့ကြရသော်လည်း ယခုအခါတွင် ကိုယ့်မြေကိုယ့်ရေကိုယ့်ဌာနတွင်ပင် ပုံစံတူစေတီပုထိုးများကို ဖူးမြော်ကြည်ညိုနိုင်သဖြင့် ရဟန်းရှင်လူပြည်သူများအတွက် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးများ ရရှိနိုင်မည်ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားရှင်ဖွားတော်မူသောနေ့၊ ဘုရားအဖြစ်ရောက်ရှိတော်မူသည့်နေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့များအဖြစ် ထူးကဲစွာဖြစ်တည်ခဲ့သော နေ့ထူး၊ နေ့မြတ်၊ နေ့မဟာဖြစ်ရာ ထို "ဗုဒ္ဓနေ့"တွင် မြန်မာမြေပေါ်၌ သံဝေဇနိယလေးဌာနကို ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာတို့၏ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုနှင့်ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားပြန့်ပွားမှုကို ပုံဖော်နိုင်ခြင်းပင်ဖြစ်ပေသည်။ ။

# အမေရိကန်ပြည်ထောင်စုက မြန်မာလူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများ နှစ်စဉ်ခေါ်ယူပို့ချလျက်ရှိ

**ရန်ကုန် ဧပြီ ၂၉**

တတိယအကြိမ် မြန်မာလူငယ်ခေါင်းဆောင်မှု အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ ကျောင်းသား ကျောင်းသူ ၁၇ ဦးနှင့် ဆရာ ဆရာမ သုံးဦးတို့သည် အမေရိကန်ပြည်ထောင်စု၌ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၂၈ ရက်အထိ လေးပတ်ကြာ ခေါင်းဆောင်မှုဆိုင်ရာ သင်ခန်းစာများကို စာတွေ့လက်တွေ့လေ့လာသင်ယူခွင့် ရရှိခဲ့ကြောင်း ရန်ကုန်မြို့ အမေရိကန်သံရုံးမှ သိရသည်။

အဆိုပါ မြန်မာလူငယ်ခေါင်းဆောင်မှုအစီအစဉ်နှင့် အရှေ့တောင်အာရှလူငယ်ခေါင်းဆောင်မှု အစီအစဉ် (South East Asia Youth Leadership Program - SEAYLP) တွင် ၂၀၁၅ခုနှစ်၌ လေ့လာသင်ယူခွင့်ရရှိခဲ့ကြသူများ၏တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အစီအစဉ်များသို့ အတန်းပညာထူးချွန်ပြီး လူမှုအထောက်အကူပြုလုပ်ငန်းများတွင် စိတ်ပါဝင်စားသူ၊ ပရဟိတ အကျိုးဆောင်လုပ်ငန်းများကို လုပ်ဆောင်နေသူ၊ အင်္ဂလိပ်စာအရည်အသွေး ကောင်းမွန်ပြီး ဆက်သွယ်ပြောဆိုနိုင်သူစသည့် အခြေခံအချက်များကို အဓိကထား ရွေးချယ်ကြောင်း သိရသည်။

အုပ်ချုပ်သူအဖြစ် လိုက်ပါမည့် ဆရာ ဆရာမများကို ရွေးချယ်ရာတွင် သင်ကြားရေးအပိုင်း၌ လက်တွေ့သင်ကြားနေသည့် ဆရာဆရာမများ၊ လူငယ်များနှင့်ပူးတွဲပြီး စီမံကိန်းများ လုပ်ဆောင်နေသူများကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာလူငယ်ခေါင်းဆောင်မှုအစီအစဉ်ကို ၂၀၁၂ ခုနှစ်တွင် ကျောင်းသားကျောင်းသူ ၁၅ ဦးနှင့် အုပ်ချုပ်သူဆရာ ဆရာမ သုံးဦးတို့ကို ရွေးချယ်ကာ စတင်ခဲ့ခြင်းဖြစ်သည်။ မူလအစီအစဉ်အရ နှစ်နှစ်တစ်ကြိမ် ရွေးချယ်စေလွှတ်ရန်သတ်မှတ်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်၌ ကျောင်းသား ကျောင်းသူ ၁၈ ဦးနှင့် ဆရာ ဆရာမ နှစ်ဦး စုစုပေါင်း ၂၀ ကို စေလွှတ်ခဲ့ပြီးနောက်တွင် အစီအစဉ် အောင်မြင်ခြင်း၊ ကျောင်းသား ကျောင်းသူများ၏ ခေါင်းဆောင်မှုစွမ်းရည် တိုးတက်လာသည်ကိုတွေ့ရှိရခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်မှ စတင်ကာ နှစ်စဉ်စေလွှတ်ရန် ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။ မြန်မာလူငယ်ခေါင်းဆောင်မှု သင်တန်းသို့ ပထမအကြိမ်မှတတိယအကြိမ်အထိ မြန်မာနိုင်ငံမှအုပ်ချုပ်သူ အပါအဝင် လူငယ် ၅၈ ဦးတို့က အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ပြီး သင်တန်းတက်ရောက်ခဲ့ကြသည်။

ထို့အပြင် ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ ၂၆ ရက်အထိ အမေရိကန်ပြည်ထောင်စု၌ပြုလုပ်သည့် အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်မှု အစီအစဉ် (South East Asia Youth Leadership Program - SEAYLP) သို့ အသက်(၁၅)နှစ်မှ (၁၇)နှစ်အရွယ်ရှိ မြန်မာကျောင်းသား ကျောင်းသူ ငါးဦးနှင့် အုပ်ချုပ်သူ ဆရာတစ်ဦးတို့ ပါဝင်ခွင့်ရရှိခဲ့သည်။

ရန်ကုန်မြို့ အမေရိကန်သံရုံး Cultural Affairs ဌာနမှ တာဝန်ရှိသူတစ်ဦးက"SEAYLPဆိုရင် အရှေ့တောင် အာရှမှာရှိနေတဲ့ ကျောင်းသား ကျောင်းသူတွေကို စေလွှတ်တာဖြစ်တဲ့အတွက် အခြားသော အရှေ့တောင်အာရှ နိုင်ငံတွေက ကျောင်းသား ကျောင်းသူတွေနဲ့လည်း တွေ့ဆုံခွင့်ရမယ်။ အမေရိကန် ပြည်ထောင်စုမှာရှိတဲ့ တက္ကသိုလ်တွေနဲ့ ဝါရှင်တန်ဒီစီမြို့တော်ကို သွားရပါတယ်။ သင်တန်းတက်ရုံသာမကပဲ သူတို့ရဲ့ ခေါင်းဆောင်မှု အရည်အသွေးတွေ တိုးတက်လာအောင်လည်း သင်ပေးပါတယ်။ နောက် မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ ချစ်ကြည်ရေးအစီအစဉ်ဖြစ်တဲ့အတွက်ကြောင့် နှစ်နိုင်ငံအကြောင်းအရာတွေကို ပိုပြီးတော့ သိလာအောင် သင်ကြားပေးတယ်။ ဒါ့အပြင် အမေရိကန်ယဉ်ကျေးမှုကို သိရှိနိုင်အောင် Home Stay အစီစဉ်တွေ ပါရှိတယ်။ မြန်မာပြည်ကို ပြန်ရောက်ရှိတဲ့အခါမှာ Follow up Project လို့ ခေါ်တဲ့ Group Activity တစ်ခုကို လုပ်ရပါတယ်။ ဟိုမှာရှိနေစဉ်ကတည်းက အဲဒီ project အတွက် စဉ်းစားလာပါတယ်။ မြန်မာနိုင်ငံ ပြန်ရောက်တဲ့အခါမှာ ဒီ project ကို အကောင်ထည်ဖော်ပါတယ်"ဟု ပြောကြားသည်။

လာမည့်နှစ်အတွက် မြန်မာလူငယ်ခေါင်းဆောင်မှုအစီအစဉ် (Burma Youth Leadership Program - BYLP)နှင့် အရှေ့တောင်အာရှလူငယ်ခေါင်းဆောင်မှု အစီအစဉ် (South East Asia Youth Leadership Program - SEAYLP) လျှောက်လွှာများကို မကြာမီလများအတွင်း ခေါ်ယူသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ လူငယ်များသည် အမေရိကန်သံရုံး၏ ဝက်ဘ်ဆိုက်၊ ဖေ့ဘွတ်စာမျက်နှာ၊ ရန်ကုန်မြို့ အမေရိကန်စင်တာနှင့် မန္တလေးမြို့ရှိ ဂျက်ဖာစင်စင်တာများ၌ လျှောက်လွှာများကို ရယူပြီး ရန်ကုန်မြို့ အမေရိကန်သံရုံးနှင့် RangoonUSECA@state.gov တို့သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း ၀၁ ၅၀၃၁၁၅၊ ၀၁ ၅၀၅၁၁၄၊ ၀၁ ၅၀၅၁၁၅၊ လိုင်းခွဲနံပတ် ၄၅၄၇ နှင့် ၄၃၆၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် မြန်မာလူငယ်များအတွက် ခေါင်းဆောင်မှု သင်တန်းအစီအစဉ်များ သာမက ပညာရှင်များ Hubert H. Humphrey Fellowship Program၊ Fullbright Master's Degree Program နှင့် Fullbright Foreign Language Teaching Assistant ပညာသင်ဆုများပါ ပေးအပ်လျက်ရှိကြောင်း သိရသည်။

သတင်း-မြတ်သန္တာမောင်
ဓာတ်ပုံ-အငယ်လေး



ရန်ကုန်မြို့ အမေရိကန်သံရုံးမှ Deputy Chief of Mission Virginia Murray နှင့် လူငယ်အစီစဉ်တွင် ပါဝင်ခဲ့သူများ တွေ့ဆုံစဉ်။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ဌာန |
|---|---|
| (က) ဦးဇော်ဟိန်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အားကစားဝန်ကြီးဌာန |
| (ခ) ဦးရည်မွန်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဟိုတယ်နှင့်ခရီးသွားလာရေး<br>လုပ်ငန်း<br>ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးခင်မောင်တင့် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အထည်အလိပ်လုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ခ) ဦးသန့်စင် | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်<br>စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |
| (ဂ) ဒေါ်နိုင်သက်ဦး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |




### အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၉**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မကွေးမြို့နှင့်အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ချောင်းဆုံမြို့တွင် သုည ဒသမ ၄၇လက်မ၊ မိုင်းဆတ်မြို့တွင် သုည ဒသမ ၄၃ လက်မနှင့် ထီးလင်းမြို့တွင် သုည ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

### ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်

**ပေါင်းတလည် ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတလည်မြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပေါင်းတလည် အနောက်ပိုင်းရပ်ကွက်တွင် ရှည်လျားဆားဗစ်ကြိုးများ ရှင်းလင်းရန် ၄၀၀ ဗို့ ဓာတ်အားလိုင်းနှစ်ခန်းတိုးချဲ့တည်ဆောက်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုချက်ဖြင့် ပေါင်းတလည်မြို့ လျှပ်စစ်မှူး ဦးမြင့်ဝေ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်၍ အိမ်ခြေ ၂၀ ခန့် ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ဆားဗစ်ကြိုးများ ပြုတ်ကျသည့် အန္တရာယ်မှ ကင်းဝေးပြီး ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေခြင်းနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်း၍ ဗို့အားပြည့်ဝစွာသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွဋ်အောင်လွင်(ပြည်)**

နိုင်ငံကြီးသား ပီသစွာ
အခွန်ထမ်းဆောင်တာ
စားသုံးပြီးက ပြေစာဖြတ်
အခွန်ပါပြီးမှတ်

# ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးမစ္စတာ လီကျိဟန်နှင့် တွေ့ဆုံ

**ကူမင်း မေ ၂၉**

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာန ဒုတိယဝန်ကြီး Mr. Chen Fengxiang၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မဒမ် ကျိုးဟုန်တို့နှင့်အတူ မေ ၂၈ ရက် နံနက်ပိုင်းတွင် ချိန်ကုန့်မြို့သစ်ရှိ လူမှုဝန်ထမ်းနှင့် အလုပ်အကိုင်ရှာဖွေရေးဌာနသို့သွားရောက် ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ ယဉ်ကျေးမှုပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် CHENNONG စိုက်ပျိုးရေးလုပ်ငန်းစုသို့ရောက်ရှိရာ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ မစ္စတာလီယွင်စစ်က စိုက်ပျိုးသီးနှံများထုတ်လုပ်ဖြန့်ဖြူးတင်ပို့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးကိုယ်စားလှယ်အဖွဲ့သည် CHENNONG စိုက်ပျိုးရေးလုပ်ငန်းစု၏ ဇီဝနည်းပညာစိုက်ပျိုးရေးပြခန်းအား လှည့်လည်ကြည့်ရှုလေ့လာသည်။ ထို့နောက် ယူနန်တိုင်းရင်းသားကျေးရွာကို သွားရောက်ကြည့်ရှုလေ့လာပြီး မူဆိုးတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကသည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ လီကျိဟန်နှင့်ဒေသစံတော်ချိန် ည ၆ နာရီခွဲတွင် ကူမင်းမြို့ရှိ ခေတ္တတည်းခိုသည့် KAIWAH PLAZA ဟိုတယ်၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲအပြီးတွင် ကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာ လီကျိဟန်က ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



# SRT(1) ယာဉ်လိုင်းအား ယာဉ်နောက်လိုက် (စပယ်ယာ) စနစ်အစား ယာဉ်အကူ(ဝန်ဆောင်မှု)စနစ်ဖြင့် စတင်ပြေးဆွဲမည်

**ရန်ကုန် မေ ၂၉**

ကုန်းလမ်းပို့ဆောင်ရေးနှင့်ပုဂ္ဂလိကကုမ္ပဏီတို့ ပူးပေါင်းဖွဲ့စည်းထားသည့် စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှာ ယာဉ်နောက်လိုက်(စပယ်ယာ)စနစ်အစားယာဉ်အကူ(ဝန်ဆောင်မှု)စနစ်ကိုအသုံးပြုသွားမည်ဖြစ်သော i Pay ကတ်စနစ်သုံး ကိုရီးယားနိုင်ငံထုတ် ဟွန်ဒိုင်း Aero CityBus အဆင့်မြင့် SRT (1) ယာဉ်လိုင်းအား မေ ၃ ရက်တွင် စတင်ပြေးဆွဲတော့မည်ဖြစ်သည်။

အဆိုပါ အဆင့်မြင့် SRT (1) ယာဉ် ၂၅ စီးအား နိုင်ငံတကာအဆင့်မီ ပြင်ဆင်ထားရှိပြီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာလိုက်ပါစီးနင်းနိုင်ရေးအတွက် ယာဉ်အတွင်း ခရီးသည် ၅၀ အထိသာ တင်ဆောင်ပြေးဆွဲခြင်း၊ ယာဉ်စီးနင်းခအား i Pay ကတ် သီးသန့်ပေးချေရသည့်စနစ်အားကျင့်သုံးဆောင်ရွက်ခြင်း၊ လေအေးပေးစက်ဖွင့်၍မောင်းနှင်ခြင်း၊ ယာဉ်တံခါးပေါက်ရှေ့ပေါက်မှတက်စေကာ ယာဉ်နောက်ပေါက်မှဆင်းသည့်စနစ်ကျင့်သုံးဆောင်ရွက်ထားခြင်းနှင့်ယာဉ်အကူ(ဝန်ဆောင်မှု)စနစ်အား အမျိုးသား အမျိုးသမီးတို့ဖြင့်စီစဉ်ဆောင်ရွက်ထားသည်။

ပြေးဆွဲသွားမည့်ခရီးစဉ်အရ ခပ(၈)ဝင်း(ဗိုလ်တထောင်)-ဗိုလ်တထောင်ဘုရား-ဆူးလေ-ရန်ကုန်ဘူတာကြီး-ရွှေဂုံတိုင်-ကမ္ဘာအေးဘုရား-နဝဒေး-မြောက်ဥက္ကလာအဝိုင်း-အောင်မင်္ဂလာ(အဝေးပြေးဂိတ်)အတိုင်းပြေးဆွဲပေးသွားမည်ဖြစ်ပြီးဂိတ်စဆုံးမှတ်တိုင် ၃၆ မှတ်တိုင် ရှိနေကြောင်းသိရကာ သတ်မှတ်လမ်းအလိုက် ယာဉ်စီးခသတ်မှတ်နှုန်းထားအား State 1 (ခရီးစဉ်ဖြတ်ပိုင်းတစ်ခုလျှင်)ငွေကျပ် ၅၀ သတ်မှတ်ထားရှိသည်။

စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ပို့ဆောင်ရေးဆိုင်ရာတာဝန်ခံအထွေထွေမန်နေဂျာဦးစန်းထွန်းက “ကျွန်တော်တို့ပြေးဆွဲသွားမယ့် SRT (1) ယာဉ်လိုင်းအတွက်ကို မှတ်တိုင် ၃၄ တိုင်ရဲ့ နေရာ ၁၂ နေရာမှာခရီးသွားပြည်သူတွေအတွက် i Pay ကတ် ရောင်းချပေးမယ့်ဝန်ဆောင်မှုလုပ်ငန်းကိုလုပ်ဆောင်ပေးသွားမှာဖြစ်သလို ခရီးသည်တင်ယာဉ်တွေပေါ်မှာလည်းရောင်းချဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နောက်တခုကခရီးသည်တွေကလည်းယာဉ်ရဲ့ရှေ့ကတက်ပြီးနောက်ကဆင်းရမှာပါ။ ခရီးစဉ်အတွက်လက်မှတ်ခဖြတ်ပိုင်းကလည်း State 1 မှ State 5 ထိသတ်မှတ်ထားတဲ့အတွက်ခရီးသည်ကသူကျသင့်သလောက် result ကိုတွေ့ရမှာပါ၊ ယာဉ်အကူတစ်ဦးလည်းထားရှိပါ့မယ်။ ငွေသားထည့်ဖို့ ပြောဖို့ကလည်းအခက်အခဲရှိပါတယ်။ ပြန်အမ်းရမှာနဲ့ငွေလဲရမှာအခက်အခဲရှိလို့ပါ။ ငွေသားထည့်တဲ့ ငွေပေးချေပုံးကိုလည်းမဖြုတ်ပါဘူး။ ဒီအတိုင်းထားမှာပါ”ဟုပြောသည်။

အဆင့်မြင့် SRT (1)ယာဉ်အတွင်းစီစီတီဗွီ ကင်မရာ ခုနစ်လုံးအား တပ်ဆင်ထားရှိမည်ဖြစ်ပြီး ယာဉ်အတွင်းရှိ ခရီးသည်များလုံခြုံရေးအတွက် အတွင်းမြင်ကွင်း သုံးလုံး၊ယာဉ်မောင်း မြင်နိုင်သည့်နေရာတွင် တစ်လုံး၊ ယာဉ်ဘေးတစ်ဖက်တစ်ချက်ဝဲ၊ ယာတွင် နှစ်လုံး၊ယာဉ်နောက်မြင်ကွင်းတွင် တစ်လုံးတပ်ဆင်ထားသည်။ GPS စနစ်တပ်ဆင်ထားမည်ဖြစ်ပြီး ယာဉ်သွားလာမှုမှတ်တမ်းတင်ထားခြင်း၊ယာဉ်မောင်းနှင့်ယာဉ်အကူအားဆက်သွယ်နိုင်ခြင်း၊ ယာဉ်ပြေးဆွဲမှုမိုင်နှုန်းအားကြည့်နိုင်ခြင်းဖြင့် Central Control မှထိန်းချုပ်သွားမည်ဖြစ်သည်။

“စီစီတီဗွီကို အင်တာနက်နဲ့ချိတ်ဆက်ပြီးဆောင်ရွက်လိုက်တာပါ။ စီစီတီဗွီမှတ်တမ်းက ၁၄ ရက်ထိရှိနေမှာဖြစ်ပါတယ်။ ၁၄ ရက်ကျော်ရင်တော့သူ့ဟာသူ Auto ဖြတ်သွားပါလိမ့်မယ်။ အိမ်တွေ၊ ဆိုင်တွေမှာသုံးတဲ့စီစီတီဗွီအတိုင်းပါဘဲ။ ဒါကို GPS နဲ့တယ်လီဖုန်းကတ်ကိုချိတ်ပြီး တပ်ဆင်လိုက်တာပါ။ ဒါကြောင့် ယာဉ်ပြေးဆွဲနေမှုကို Central Control ကနေ ITS စနစ်နဲ့ အွန်လိုင်းတိုက်ရိုက်ကြည့်လို့ရတာပါ”ဟု ပြောသည်။

ခရီးသွားပြည်သူများအဆင်ပြေစေရေးအတွက် တစ်ရက်ကို အသွား/အပြန်(တစ်ခေါက်)နှုန်းဖြင့်နေ့စဉ် သုံးခေါက်ပြေးဆွဲသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းခရီးသည်ပို့ဆောင်ရေးဘတ်စ်ပြေးဆွဲခြင်းလုပ်ငန်းနှင့် သင်တန်းကျောင်းသုံးအငှားယာဉ်တည်ထောင်ခြင်းလုပ်ငန်းများအား စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှသိရသည်။

**(စိုးဝင်း-MLA)**

# ပြည်ထောင်စုလွှတ်တော်နာယကက သူရဦးရွှေမန်းနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၉**

ပြည်ထောင်စုလွှတ်တော် နာယကပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် မေ ၂၉ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟိုလန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။



ပြည်ထောင်စု လွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးသာ၊ သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ဦးတီခွန်မြတ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

## ○ AFC Cup မှ

ရေဝတီအသင်းမှာ ပွဲပယ်ခံထားရသည့် ဟိန်းသီဟဇော်မှ လွဲ၍ လူစုံပါဝင်ခဲ့ပြီး ပွဲအစ ရှစ်မိနစ်မှာပင် ဖွန်ဆီကာ က ဦးဆောင်ဂိုးစတင်သွင်းယူခဲ့သည်။ ရေဝတီအသင်းမှာ အိမ်ကွင်း၌ ကစားရသည့်အပြင် ဦးဆောင်ဂိုးရထားသော်လည်း ပွဲကို ထိန်းကစားနိုင်ခြင်းမရှိခဲ့ပေ။ လာအိုအသင်းမှာ အကောင်းဆုံးပုံစံဖြင့် ရေဝတီဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ၂၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဖက်ထာနာက ချေပဂိုး ပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင်လည်း လာအို FC ကသာ ဖိကစားနိုင်ခဲ့ပြီး ၄၂ မိနစ်တွင် ဖရီးကစ်မှတစ်ဆင့် မိုင်တီးက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် ရေဝတီအသင်း ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့ပြီး ၆၃ မိနစ်တွင် ချစ်စမ်းမောင် အထုတ်ခံခဲ့ရ၍ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ၆၉ မိနစ်တွင် ရစ္စတီက ပင်နယ်တီမှတစ်ဆင့် ရေဝတီအတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း တစ်ယောက်အသာရနေသည့် လာအို FC က ၇၃ မိနစ်တွင် ခါဇူက တတိယဂိုး သွင်းယူပေးခဲ့သည်။

တစ်ယောက်လျော့ တစ်ဂိုးရှုံးနေသည့် ရေဝတီအသင်းမှာ စိတ်ဓာတ်မကျဘဲ ပြန်ဖိကစားလာခဲ့ပြီး ၇၉ မိနစ်တွင် ရစ္စတီက ချေပဂိုး ပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ရေဝတီအသင်း ကစားပုံကောင်းလာပြီး ၈၅ မိနစ်တွင် ဖွန်ဆီကာက အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

အုပ်စု (H) တွင် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဘန်ဒေါင်း (အင်ဒိုနီးရှား)က ၁၁ မှတ်၊ ရေဝတီအသင်းက ကိုးမှတ်တို့ ရရှိကာ ရှုံး/ထွက် အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

## ❂ ငါးဈေးနှုန်းများမှ

ရာသီကာလရောက်ရှိတော့မည်ဖြစ်သည့်အတွက်လည်း ရာသီအခြေအနေအရ ငါးရံ့၊ ငါးခူ၊ ငါးကျည်းစသော သဘာဝငါးများ ယခင်ကထက်ဈေးအနည်းငယ် မြင့်တက်လာခြင်းဖြစ်သည်။

ယခုလို သဘာဝငါးများ ဝင်ရောက်မှုနည်းချိန်တွင် မွေးမြူရေးငါးများကို အားထားစားသုံးလာရပြီး ဈေးကွက်ဝယ်လိုအား လိုအပ်ချက်ကို ငါးမွေးမြူရေးလုပ်ငန်းများက ဈေးကွက်အတွင်း အလျဉ်မီစေရန် ထုတ်လုပ်တင်ပို့လာလျက်ရှိသည်။ “သဘာဝငါးရှားချိန်မှာ မွေးမြူရေးငါးကို ဈေးကွက်ထဲလိုသလောက် ဝင်ရောက်နိုင်မှ ထိန်းနိုင်မယ်။ ငါးမြစ်ချင်းက export ငါးဖြစ်လို့ ဒေါ်လာဈေးအတက်အကျအတိုင်း အပြောင်းလဲရှိတယ်။ ငါးတန်၊ ငါးမုတ်က ပြည်တွင်းငါးဈေးအတိုင်းပဲဖြစ်လို့ တက်တာမျိုးမဖြစ်ဘူး။ ပုံမှန်ထုတ်လုပ်မှုတွေရှိလို့ ဈေးနှုန်းတည်ငြိမ်နေတယ်”ဟု ၎င်းက ရှင်းပြသည်။

ပြည်တွင်းတွင် ငါးစားသုံးမှုသည့် ဒေသအလိုက် ဒေသခံများ သာမက မြန်မာနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့် ဧည့်သည်များလည်း စားသုံးလာကြပြီး လွန်ခဲ့သောနှစ်က ကမ္ဘာလှည့်ခရီးသည် သုံးသန်းဝင်ခဲ့သလို ယခုနှစ်တွင် ငါးသန်းခန့် ဝင်ရောက်ရန်မျှော်မှန်းချက်များ ရှိနေခြင်းကြောင့် ကမ္ဘာလှည့်ဧည့်သည်များ၏ စားသုံးမှုကိုလည်း ဖြည့်ဆည်းပေးနေသော အခြေအနေမျိုးဖြစ်သည်။

ပင်လယ်ငါးဖမ်းဆီးထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း ၂၀၁၅ နှစ်ဦးပိုင်းမှစ၍ စက်သုံးဆီဈေးနှုန်းများ ကျဆင်းမှုကြောင့် ပင်လယ်ငါးဖမ်းစက်လှေများသည် စက်သုံးဆီပိုမိုကုန်ကျခံ၍ အချိန်ယူကာ ဖမ်းဆီးလုပ်ဆောင်မှုများကြောင့် ပင်လယ်ငါးဝင်ရောက်မှုကောင်းသော အနေအထားမျိုးရှိခဲ့သည်။ ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် သားဖောက်စခန်းများအနေဖြင့် အခက်အခဲအချို့ကြုံတွေ့ကာ ရသလောက်ဖြင့်သာ ဖောက်နေရပြီး သားပေါက်ဖြန့်ဖြူးမွေးမြူမှုမှာ နည်းပါးခြင်းကြောင့် မွေးမြူထွက်ရှိလာမှုနည်းကာ ဈေးနှုန်းမြင့်ခြင်းဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်အရ ဆက်လက်သိရှိရ သည်။

**သတင်းနှင့်ဓာတ်ပုံထက်ခိုင်(စမ်းချောင်း)**

# အာဆီယံဆေးတပ်ဖွဲ့များ အတွေ့အကြုံချင်း၊ ဆေးပညာအမြင်ချင်းဖလှယ်၍ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

တပ်မတော်ဆိုသည်မှာ ပြည်သူကြားမှ ပေါက်ဖွားလာပြီး တိုင်းပြည်ကို ကာကွယ်ရန်၊ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ တပ်မတော်ဆေးတပ်ဖွဲ့များသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုအရှိဆုံး အဖွဲ့အစည်းဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ (၅)ကြိမ်မြောက် အာဆီယံဆေးတပ်ဖွဲ့ အကြီးအကဲများ စုံညီအစည်းအဝေး (5th ASEAN Chiefs of Military Medicine Conference-5th ACMMC)သို့ တက်ရောက်ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆေးတပ်ဖွဲ့ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆေးတပ်ဖွဲ့အကြီးအကဲများဖြစ်ကြသော ဘရူနိုင်းနိုင်ငံမှ Col. Awang Mohd Hafizul Bin Awg Mohd Hassan၊ ကမ္ဘောဒီးယားနိုင်ငံမှ Brig. Gen. SAO. SIDONA၊ အင်ဒိုနီးရှားနိုင်ငံမှ Maj. Gen. Daniel Tjen၊ လာအိုနိုင်ငံမှ Lt. Col Khamphai Phansily၊ မလေးရှားနိုင်ငံမှ Lt. Gen. Datuk (Dr) Hj Abd Razak bin Md Yusoff၊ ဖိလစ်ပိုင်နိုင်ငံမှ Col. Joseph M Acosta၊ ထိုင်းနိုင်ငံမှ Air Vice Marshal Lerpong Tanakijaronpat နှင့် ဗီယက်နမ်နိုင်ငံမှ Maj. Gen. Vu Quoc Binh တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံသည် ဒေသတွင်း စည်းလုံးညီညွတ်ပြီး တောင့်တင်းခိုင်မာသည့် အသင်းကြီးဖြစ်ပါကြောင်း၊ လူဦးရေသန်း ၆၀၀ ကျော်ရှိပြီး စီးပွားရေးလည်း တောင့်တင်းခိုင်မာကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတကာမှ အာဆီယံ၏ စည်းလုံးမှုစွမ်းအားကို အလေးထားပါကြောင်း၊ သို့ဖြစ်၍ အာဆီယံနိုင်ငံများရှိ ပြည်သူများ ကျန်းမာရန်နှင့် ဉာဏ်ရည်ထက်မြက်ရန် လိုအပ်ပါကြောင်း။

ဆေးပညာရပ်များသည် အမြဲတိုးတက်ပြောင်းလဲနေ၍ အာဆီယံဆေးတပ်ဖွဲ့များအနေဖြင့် အတွေ့အကြုံချင်း ဆေးပညာအမြင်ချင်းဖလှယ်၍ ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် အာဆီယံနိုင်ငံများအတွက် ပိုမိုအကျိုးရှိပြီး အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အာဆီယံဆေးတပ်ဖွဲ့ဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရချိန်များတွင်လည်း ဝိုင်းဝန်းကူညီပူးပေါင်း ဆောင်ရွက်ကြပါကြောင်း၊ ဆေးတပ်ဖွဲ့များအနေဖြင့် တပ်မတော်သားများ စွမ်းရည်မြင့်မားရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသကဲ့သို့ ပြည်သူလူထုကို ကျန်းမာရေးကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း၊ အာဆီယံဆေးတပ်ဖွဲ့များသည် တပ်မတော်အတွက်သာမက ပြည်သူလူထုကလည်း အားကိုးအားထားပြုနိုင်သည့် ဆေးတပ်ဖွဲ့များဖြစ်ရေး ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံဆေးတပ်ဖွဲ့များမှ ကိုယ်စားလှယ်များ၏ ခေါင်းဆောင်ဖြစ်သူ မလေးရှားနိုင်ငံမှ Lt. Gen. Datuk (Dr)Hj Abd Razak bin Md Yusoff ၊ ဗီယက်နမ်နိုင်ငံမှ Maj. Gen. Vuquoc Binh နှင့် ဖိလစ်ပိုင်နိုင်ငံမှ Col. Joseph M Acosta တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး အာဆီယံဆေးတပ်ဖွဲ့ အကြီးအကဲများ စုံညီအစည်းအဝေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကို တင်ပြကြသည်။

၂၀၁၀ ပြည့်နှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် (၇ )ကြိမ်မြောက် အာဆီယံကာကွယ်ရေး ဦးစီးချုပ်များအလွတ်သဘောအစည်းအဝေး (7 th ACDFIM)မှ သဘောတူညီချက်ဖြင့် အာဆီယံဆေးတပ်ဖွဲ့ အကြီးအကဲများ စုံညီအစည်းအဝေး (ASEAN Chiefs of Military Medicine Conference –ACMMC)ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၀၁၁ ခုနှစ်မှစတင်၍ ပထမအကြိမ် စတင်ကျင်းပခဲ့သည်။ ၅ ကြိမ်မြောက် အာဆီယံဆေးတပ်ဖွဲ့ အကြီးအကဲများ စုံညီအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသကဲ့သို့ (၆)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆေးတပ်ဖွဲ့ကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

◆◆◆

# အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်



**နေပြည်တော် ဧပြီ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ညနေ ၅ နာရီတွင် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Tan Sri Raja Mohamed Affandi bin Raja Mohamed Noor အား ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့တက်ရောက်ကြပြီး မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Tan Sri Raja Mohamed Affandi bin Raja Mohamed Noor နှင့်အတူ မလေးရှားတပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူး Colonel Mohd Yasin Bin Usop တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် ကောင်းမွန်သောဆက်ဆံရေးရှိပြီး တပ်မတော်နှစ်ရပ်အကြားတွင်လည်း ပွင့်လင်းနွေးထွေးသည့် ဆက်ဆံရေးရှိပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အပါအဝင် အခြားနယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအထောက်အကူ ပြုနိုင်သည့် အင်အားတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဖြတ်သန်းခဲ့သည့် တူညီသောသမိုင်းကြောင်းရှိသဖြင့် မိမိတို့၏ အတွေ့အကြုံများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တပ်မတော်နှစ်ရပ်၏ စွမ်းရည်တိုးမြှင့်ရေးကိုလည်း အထောက်အကူ ဖြစ်စေနိုင်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား များစွာချစ်ကြည်ရင်းနှီးသည့်အားလျော်စွာ မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများကိုလည်း ဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်နှစ်ရပ်အကြား လုပ်ဆောင်လျက်ရှိသည့် Army to Army လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

**(မြဝတီ)**

## တာချီလိတ်နယ်စပ်နှင့်ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းတို့၌ မော်တော်ယာဉ် ခြောက်စီးတွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၉**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ကြီးကြပ်မှုဖြင့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းနယ်မြေများတွင် စခန်းထုတ်နုတ်အင်အား Mobile Team များဖြင့် တရားမဝင် ကုန်သွယ်မှုများအား တားဆီးထိန်းချုပ်အရေးယူခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၉ ရက် နံနက် ၁ နာရီခန့်က တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံညွှန်ကြားရေးမှူး ဦးမြင့်သူရသည် တရားမဝင်သစ်ကားများ မိုင်းဖြတ်မှ ဖြတ်သန်းသယ်ဆောင်မည့်သတင်းရရှိခဲ့သဖြင့် ဧပြီ ၂၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် တာချီလိတ်-ဘူရှီး-မိုင်းဆတ် မြေသားလမ်းအတိုင်း ဝင်ရောက်ရှာဖွေခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် တာချီလိတ်မှ ၃၂ မိုင်ခန့်အကွာ လမ်းဘေးတောအုပ်အတွင်း မိုးကာအုပ်၍ဝှက်ထားသော တရားမဝင်သစ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ်သုံးစီးအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး အလားတူ ဟန်ချက်ညီပိတ်ဆို့ရေးဆောင်ရွက်နေသော ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဦး ဦးစီးအဖွဲ့သည် မိုင်းဖြတ်-မိုင်းဆတ် လမ်းကြောင်းအတိုင်း တစ်ပြိုင်တည်းဝင်ရောက်ရှာဖွေခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် မိုင်းဖြတ်မြို့မှ ၁၀ မိုင်ခန့်အကွာ လမ်းဘေးတောအုပ်အတွင်း မိုးကာအုပ်၍ ဝှက်ထားသော တရားမဝင်သစ်များတင်ဆောင်ထားသည့် မော်တော်ယာဉ် သုံးစီးအား ပိုင်ရှင်မဲ့ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**(သတင်းစဉ်)**

# ရန်ကုန်စတော့အိတ်ချိန်း သိကောင်းစရာအမေးအဖြေများ



ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း။

**ယခုနှစ်နှောင်းပိုင်းတွင် ပေါ်ပေါက်လာတော့မည့် "ရန်ကုန်စတော့အိတ်ချိန်းနှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန်" ရန်ကုန်စတော့အိတ်ချိန်းတည်ထောင်မှု ကြိုတင်ပြင်ဆင်ရေးအဖွဲ့နှင့် ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်တို့၏ ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းအား တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။**

သတင်းအဖွဲ့

**(ယမန်နေ့မှအဆက်)**

**မေး ။ ။ တတိယမဏ္ဍိုင်တည်ဆောက်မှုအခြေအနေရော ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ တတိယမဏ္ဍိုင်က စတော့အိတ်ချိန်းမှာ ပါဝင်လှုပ်ရှားကပြအသုံးတော်ခံမယ့် Players တွေနဲ့ ပတ်သက်ပါတယ်။ Playersတွေက သုံးမျိုးရှိပါတယ်။ ပထမအမျိုးအစားကတော့ စတော့အိတ်ချိန်းမှာ Service ပေးမယ့် Service Provider တွေပါ။ Service Provider လေးမျိုးရှိပါတယ်။ Underwriterရယ်၊ Dealerရယ်၊ Brokerရယ်၊ Advisorရယ်ဖြစ်ပါတယ်။ Underwriterဆိုတာက အစုရှယ်ယာတွေကို အာမခံပြီး ရောင်းချဖြန့်ဝေပေးတဲ့သူတွေပါ။ Dealer ဆိုတာကတော့ အရပ်စကားနဲ့ ဝယ်ရောင်းလို့ပြောရမှာပါ။ ရှယ်ယာဈေးကျရင် ဝယ်ထားပြီးဈေးတက်တဲ့အခါ ပြန်ထုတ်ရောင်းတဲ့သူမျိုးပါ။ Broker ဆိုတာကတော့ ပွဲစားပါပဲ။သူကတော့ အထူးအဆန်းမဟုတ်ပါဘူး။ ရောင်းသူနဲ့ ဝယ်သူကြား အောင်သွယ်ပါပဲ။ Advisor ကတော့ ရှယ်ယာရောင်းမယ့်သူတွေ၊ ဝယ်မယ့်သူတွေကို အကြံပေးတဲ့သူတွေပါ။ ကိုင်ထားတဲ့ ရှယ်ယာတွေကို ရောင်းသင့်ပြီ။ ကျရိပ်ပြနေပေမယ့် မရောင်းနဲ့ဦး။ ကိုင်ထားဦး။ မကြာခင် ပြန်တက်မှာ။ ဒီရှယ်ယာတွေကိုတော့ ဝယ်သင့်ပြီ စသဖြင့် အကြံပေးတာပါ။ ဒီ Service-Provider လေးမျိုး လိုင်စင်အတွက် လျှောက်လွှာခေါ်ယူခဲ့တာ ၅၇ စောင်ရရှိပါတယ်။ Underwriter လိုင်စင် လျှောက်လွှာအစောင် ၂၀။ dealerနဲ့ broker လိုင်စင်တွေအတွက် ခုနစ်စောင်၊ advisor လိုင်စင်အတွက် အစောင် ၃၀ ရပါတယ်။ ရွေးချယ်ဖို့အတွက် Criteria နဲ့ Point System တွေ သတ်မှတ်ပြီး ရွေးချယ်ရေးစနေပါပြီ။ အလောသုံးဆယ်ရွေးလို့မရတဲ့အတွက် သေသေချာချာစိစစ်ပြီး ဆောင်ရွက်နေပါတယ်။ မြန်မာ့သမိုင်းကြောင်းမှာ တစ်ခါမှ မရှိခဲ့ဘူးတဲ့ကိစ္စဆိုတော့ အလျင်စလိုလုပ်လို့မရပါဘူး။

ဒုတိယ Player ကတော့ စတော့အိတ်ချိန်းမှာ မှတ်ပုံတင်ပြီး ရှယ်ယာထုတ်ရောင်းတဲ့ ကုမ္ပဏီတွေပါပဲ။ ဒီကိစ္စက ရှေ့မေးခွန်းတွေမှာလည်း ဖြေခဲ့ပြီးပြီဆိုတော့ အကျယ်မပြောတော့ပါ။ တတိယ Playerကတော့ စတော့အိတ်ချိန်းမှာ ရှယ်ယာတွေဝယ်ပြီး ရင်းနှီးမြှုပ်နှံကြမယ့် ပြည်သူတွေပါပဲ။ ဒီရင်းနှီးမြှုပ်နှံသူတွေကိုတော့ ပညာပေးတဲ့အလုပ်ဖြစ်ပါတယ်။ ဟောပြောပွဲတွေကို တစ်လ တစ်ကြိမ်ခန့် လုပ်ပေးနေပါတယ်။ money talk ဆိုပြီးတော့လည်း MRTV ကနေ တစ်ပြည်လုံးပြန့်အောင် တစ်ပတ်နှစ်ကြိမ် TV Prime Time မှာ ထုတ်လွှင့်နေပါတယ်။ ပြည်သူတွေကို ပညာပေးကြမယ့် နိုင်ငံခြား/ပြည်တွင်း ပုဂ္ဂလိကအဖွဲ့အစည်းတွေကိုလည်း အသိအမှတ်ပြုပေးသွားမှာပါ။ ပညာပေးတဲ့အလုပ်ကတော့ လုပ်ရင်းကိုင်ရင်း ပိုတတ်ပိုနားလည်လာမှာပါ။ မြန်မာပြည်သူတွေဟာ ခပ်ညံ့ညံ့မဟုတ်ပါဘူး။ အခြေခံရပြီဆိုရင် တကယ်စပြီဆိုတာနဲ့ Expert တွေ ဖြစ်သွားကြမှာပါ။ ပညာယူမမှားဖို့တော့ အရေးကြီးပါတယ်။ တတ်ယောင်ကားတွေ ဆရာမတင်မိဖို့ အရေးကြီးပါတယ်။ ဒီအတွက် SECM က ပညာပေးမယ့်အဖွဲ့တွေကို စိစစ်ပြီး ရွေးချယ်ပေးမယ်။ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားမယ်။

**မေး ။ ။ တတိယမဏ္ဍိုင်ကရော ဘယ်လောက်ရာနှုန်းပြီးပြီလို့ ခန့်မှန်းပါသလဲ။**

ဖြေ ။ ။ သူလည်း ၇၀ ရာခိုင်နှုန်းခန့်လောက် ခန့်မှန်းရင် သင့်တော်ပါမယ်။

**မေး ။ ။ ဒါဆိုရင် ရန်ကုန်စတော့အိတ်ချိန်း အကောင်အထည်ဖော်မှုဟာ ဘယ်လောက်အတိုင်းအတာထိ ပြီးပြီလို့ ဆိုနိုင်ပါမလဲ။**

ဖြေ ။ ။ ပထမမဏ္ဍိုင်က ၈၀ ရာခိုင်နှုန်း။ ဒုတိယနဲ့ တတိယမဏ္ဍိုင်က ၇၀ ရာခိုင်နှုန်းစီဆိုတော့ ပျမ်းမျှ ၇၃ ရာခိုင်နှုန်းကျော်ပြီးနေပြီလို့ ဆိုနိုင်ပါတယ်။

**မေး ။ ။ ရန်ကုန်စတော့အိတ်ချိန်းမှာ ကုမ္ပဏီရဲ့ အစုရှယ်ယာတွေ ထုတ်ဝေရောင်းချချင်တဲ့ ကုမ္ပဏီတစ်ခုအတွက် ဘာတွေလိုအပ်ပါသလဲ။**

ဖြေ ။ ။ ရန်ကုန်စတော့အိတ်ချိန်းမှာ အစုရှယ်ယာတွေ ထုတ်ဝေရောင်းချချင်တယ်ဆိုရင် အဲဒီကုမ္ပဏီဟာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းထားတဲ့ "အများနှင့်ဆိုင်သောကုမ္ပဏီ" ဖြစ်ဖို့လိုပါတယ်။အများနှင့်ဆိုင်သောကုမ္ပဏီဖြစ်ပြီးပြီဆိုရင်တော့ ရန်ကုန်စတော့အိတ်ချိန်းမှာ မှတ်ပုံတင်ဖို့ လျှောက်ရပါမယ်။ စတော့အိတ်ချိန်းတစ်ခုမှာ ရှယ်ယာတွေထုတ်ရောင်းဖို့ မှတ်ပုံတင်ခြင်းကို နိုင်ငံတကာမှာ Listing လုပ်တယ်လို့ ခေါ်ပါတယ်။ Listing လုပ်ခွင့်ရတဲ့ ကုမ္ပဏီကို Listed ကုမ္ပဏီလို့ ခေါ်ကြပါတယ်။ စတော့အိတ်ချိန်းတွေ အနေနဲ့ အများနှင့်ဆိုင်သော ကုမ္ပဏီတိုင်းကို Listing လုပ်ခွင့်မပြုဘဲ သတ်မှတ်ထားသော အရည်အသွေးစံတွေ (Criteria) နဲ့ ကိုက်ညီတဲ့ အများနှင့်ဆိုင်သော ကုမ္ပဏီများကိုသာ List လုပ်ခွင့်ပြုပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ List လုပ်ဖို့အတွက်လည်း အရည်အသွေးစံတွေသတ်မှတ်ပြီးပါပြီ။ မကြာခင်မှာ ထုတ်ပြန်ကြေညာသွားမှာဖြစ်ပါတယ်။ အဓိကကြည့်တာကတော့ လူတွေကို မလိမ်ညာဘဲ ရိုးရိုးသားသားစည်းကမ်း နည်းလမ်းတကျ လုပ်ကိုင်တဲ့ ကုမ္ပဏီဖြစ်ဖို့ဆိုတဲ့ အချက်ပါပဲ။ ရိုးသားမှုကို အဓိကထားတာပါပဲ။ ဒါမှ စတော့ရှယ်ယာဝယ်သူတွေ အလိမ်ခံရခြင်းမှ ကင်းဝေးမှာဖြစ်ပါတယ်။

> **ပြည်သူတွေကို အရမ်းမလုပ်ကြဖို့၊ သိချင်တာရှိရင်၊ မရှင်းတာရှိရင်၊ သံသယရှိရင် SECM မှာ လာမေးကြဖို့၊ စုံစမ်းကြဖို့ မှာချင်ပါတယ်။ ပြည်သူတွေကို ကူညီဖို့ အသင့်ရှိပါတယ်လို့ အသိပေးမှာကြားချင်။**

**မေး ။ ။ နိုင်ငံခြားကုမ္ပဏီတွေကို ရန်ကုန်စတော့အိတ်ချိန်းမှာ မှတ်ပုံတင်ခွင့်ပြုပြီး ရှယ်ယာထုတ်ရောင်းခွင့်ပေးမှာပါလား။**

ဖြေ ။ ။ လောလောဆယ်မှာ မပေးသေးပါဘူး။ လောလောဆယ်ပေးလိုက်ရင် တိုင်းရင်းသားကုမ္ပဏီတွေ ခံသွားရနိုင်ပါတယ်။ လောလောဆယ်မှာတော့ တိုင်းရင်းသားကုမ္ပဏီတွေကိုပဲ List လုပ်ခွင့်ပြုပြီး ရှယ်ယာထုတ်ရောင်းခွင့်ပြုမှာပါ။

**မေး။ ။ ရန်ကုန်စတော့အိတ်ချိန်းမှာ List လုပ်ပြီး ရှယ်ယာထုတ်ရောင်းမယ့် အများနှင့်ဆိုင်သော ကုမ္ပဏီတွေရဲ့ စာရင်းထားသိုမှု၊ စာရင်းစစ်ဆေးမှုတွေကို ဘယ်လိုသတ်မှတ်မှာပါလဲ။**

ဖြေ ။ ။ List လုပ်ခွင့်ရဖို့အတွက် စာရင်းထားသိုမှု၊ စာရင်းစစ်မှု Criteria တွေသတ်မှတ်ထားပါတယ်။ စာရင်းနဲ့ပတ်သက်လာရင် မြန်မာနိုင်ငံမှာ အမြင့်ဆုံးစာရင်းပညာရှင်အဖွဲ့အစည်းဖြစ်တဲ့ မြန်မာနိုင်ငံစာရင်းကောင်စီရဲ့ "စံ" ကိုပဲ လိုက်နာရမှာပါ။

**မေး ။ ။ ရန်ကုန်စတော့အိတ်ချိန်းမှာ ရှယ်ယာတွေထုတ်ရောင်းကြ၊ ဝယ်ယူကြတဲ့အခါမှာ ငွေပေးချေ၊ စာရင်းရှင်းတဲ့ကိစ္စ (Settlement and Clearing) အတွက် ဘယ်လိုများစီမံထားပါသလဲ။**

ဖြေ ။ ။ ဟုတ်ကဲ့၊ ဒီကိစ္စကလည်း အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ငွေပေးချေမှု၊ စာရင်းရှင်းမှုကိစ္စတွေအတွက် နိုင်ငံတကာမှာ စတော့အိတ်ချိန်းရဲ့ Settlement and Clearing Bank ရှိကြပါတယ်။ ရန်ကုန်စတော့အိတ်ချိန်း အတွက်လည်း အဲဒီလိုဘဏ်မျိုးသတ်မှတ်ဖို့ လျှောက်လွှာခေါ်ယူပြီးပါပြီ။ ပုဂ္ဂလိကဘဏ်တွေဆီက လျှောက်လွှာခြောက်စောင်လက်ခံရရှိခဲ့ပါတယ်။ အဲဒီလျှောက်လွှာတွေကို စိစစ်ပြီး အကောင်းဆုံးကို တရားမျှတစွာနဲ့ ရွေးချယ်ဖို့အတွက်လဲ Criteria နဲ့ Point System သတ်မှတ်ပြီးပါပြီ။ မကြာမီမှာ ရွေးချယ်မှုပြီးမြောက်သွားပါမယ်။

**မေး ။ ။ နိုင်ငံခြားက စတော့အိတ်ချိန်းတွေနဲ့ ချိတ်ဆက်ပြီးလုပ်ဖို့များရှိပါသလား။**

ဖြေ ။ ။ ရှိပါတယ်။ နိုင်ငံခြားကစတော့အိတ်ချိန်းတွေက ကျွန်တော်တို့ ရန်ကုန်စတော့အိတ်ချိန်းကို တော်တော်စိတ်ဝင်စားကြတယ်။ ဆက်သွယ်မှုတွေ လုပ်ကြတယ်။ သင်တန်းတွေခေါ်ပေးကြတယ်။ တော်တော်အားရစရာကောင်းပါတယ်။ ဒီနိုင်ငံခြားစတော့အိတ်ချိန်းတွေနဲ့ အကူအညီပေးရေး MoU တွေထိုးပြီး လုပ်ဆောင်သွားဖို့ရှိပါတယ်။ ရန်ကုန်စတော့အိတ်ချိန်း အရှိန်ရလာပြီး တိုင်းပြည်ရဲ့စီးပွားရေးလည်း အခုထက်ပိုကောင်းလာတဲ့ အခါမျိုးမှာ dual listing လုပ်ခွင့်ပေးဖို့ရှိပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ မှတ်ပုံတင်ရှယ်ယာထုတ်ရောင်းတဲ့ မြန်မာကုမ္ပဏီတွေကို ရန်ကုန်စတော့အိတ်ချိန်းနဲ့ စာချုပ်ချုပ်ထားတဲ့နိုင်ငံခြားစတော့အိတ်ချိန်းမှာလဲ မှတ်ပုံတင်ခွင့်ပြုပြီး ရှယ်ယာထုတ်ရောင်းခွင့်ပြုဖို့နဲ့ အပြန်အလှန်အားဖြင့် အဲဒီနိုင်ငံခြားစတော့အိတ်ချိန်းမှာ မှတ်ပုံတင်ပြီး ရှယ်ယာထုတ်ရောင်းထားတဲ့ ကုမ္ပဏီကို ရန်ကုန်စတော့အိတ်ချိန်းမှာ မှတ်ပုံတင်ပြီး ရှယ်ယာထုတ်ရောင်းခွင့်ပြုတာကို dual listing စတော့အိတ်ချိန်းနှစ်ခုတွင် မှတ်ပုံတင်ခြင်းလို့ ခေါ်တာပါ။ ဒါကိုလုပ်ဖို့က မြန်မာနိုင်ငံရဲ့ ကုမ္ပဏီဥပဒေကို အရင်ပြင်ရမှာပါ။ ကုမ္ပဏီဥပဒေကို အသစ်ရေးဖို့လည်း လုပ်နေကြပါပြီ။

**မေး ။ ။ ရန်ကုန်စတော့အိတ်ချိန်းမှာ စတော့ရှယ်ယာတွေအပြင် အခြား Products တွေကိုရော လုပ်ခွင့်ပြုမှာပါလား။**

ဖြေ ။ ။ လောလောဆယ်မှာတော့ စတော့ရှယ်ယာတွေကိုပဲ လုပ်ခွင့်ပြုမှာပါ။ ဒါကပြည်သူတွေအတွက် အရိုးစင်းဆုံးနဲ့ အန္တရာယ်အကင်းဆုံးပါ။ သို့သော် နောက်ပိုင်း ဈေးကွက်ကောင်းလာတဲ့အခါမှာတော့ မြန်မာနိုင်ငံရဲ့ အရင်းအနှီးဈေးကွက်မှာ derivatives လို့ ခေါ်တဲ့ Products တွေ Futures လို့ခေါ်တဲ့ Products တွေလည်းပဲခွင့်ပြုရမှာပါ။ ဒါပေမယ့် ဒီ Products တွေက ရှုပ်ထွေးပြီး Risk များလှတဲ့အတွက် နောင် ၁၀ နှစ် ၁၅ နှစ် ဖြစ်နိုင်ချင်မှ ဖြစ်နိုင်မယ့်အပြင် ဖြစ်ရင်တောင်မှလည်း တင်းကျပ်တဲ့ စည်းမျဉ်း စည်းကမ်းတွေ ချမှတ်ပြီးမှ ခွင့်ပြုရမှာပါ။ ၂၀၀၈ ကမ္ဘာ့ငွေကြေးအကျပ်အတည်း ပေါ်ပေါက်ရတာကလည်း ဒါတွေက စတာပါပဲ။ ရိုးရိုးရှင်းရှင်းဟာ အကောင်းဆုံးပါပဲ။

**မေး ။ ။ ပြည်သူတွေကို ဘာများမှာချင်ပါသေးသလဲ။**

ဖြေ ။ ။ ခုနက derivatives တို့ Futures တို့နဲ့ပတ်သက်ပြီး သတိရတာလေးရှိပါတယ်။ အခုမြန်မာပြည်မှာ နိုင်ငံခြားစတော့ရှယ်ယာတွေ၊ ခုနက ပြောခဲ့တဲ့ derivatives တွေ၊ Futures တွေ လာရောင်းနေတယ်။ London ဈေးကွက်က ရွှေတို့၊ ရေနံတို့တောင် ကစားလို့ရတယ်လို့ သိရပါတယ်။ ဒါဟာ အင်မတန် အန္တရာယ်များပါတယ်။ လေကို အရောင်းအဝယ်လုပ်နေတဲ့ သဘောပါပဲ။ တစ်ခုခုဖြစ်ခဲ့ရင် နိုင်ငံခြားကုမ္ပဏီက ထွက်ပြေးမှာပါ။ အဲဒီကုမ္ပဏီကိုယ်စား မြန်မာနိုင်ငံမှာ လုပ်ပေးတဲ့သူတွေကို တရားခံအဖြစ် ဓားစာခံထားခဲ့မှာ။ ဆုံးရှုံးသွားတဲ့သူကလည်း အဲဒီ ဓားစာခံ၊ တရားခံတွေ တရားစွဲထောင်ချရုံကလွဲလို့ မိမိရဲ့ဆုံးရှုံးသွားတဲ့ ငွေကြေးပြန်ရစရာအကြောင်း မရှိပါဘူး။ ဒီလုပ်ရပ်တွေဟာ ဥပဒေနဲ့ ဆန့်ကျင်တဲ့အတွက် SECM အနေနဲ့ ကြေညာချက်ထုတ်ပြီး ပြည်သူတွေကို အသိပေးတားမြစ်ရမှာပါ။ ဒါကြောင့် ပြည်သူတွေကို အရမ်း မလုပ်ကြဖို့၊ သိချင်တာရှိရင်၊ မရှင်းတာရှိရင်၊ သံသယရှိရင် SECMမှာ လာမေးကြဖို့၊ စုံစမ်းကြဖို့ မှာချင်ပါတယ်။ ပြည်သူတွေကို ကူညီဖို့ အသင့်ရှိပါတယ်လို့ အသိပေးမှာကြားချင်ပါတယ်။

**မေး ။ ။ အခုလို စိတ်ရှည်လက်ရှည်ဖြေပေးတဲ့အတွက် ဆရာ့ကို ကျေးဇူးတင်ပါတယ်။**

ဖြေ ။ ။ ဟုတ်ကဲ့- ကျွန်တော်ကလဲ အခုလို ပြည်သူတွေကို တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ (၂၅)ကြိမ်မြောက် ငွေရတုနှစ်ပတ်လည်အထိမ်းအမှတ်အကြိုလှုပ်ရှား

**ထားဝယ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ထားဝယ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ (၂၅) ကြိမ်မြောက် ငွေရတုနှစ်ပတ်လည်အထိမ်းအမှတ်အကြိုလှုပ်ရှားမှုအဖြစ် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသော တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၂၅ ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်/ဆက်)**


# သစ်တောပြုန်းတီးမှု ၈၀ ရာခိုင်နှုန်းကျော် ဖြစ်လာနိုင်သည့် ဒေသစာရင်းတွင် မဲခေါင်ဒေသပါဝင်နေ

**ရန်ကုန် ဧပြီ ၂၉**

၂၀၃၀ ခုနှစ်အတွင်း ကမ္ဘာ့သစ်တောပြုန်းတီးမှု ၈၀ ရာခိုင်နှုန်းကျော် ဖြစ်လာနိုင်သည့် ဒေသကြီး ၁၁ ခုတွင် မုတ်သုံဒေသ ၁၀ ခုတွင် ပါဝင်သော မဲခေါင်ဒေသသည် တစ်ခုအပါအဝင်ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း WWF ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံ ငွေအဖွဲ့မှ ထုတ်ပြန်ချက်တွင်ဖော်ပြ ထားသည်။

"သစ်တောပြုန်းတီးမှု ရှေ့ဆောင်ဒေသများ" အတွင်း လက်ရှိဖြစ်ပျက်နေသည့် နှုန်းထားအတိုင်း ၂၀၁၀ နှင့်၂၀၃၀ ခုနှစ်အကြား သစ်တောဧရိယာ ဟက်တာပေါင်း သန်း ၁၇၀ အထိ ဆုံးရှုံးနိုင်ကြောင်း ၎င်း၏ ရှင်သန်နေသော သစ်တောများ အစီရင်ခံစာ (Living Forests Report) တွင် ဖော်ပြထားသည်။ အဆိုပါဒေသကြီး ၁၁ ခုမှာ အမေဇုန် (Amazon)၊ အတ္တလန္တိတ်သစ်တော (Atalantic Forest) နှင့် ဂရန်ချာကို (Gran Chaco)၊ ဘော်နီယို (Borneo)၊ ဆီရာဒူ (the Cerrado)၊ ချိုကို ဒါရီယန် (Choco-Darien)၊ ကွန်ဂိုမြစ်ဝှမ်း (The Congo Basin)၊ အရှေ့အာဖရိက၊ အရှေ့ပိုင်းဩစတြေးလျ၊ မဟာမဲခေါင်ဒေသ၊ နယူးဂီနီနှင့် ဆူမားတြားတို့ ဖြစ်ကြသည်။ ထိုသစ်တောများတွင် ကျား၊ ငှက် တိရစ္ဆာန်များစုံလင်စွာ ကျက်စားလျက်ရှိပြီး လူသားများကို အကျိုးပြုလျက်ရှိနေသည်။

ထို သစ်တောများကို ၂၀၂၀ အတွင်း လုံးဝပြုန်းတီးမှုမရှိစေရန် ထိန်းသိမ်းမှုသာလျှင် ဆိုးရွားသော ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ကာကွယ်နိုင်မည်ဖြစ်ပြီး အလေး




အနက်ဆောင်ရွက်မှုမရှိပါက ၂၀၅၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးသစ်တောပြုန်းတီးသွားမည်ဆိုပါက ကမ္ဘာ့ရာသီဥတုကြီးမားသော ပြောင်းလဲမှုများနှင့် ကြုံတွေ့လာနိုင်ကြောင်း WWF ၏ ဆန်းစစ်ချက်များအရ ဖော်ပြထားသည်။

သစ်တောပြုန်းတီးရခြင်းများမှာ နယ်စပ်ဖြတ်ကျော် တရားမဝင် သစ်ထုတ်ခြင်းများ အပါအဝင် စိုက်ပျိုးရေးနှင့် ဆီအုန်းစိုက်ခင်းများ၊ မွေးမြူရေးလုပ်ငန်းများ အဆမတန်ချဲ့ထွင်ရန် သစ်တောများကို ရှင်းလင်းခြင်း၊ သတ္တုတူးဖော်ခြင်း၊ ရေရှည်ဖွံ့ဖြိုးရေးကို ဂရုမစိုက်ဘဲ သစ်ထုတ်ခြင်းနှင့် ထင်းခုတ်ခြင်းများ၊ ရေအားလျှပ်စစ်နှင့် အခြားသော အဆောက်အအုံဆိုင်ရာ စီမံကိန်းများအတွက် သစ်တောများအတွင်း အဖွင့်လမ်းများ ဖောက်လုပ်ခြင်းများကြောင့် တောပြုန်းမှုများဖြစ်နိုင်ကြောင်း WWF ၏ ကမ္ဘာလုံးဆိုင်ရာ သစ်တောအစီအစဉ် ဒါရိုက်တာ Rod Taylor က ပြောသည်။

"သစ်တောတွေကို ခြိမ်းခြောက်နေတာဟာ ကုမ္ပဏီတစ်ခု(သို့) လုပ်ငန်းတစ်ခုဆိုတာထက်ပိုပြီး တစ်ခါတလေမှာ နိုင်ငံတွေရဲ့ နယ်စပ်ဖြတ်ကျော်ကိစ္စတွေ ဖြစ်နေပါတယ်။ ဒါကြောင့် နယ်မြေဒေသအလိုက် ရှုမြင်ပြီး အဖြေရှာရန်နှင့် လူမှုစီးပွားပတ်ဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်တို့ရဲ့ လိုအပ်ချက်တွေ အားလုံးကို ထည့်သွင်းစဉ်းစားပြီး စုပေါင်းပါဝင်တဲ့ မြေအသုံးချမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်တွေကို ဖြစ်လာဖို့ လိုပါတယ်"ဟု တေလာက ဆက်ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာခေါင်းဆောင်များ ပါဝင်တက်ရောက်သည့် **"မုတ်သုံဒေသများတွင် ထိပ်သီးအစည်းအဝေး-ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတစ်ခု"** ဆွေးနွေးပွဲအခမ်းအနားတွင် ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် သစ်တောများကို မြေအသုံးချမှုမူဝါဒကောင်းများဖြင့် ထိန်းသိမ်းထားသဖြင့် အစိမ်းရောင်စီးပွားရေးစနစ် တစ်ခုစီပြောင်းလဲနိုင်မယ့် အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း၊ အတုယူစရာပင်ဖြစ်ကြောင်း WWF ဒါရိုက်တာ မာကိုလန်ပါတီက ပြောသည်။

၁၉၇၃-၂၀၀၉ ခုနှစ်အတွင်း မဟာမဲခေါင်ဒေသ (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်) နိုင်ငံများ၏ သစ်တောသုံးပုံ တစ်ပုံအထိ လျော့နည်းခဲ့ပြီး ၂၀၁၀-၂၀၃၀ ကာလ ခန့်မှန်းချက်မှာ ဟတ်တာပေါင်း ၁၅ သန်းမှ သန်း ၃၀ အထိ ထပ်မံ ဆုံးရှုံးရနိုင်ပြီး အဓိကအားဖြင့် လယ်ယာနှင့် စိုက်ပျိုးမွေးမြူရေး နယ်ပယ်များအဖြစ် ပြောင်းလဲခြင်း၊ ရေရှည်မကြည့်ဘဲ သစ်များထုတ်လုပ်ခြင်းတို့ကြောင့် ပြုန်းတီးမှုဖြစ်လာနိုင်ကြောင်း ရှင်သန်နေသာ သစ်တောများ အစီအရင်ခံစာကို WWF နှင့် International Institute for Applied Systems Analysis တို့ ပူးပေါင်းဖော်ထုတ်ခဲ့ခြင်းမှ ကိုးကားဖော်ပြအပ်ပါသည်။

**(သန့်ဇင်ဝင်း)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေးနှိုးဆော်ချက်

ယခုအခါ မြန်မာနိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူပေါင်း နှစ်စဉ်တစ်သောင်းကျော်ခန့်ရှိပြီး ၆၀ ခန့်သေဆုံးလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည် ရေသန့်တွင် ပေါက်ပွားသော အေဒီးစ် (ခေါ်) ခြင်ကျား(ခြင်ပုန်း)ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်ပြီး မြန်မာနိုင်ငံတွင် အသက်သုံးနှစ်မှ ရှစ်နှစ်အရွယ်တွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လူကြီးများတွင်လည်းဖြစ်ပွားနိုင်သည်။ တောရော၊မြို့ပါ ဖြစ်ပွားနိုင်သည်။

ရောဂါလက္ခဏာများမှာ ကလေးဖျားပြီး သုံးရက်မှ လေးရက်အတွင်း အဖျားကျသွားကာ ခန္ဓာကိုယ်များအေးစက်ပြီး ကလေးမှိန်းနေခြင်း၊ ခန္ဓာကိုယ်အနှံ့ အနီရောင်အစက်များဖြစ်ပေါ်ခြင်း၊ ကော်ဖီရောင်(အမည်းရောင်) အန်ခြင်းများဖြစ်နိုင်ပြီး စောစီးစွာမကုသပါက အသက်အန္တရာယ်ကျရောက်နိုင်သဖြင့် အချိန်မီကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ခြင်ပုန်း(ခေါ်) ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် ကလေးများအား အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ဆင်ပေးခြင်း၊ ကလေးများအိပ်သည့်အခါတိုင်း နေ့ညမရွေး ခြင်ထောင်ဖြင့် သိပ်ခြင်း၊ လေကောင်းလေသန့်နှင့် အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များဖွင့်ထားခြင်း၊ အိမ်တွင်းအိမ်ပြင် ပတ်ဝန်းကျင်သန့်ရှင်းစွာထားခြင်း၊ ပိုးလောက်လမ်းပေါက်ပွားနိုင်သည့် ရေဝပ်နိုင်သော ချိုင့်ခွက်များအား မြေဖို့ခြင်း၊ ရေစည် ရေအိုး၊ ရေလှောင်ကန်များအား လုံခြုံစွာဖုံးအုပ်ခြင်း၊ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများ၊ အလှပန်းအိုးများ၊ ရေအိုးများကို နေ့စဉ်တိုက်ချွတ်၍ ရေလဲလှယ်ခြင်း၊ မိုးရေတင်နိုင်သော ဘူးခွံ၊ တာယာဟောင်း၊ အိုးခြမ်းပဲ့၊ အုန်းမှုတ်ခွက်၊ ပလတ်စတစ်အိတ်တို့အား မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ရပ်ကွက်၊ ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး(ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများကို ပြည်သူလူထုမှ စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည်ဟုသံသယရှိသော ကလေးများကို ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်၍ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(ကျန်းမာရေးဝန်ကြီးဌာန)**

# နာဂစ်ဒဏ်ခံစားခဲ့ရသည့် ဒေသများ အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးရန် လိုအပ်

၂၀၁၅ မေလ ၂ ရက်ဆိုလျှင် မြန်မာပြည်အောက်ပိုင်း ရန်ကုန်အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် ၂၀၀၈ ခုနှစ် မေလ ၂ ရက်ကတိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ခံစားရမှု ခုနှစ်နှစ်ပြည့်မြောက်လာပြီ ဖြစ်သည်။ နာဂစ်ခုနစ်နှစ်မြောက်ပြည့်ရန် ရက်ပိုင်းအလို ပတ်ဝန်းကျင်နိုင်ငံတစ်နိုင်ငံဖြစ်သော နီပေါနိုင်ငံ၏ လူဦးရေ ၅၀၀၀ ကျော်သေဆုံးမှုရှိခဲ့သော ပြင်းအား ၇ ဒသမ ၉ မဂ္ဂနီကျူဒ်ရှိ မြေငလျင်သတင်းဆိုး ကြားသိရ သည်။

အဆိုပါနိုင်ငံတွင် ၁၉၃၄ ခုနှစ်တွင် ပြင်းအား ၈ ဒသမ ၁ ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူဦးရေ တစ်သောင်းကျော် သေဆုံးခဲ့သည်။ နှစ်ပေါင်း ၈၀ ကျော်တွင် မြေငလျင်ဒဏ်ထပ်မံကြုံတွေ့လာရခြင်းဖြစ်သည်။ ထို့အတူ နာဂစ်ဒဏ်ခံစားခဲ့ရသော ဒေသများတွင်လည်း ထပ်မံကြုံတွေ့ရခြင်း မရှိစေရေး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများလိုအပ်နေသည်ဟု သတိပေးသကဲ့သို့ ရှိနေသည်။

၂၀၀၈ ခုနှစ်မေလဆန်းတွင် ကြုံတွေ့ခဲ့ရသော နာဂစ်မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်မှု အတွေ့အကြုံနည်းပါးသော ဒေသခံများအကြား လူအသက်ပေါင်း သိန်းဂဏန်းနှင့်အတူ ပျက်စီးမှု ပမာဏများပြားခဲ့သည်။ မြစ်ဝကျွန်းပေါ်တွင် နေထိုင်သူများကြုံတွေ့ခဲ့ခြင်းမရှိသေးသော ဆိုးရွားသည့် သဘာဝဘေးအန္တရာယ်ဖြစ်သည်။ ပျက်စီးဆုံးရှုံးမှုများကို နိုင်ငံတော်အဆင့်အပါအဝင် ပြည်တွင်း ပြည်ပမှ စေတနာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ပြန်လည်ထူထောင်ရေးများ လုပ်ကိုင်ခဲ့ရသည်။

သောက်သုံးရေအလျင်အမြန်ရရှိရေး၊ နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် လိုအပ်သော ပစ္စည်း၊ ငွေကြေးအကူအညီများ၊ စားနပ်ရိက္ခာများ၊ အဝတ်အထည်အသုံးအဆောင်များ ကူညီထောက်ပံ့ခြင်း၊ စံပြကျေးရွာများ တည်ဆောက်ပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် မြစ်ဝကျွန်းပေါ်သားတို့ မျှော်လင့်မထားရဲသည့် မြစ်ကူးတံတားများအပါအဝင် လမ်းကွန်ရက် ၁၁ လမ်း ဖောက်လုပ်ပေးခြင်းများရှိလာသည်။ နိုင်ငံတော်အဆင့်မှ တာဝန်ရှိသူများ နာဂစ်ဒဏ်ခံမြို့များတွင် လအတန်ကြာ အနီးကပ်လမ်းညွှန်ကူညီမှုပြုခဲ့သည်ဟု ဒေသခံများက ဆိုသည်။

လူအသေအပျောက်၊ ပစ္စည်းနှင့်လုပ်ငန်းခွင်အဆုံးအရှုံးများပြားသော မြို့များတွင် စာရေးသူ၏ဇာတိ မော်လမြိုင်ကျွန်းသည် မြို့နီးချင်း လပွတ္တာ၊ ဘိုကလေးမြို့များနည်းတူပါဝင်ခဲ့ပါသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြောင့် နှစ်အနည်းငယ်အတွင်း နာဂစ်ဒဏ်ခံပုံရိပ်ဆိုးများပျောက်ကွယ်ခဲ့ပါသည်။ ကျန်းမာရေးကဏ္ဍတွင် ယခင် ခုတင်(၅၀)ဆံ့အစား ခုတင်(၁၀၀) အဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး ယခင်ကျန်းမာရေးကဏ္ဍတွင် မရှိခဲ့သော အထူးကုဆရာဝန်ကြီးများလည်း မော်လမြိုင်ကျွန်းမြို့တွင် တာဝန်ထမ်းဆောင်နေကြပါသည်။

မြစ်ချောင်းဝန်းရံသဖြင့် ရေလမ်းတစ်မျိုးတည်းသာ အသုံးပြုနေရသော ကျွန်းမြို့တွင် နာဂစ်အလွန် ပေါ်ပေါက်လာသော မိုင် ၅၀ ဝန်းကျင်ရှိ မော်ကျွန်း-ကျိုက်ပိ-မအူပင် လမ်းမကြောင့် ရန်ကုန်အပါအဝင် ပြည်တွင်းဒေသအသီးသီးသို့ အချိန်တိုအတွင်း ကားလမ်းအသုံးပြုသွားလာနိုင်သည်။ မြစ်ကူးတံတားနှစ်စင်းနှင့် ကတ္တရာခင်းလမ်းအဆင့်မြှင့်ပေးခြင်းကြောင့် ကားလမ်းခရီးတွင် အချိန်ကုန်သက်သာလာပါသည်။ တည်ဆောက်နေဆဲ ကျွဲခြံချောင်းကူးတံတားပြီးစီးအသုံးပြုနိုင်ချိန်တွင် မော်ကျွန်းမှ ရန်ကုန်သို့ မအူပင်လမ်းအပြင် ဘိုကလေး-ဖျာပုံ-ကွမ်းခြံကုန်း-ဒလလမ်းတို့ကို ရွေးချယ်သွားလာနိုင်မည်ဖြစ်သည်။ ထို့အတူ တည်ဆောက်ရန် လိုအပ်နေသေးသော အဝချောင်းတံတားပြီးစီးပါက မော်ကျွန်းမှလှိုင်းဘုန်းဒေသအပါအဝင် သစ်ပုတ်၊ ပြင်စလူပင်လယ်ပိုင်းဒေသများသို့ ကားလမ်းခရီးဖြင့် သွားလာနိုင်ပါမည်။

တယ်လီဖုန်းအပါအဝင် အင်တာနက်များဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မော်ကျွန်းဒေသသည် မြန်မာပြည်သာမက ကမ္ဘာ အရပ်ရပ်အနှံ့အပြားနှင့်ဆက်သွယ်ရေးကောင်းမွန်လာပါသည်။ နာဂစ်ဒဏ်ခံစားရချိန် မော်ကျွန်းမြို့ပေါ် ပြည်တွင်းရေကြောင်း ဆိပ်ခံဇောတံတားနစ်မြုပ်သကဲ့သို့ ရန်ကုန်သို့ရောက်ရှိနေသော ပုဂ္ဂလိက နှစ်ထပ်ရေယာဉ်အချို့ နစ်မြုပ်မှုများရှိခဲ့သည်။ နာဂစ်မတိုင်မီ ရုပ်ပြေးနှစ်ထပ်ရေယာဉ်ကြီး နှစ်စင်းသာရှိရာမှ ယခုအခါ ငါးစင်းတိုးမြှင့်ပြီးပြေးဆွဲနေပါသည်။ နိုင်ငံပိုင်သတင်းစာတိုက်များမှ နေ့စဉ်ထုတ်သတင်းစာများ ရန်ကုန်မှ နံနက် ၆ နာရီတွင် ရုပ်ပြေးရွှေပြည်တန်လူစီးသီးသန့်ဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ နေ့စဉ်အမီ ပေးပို့ခဲ့သဖြင့် နေ့လယ်ပိုင်း ရုပ်ပြေးဆိုက်ကပ်ချိန်တွင် သတင်းစာဖတ်ရှု၍ ရလာသည်။

နာဂစ်အလွန် တိုးတက်ခံစားရမှုနှင့်အတူ ပြုပြင်ရန်လိုအပ်နေမှုများ၊ ပံ့ပိုးကူညီရန် လိုအပ်နေသည်များလည်း ပူးတွဲရှိနေသည်ဟု စာရေးသူ၏ မိတ်ဆွေငယ်သူငယ်ချင်းတစ်ဦးက ပြောသည်။ သူငယ်ချင်းမိသားစုမှာ မော်ကျွန်းမြို့အောက်ပိုင်း ကျေးရွာတစ်ရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆဲဖြစ်ရာ လိုအပ်ချက်များကို ပြောပြသည်။

စပါးကိုနိုင်ငံတော်မှသာဝယ်ယူခွင့်ရှိချိန် လယ်သမားများအနေဖြင့် စပါးအဝယ်ဒိုင်ဝန်ထမ်းအများစု၏ ကတ္တားဖြင့် ပေါင်ပိုတိုက်ယူခြင်း၊ လယ်သမားများနားလည်ခြင်းမရှိသော အစိုဓာတ်၊ ဖုံ၊ သဲ၊ ခဲ ဖြတ်တောက်ခြင်းဖြင့် စပါးဖိုးငွေအပြည့်အဝ မရရှိခဲ့ပါ။ ယနေ့ကာလ ပုဂ္ဂလိက လုပ်ကိုင်ချိန်တွင်လည်း လယ်သမားများ စပါးရောင်းချရာတွင် ယင်းကဲ့သို့ ပေါင်ပိုတိုက်ယူခြင်း အပါအဝင် အစိုဓာတ်အကြောင်းပြ ဖြတ်တောက်ခြင်းရှိနေဆဲပင်ဖြစ်သည်။

လယ်စိုက်ပျိုးရာတွင် ငွေကြေးအရင်းအနှီးလိုအပ်မှု၊ လယ်ဧကများ၊ မိသားစုအတွင်း တိုးပွားလာသော မိသားစုဝင်များ ခွဲဝေလုပ်ကိုင်လာ၍ ဒီရေတောများလျင်မြန်စွာ ဆုံးရှုံးမှုဒဏ်ကို ၂၀၀၈ နာဂစ်မုန်တိုင်းတွင် မြစ်ဝကျွန်းပေါ်သားတို့ သိရှိနားလည်လာသည်။ ပြည်ပအကူအညီဖြင့် ဒီရေတောများပြန်လည်စိုက်ပျိုးလာသည်။ ပြည်သူများ၏ အသိစိတ်ရှိစွာပူးပေါင်းကူညီမှုဖြင့် ဒီရေတောများ ယခင်ကာလပမာဏထိ မများစေကာမူ အထိုက်အလျောက် ရှင်သန်လာမည်ဖြစ်သည်။ ဒီရေတောအပါအဝင် သစ်ပင်များစိမ်းစိုရှင်သန်မှသာ မုန်တိုင်းဒဏ်၊ ခရမ်းလွန်ရောင်ခြည်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်လာနိုင်မည်ဖြစ်သည်။

ကားလမ်းမရှိ၍ ယာဉ်ကြောင့်ထိခိုက်သေဆုံးမှုမရှိသော မော်ကျွန်းမြို့တွင် စည်းကမ်းမဲ့သွားလာမှုကြောင့် မြို့နှင့် ယာဉ်အနေအထားနှင့်မမျှအောင် ယာဉ်အန္တရာယ်ကြောင့် သေဆုံးမှုများရှိလာသည်ကို သတိပြုမိသည်။ နာဂစ်ကဲ့သို့ အစုလိုက်မဟုတ်သော်လည်း အမှည့်ခြွေသကဲ့သို့ သေဆုံးနေမှုများ ယာဉ်အန္တရာယ်ကြောင့်မဖြစ်ရန် ဝိုင်းဝန်းတားဆီးရန်လိုအပ်လာသည်။

ယခင်နှစ်သီးထပ်စိုက်ပျိုးမှုကြောင့် နိုင်ငံတော်အဆင့်ထူးချွန်ဆုရရှိခဲ့သော မော်ကျွန်းမြို့တွင် နှမ်းစိုက်ပျိုးမှုမရှိသလောက် ဖြစ်လာသည်။ ဂုန်လျှော်စိုက်ပျိုးမှုလည်း မရှိတော့ဘဲ။ နွေစပါး၊ ပဲ၊ သီးထပ်စိုက်ပျိုးမှုသာရှိရာ မြေဆီလိုအပ်ချက်နှင့် ပိုးမွှားအန္တရာယ်များလည်းရှိရာ မျှော်မှန်းသကဲ့သို့ ဝင်ငွေရရှိမှုမရှိသေးဟု ဒေသခံများထံမှ သိရသည်။

ကျေးလက်နှင့်မြို့ပေါ်တွင် စီးပွားရေးလုပ်ငန်းများ နည်း၍ မြို့နယ်တွင်းရှိ နေထိုင်သူအချို့ ရန်ကုန်အပါအဝင် ဒေသအသီးသီးသို့ ပြောင်းရွှေ့လုပ်သားအဖြစ် လုပ်ကိုင်လာကြသည်။ မိသားစုအလိုက်ပင် ပြောင်းရွှေ့ကြသည်။ သို့ဖြစ်ရာ လယ်ယာလုပ်သားရှားပါးမှုမှာ အခြားဒေသများကဲ့သို့ရှိလာရာ စက်ကိရိယာများ ပြောင်းလဲအသုံးပြုလာရသည်။

မြို့နယ်အတွင်းလုပ်သားရှားပါးမှု မဖြစ်ပေါ်စေရေး၊ မြို့နယ်အတွင်း နေထိုင်သူများရွှေ့ပြောင်းလုပ်သားဘဝ မရောက်ရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ကျေးရွာနှင့်မြို့ပေါ်တွင် လိုအပ်နေပါသည်။ သို့ဖြစ်ရာ နာဂစ်ခုနစ်နှစ်မြောက်လာသော်လည်း နာဂစ်ဒဏ်ခံဒေသများရှိ လိုအပ်နေမှုများကို ဝိုင်းဝန်းကူညီရန် လိုအပ်နေဆဲဖြစ်သည်။ ထို့အတူ ထပ်မံ ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်ဆိုးများကို ထိခိုက်မှုနည်းပါးစွာဖြင့် ရင်ဆိုင်နိုင်ရန် သတိပြုပြင်ဆင်ထားကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**(မောင်စေအောင်)**

# "နင်ရယ် ငါရယ် သူငယ်ချင်း" သီချင်းနှင့်ပရိသတ်အားပေးလက်ခံမှု ရရှိထားသည့်

# 3 Creators အဖွဲ့နှင့် တွေ့ဆုံမေးမြန်းခြင်း

စန္ဒာဝင်း

**၂၀၁၂ ခုနှစ် မေ ၁၁ ရက်တွင် ထုတ်ခဲ့သည့် Cheers အခွေထဲတွင် "နင်ရယ် ငါရယ် သူငယ်ချင်း" သီချင်းဖြင့် လူငယ်ပရိသတ်ရင်ထဲရောက်ခဲ့ရသည့် 3 Creators အဖွဲ့သည် တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသည့် ၂၀၀၈-၂၀၀၉ ခုနှစ်မှစတင်ပြီး ဂီတလောကထဲဝင်ရောက်ခဲ့သည်။ သူတို့အဖွဲ့သည် ဂီတခရီးစတင်လျှောက်လှမ်းကာစတွင် အခက်အခဲမျိုးစုံရင်ဆိုင်ခဲ့ရပြီး ဂီတအပေါ် မြတ်နိုးမှုစိတ်တစ်ခုတည်းကြောင့်သာ အားတင်းထားနိုင်ခဲ့ကြောင်းသိရသည်။ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းအားထုတ်ခဲ့ပြီး ပရိသတ်လက်ခံအားပေးမှု ရရှိအောင် ကြိုးစားခဲ့ကြသည့် 3 Creators အဖွဲ့ဝင်များ၏ လက်ရှိဂီတလှုပ်ရှားမှုများ၊ စိတ်ဓာတ်ခွန်အားမြှင့်တင်ပုံနည်းလမ်းများနှင့် သူတို့၏ ဘဝခံယူချက်များနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင်-**




ဒိုးပတ် | ရွှေထူး | အာဒတ်

**ရွှေထူး**

အခုလက်ရှိတော့ Single အခွေအတွက်လုပ်နေပါတယ်။ ဇူလိုင်လလောက် ထွက်ဖြစ်မှာပါ။ စီးရီးနာမည်က "True Love" လို့ ပေးထားပါတယ်။ 3 Creators အဖွဲ့အနေနဲ့လည်း အခွေထုတ်ဖို့ အစီအစဉ် ရှိပါတယ်။ ကျွန်တော်တို့ ဂီတလောကကို စပြီးလျှောက်လှမ်းတော့ လုံးဝအစိမ်းသက်သက်ဖြစ်တဲ့အတွက် အခက်အခဲတွေ အများကြီးကြုံခဲ့ရတယ်။ ကျွန်တော်တို့စလုပ်တုန်းက အဖွဲ့မှာ တီးလုံးတီးတတ်တဲ့ သူကမရှိဘူးဆိုတော့ အငှားတီးခိုင်းရတယ်။ ငွေရေးကြေးရေး အကျပ်အတည်းဖြစ်လို့ ကျွန်တော်တို့ လက်တော့ပ်တွေကို ပေါင်လိုက်ရတာတွေရှိတယ်။ အနှိမ်ခံခဲ့ရတာတွေ၊ လူရာသွင်းမခံခဲ့ရတာတွေ အများကြီးပဲ ခံစားခဲ့ရတယ်။ မျက်ရည်ဝဲတဲ့အထိ ခံစားခဲ့ရဖူးပါတယ်။ ဂီတရူးသွပ်မှုအပေါ်တော့ အာမခံပေးနိုင်လောက်အောင် ဂီတကို ချစ်ခင်မြတ်နိုးကြတာပါ။

ကျွန်တော်ကတော့ စိတ်ညစ်စရာ၊ စိတ်ဓာတ်ကျစရာကြုံရင် ကျွန်တော်တို့ 3 Creators အဖွဲ့ဆုံတယ်။ ပြီးရင် သုံးယောက်ဆုံပြီး ပြဿနာကို ဖြေရှင်းဖို့စဉ်းစားတယ်။

ကျွန်တော်ရဲ့ ဘဝခံယူချက်ကတော့ **"ရိုးရိုးကျင့် မြင့်မြင့်ကြံ"** ရိုးရိုးရှင်းရှင်းနေပြီး မြင့်မြင့်မားမားကြံဆောင်နေရပါမယ်။ လူမှုဆက်ဆံရေး အဆင်ပြေအောင်ကြိုးစားရပါမယ်။ စိတ်ဓာတ်မကျဘဲ ဘယ်လိုအခက်အခဲရှိရှိ ကြိုးစားဖို့ပဲလိုပါတယ်လို့ပဲ ပြောချင်ပါတယ်။

**ဒိုးပတ်**

ကျွန်တော်လောလောဆယ် သီချင်းတွေရေးတယ်။ သီချင်းတွေဆိုတယ်။ ပြီးတော့ သီချင်းကိုးပုဒ်လောက်ပါတဲ့ Single အခွေတစ်ခွေ အွန်လိုင်းပေါ်တင်နိုင်အောင် လုပ်နေပါတယ်။

ကျွန်တော်က စိတ်ဓာတ်ကျတဲ့အခါမှာ သီချင်းနားထောင်တယ်။ ကျွန်တော်ကြိုက်တဲ့ အဆိုတော်တွေဖြစ်တဲ့ ကိုရသတို့ ကိုထူးအိမ်သင်တို့ သီချင်းတွေနားထောင်ပြီး အားကျတဲ့စိတ်နဲ့ကြိုးစားချင်စိတ်ရှိအောင် ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးတာတွေ လုပ်ပါတယ်။

ဘဝမှာကျွန်တော်ကတော့ ကိုယ်ဝါသနာပါတဲ့ အလုပ်ကိုလုပ်မယ်။ စေတနာထားပြီးလုပ်မယ်။ ကြိုးကြိုးစားစားလုပ်မယ်။ ဒီလိုဆိုရင်ဘဝကို အပြည့်အဝနေထိုင်ခြင်းလို့ပဲမြင်ပါတယ်။

**အာဒတ်**

ကျွန်တော် လတ်တလော ဂီတလှုပ်ရှားမှုတွေအနေနဲ့ကတော့ ရှိုးပွဲတွေလိုက်ဆိုနေပါတယ်။ သီချင်းတွေရေးတယ်။ ကျွန်တော်တို့အဖွဲ့ဆုံပြီး သီချင်းတွေလုပ်နေပါတယ်။

ကျွန်တော်က စိတ်ညစ်တဲ့အခါမှာ လုပ်တတ်တာက စာဖတ်တာပါပဲ။ ဝက်ဘ်ဆိုက်ဒ်တွေမှာ စာတွေရှာတယ်။ ဒေါင်းလုဒ်လုပ်ပြီး စာဖတ်တယ်။ စာဖတ်တဲ့အတွက်ပိုပြီး အသိညဏ်တွေတိုးလာသလို ကိုယ်မရတဲ့ ဘဝတွေကို ရသွားပြီး စိတ်ညစ်တာတွေကို မေ့သွားပါတယ်။

ကျွန်တော်စာဖတ်တာက တကယ်တော့ အလေ့အကျင့်ဖြစ်သွားလို့ အမြဲဖတ်ဖြစ်နေတာပါ။ ကျွန်တော်တို့အလုပ်ကလည်း စာဖတ်ရင်ဖတ်သလို အကျိုးရှိတာပါ။ ကျွန်တော်တို့ အလုပ်မှ မဟုတ်ပါဘူး။ ဘယ်အလုပ်မဆို စာဖတ်တဲ့သူက ခေါင်းတစ်လုံးသာစမြဲပါ။ အဲဒါကြောင့် စာဖတ်ဖို့လိုပါတယ်။ ဘယ်အရာမှာမဆို လုပ်ပါများရင် အကျင့်ဖြစ်ပြီး စွဲသွားမှာပါပဲ။

ကျွန်တော်ရဲ့ ဘဝခံယူချက်ကတော့ ဘယ်အရာမဆို လွယ်လွယ်နဲ့တော့မရဘူး။ ကြိုးစားပြီး ယူရမှာပဲ။ အမှားတွေလည်းလုပ်မိမှာပဲ။ လဲကျသွားရင်လဲပြန်ထဖို့ကို ကြိုးစားရမှာပဲ။ အဓိကကတော့ ကိုယ်လိုချင်တဲ့ ကိုယ်မျှော်မှန်းတဲ့ ရည်မှန်းချက်ရောက်အောင် အမြဲကြိုးစားဖို့ပဲ အရေးကြီးပါတယ်။

# ဆူကီဝါးတားဟောက်စ် နှင့် ဂျိမ်းစ်မာ့စ်ဒွန် တို့တွဲနေပြီလား

မေလွဲ့သင်း



ဆူကီဝါးတားဟောက်စ်နဲ့ ဂျိမ်းစ်မာ့စ်ဒွန်တို့နှစ်ဦးရဲ့ ဟောလိဝုဒ်ပြင်ပမှာအတူတကွညစာထွက်စားတဲ့ပုံတွေ အွန်လိုင်းမှာတက်လာပြီးနောက် သူတို့နှစ်ဦးတွဲနေပြီလားဆိုပြီး မီဒီယာတွေက အသားပေးဖော်ပြလာကြပါတယ်။ အသက် ၂၃ နှစ်အရွယ်ဆူကီနဲ့အသက် ၄၁ နှစ်ရှိနေပြီဖြစ်တဲ့X-Man ကြယ်ပွင့်မာ့စ်ဒွန်တို့နှစ်ဦးဟာ မေ ၂၅ ရက်က မထင်မရှားစားသောက်ဆိုင်လေးထဲကထွက်လာပြီး ဆူကီကို ဂျိမ်းစ်ကကားတံခါးအထိပါလိုက် ဖွင့်ပေးခဲ့လို့အခုလိုသတင်းတွေထွက်လာတာဖြစ်ပါတယ်။

သတင်းရင်းမြစ်တစ်ခုကတော့ "သူတို့နှစ်ဦးဟာ အလုပ်ကိစ္စအတွက်ပဲဆွေးနွေးခဲ့တာဖြစ်ပြီး ဆူကီကအခုထိတစ်ယောက်တည်းပါပဲ။ သူကတစ်စုံတစ်ယောက်နဲ့ ဒိတ်လုပ်ရမှာ စိတ်လှုပ်ရှားနေခဲ့ပြီး သူ့ဘဝရဲ့ တိုးတက်ရာတိုးတက်ကြောင်းအတွက်ပဲ အချိန်ပေးချင်နေတယ်" လို့ဖော်ပြထားပါတယ်။

ဒါ့အပြင် ဝါးတားဟောက်စ်နဲ့ချစ်သူဟောင်းဘရက်ဒလေကူးပါးတို့ဟာ ပြီးခဲ့တဲ့မတ်လက ချစ်သူအဖြစ်ပြတ်စဲခဲ့ပေမယ့်လည်း အခုချိန်ထိမိတ်ဆွေကောင်းအဖြစ်ဆက်လက်ရှိနေတုန်းပါပဲ။

ပြီးခဲ့တဲ့ မတ်လက E! News မှာ "ဘရက်ဒလေနဲ့ဆူကီတို့နှစ်ယောက်ဟာ ဖြစ်ချင်တဲ့ဆန္ဒတွေမတူညီခဲ့ကြလို့လမ်းခွဲခဲ့ကြပေမယ့်မိတ်ဆွေကောင်းအနေနဲ့ဆက်လက်ရှိနေတုန်းပဲ။ ဘရက်ဒလေကသူ့အသက်အရွယ်အရ မိသားစုဘဝကိုထူထောင်ချင်ပေမယ့် ဆူကီကအဲဒီအတွက်အဆင်သင့်ဖြစ်မနေခဲ့ဘူး။ ဆူကီကဘရက်ဒလေကိုချစ်သလို၊ ဘရက်ဒလေကလည်း ဆူကီ့ကိုချစ်ပါတယ်။ ဒါပေမယ့်ဆူကီကငယ်သေးတော့ မိခင်ဘဝမရောက်ခင် အောင်မြင်တဲ့အနုပညာရှင်အဖြစ်စိတ်လွတ်ကိုယ်လွတ်လုပ်ကိုင်ချင်တဲ့ဆန္ဒရှိနေခဲ့တယ်"လို့ဖော်ပြခဲ့ပါတယ်။

ဝါးတားဟောက်စ်နဲ့မာ့စ်ဒွန်တို့နှစ်ဦးကတော့ ပြီးခဲ့တဲ့အပတ်ကကျင်းပခဲ့တဲ့ကိတ်ဟက်ပ်ဆန်ရဲ့မွေးနေ့ပါတီမှာ စတင်တွေ့ခဲ့ကြတာဖြစ်ပြီး အဲဒီပွဲမှာ အတူတကွ တွဲကခဲ့ပါသေးတယ်။

## ရုပ်မြင်သံကြားအစီအစဉ်

၃၀ - ၄ -၂၀၁၅ (ကြာသပတေးနေ့)

### မြဝတီ

- နံနက်ပိုင်း
- ၆း၀၃ တရားတော်
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၄၅ မျိုးချစ်တပ်မတော်
- ၆း၅၀ မှတ်တမ်း
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၂၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၄ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ ရွှေဟောင်းသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၈း၄၅ မြဝတီနေ့စဉ်သတင်း
- ၈း၅၅ လျှပ်တစ်ပြက်
- ၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ဗီစီဒီကျော်ကြားတေး
- ၄း၅၀ မွေးမြူသုတ
- ၅း၀၀ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၃၄)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပန်းခူးသူဆူးစူးပါစေ အပိုင်း(၃၇)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒွိတာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဟိုတယ်ဘုရင် အပိုင်း(၂၈)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် +ဇဂ္ဂသုတ်
- ၇း၅၀ ရဟန္တာ(၈၀) ရွှေဟောင်း သမိုင်းဝင်မဟာသိမ်တော်ကြီး
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၁း၀၅ Food & Decor
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၁၃၁)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၂၁)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၉၇)
- ၆း၁၅ MRTV-၄ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၉၈)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၂၂)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၅၄)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၁၃၂)
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၃း၁၅ Education Talk (မြန်မာစာသင်ကြားရေးနှင့် အဆင့်မြင့်ပညာ)
- ၃း၅၅ World of Knowledge (Air Crash Investigation : Doomed to Fail)
- ၄း၄၅ အံ့ဖွယ်ထူးခြားအင်းလေး ဒေသဆီမှ ရွှေဟောင်းဘုရားများ

### mitv

- Leading Ladies: "Naw Sussana Hla Hla Soe"
- Reflected Glory
- Creator Of Imagination
- Writer
- Porcelain and Glass
- Civic Duty
- Amazing: Magician Sak Kaw Ma
- Five Treasures in the Ancient City Of Mrauk U
- Culture Show: Abdication of King Thibaw
- Pagoda Forest in Pa-O Land
- The Storytellers
- Today Myanmar "Myanmar Timber Exports"
- Pictures Decorated With Seashells And Gemstones
- MONASTERY (Shwe In - Pin Kyaung)
- Serene and Happy Rural Life in Myanmar
- School For the Blind (Kyee Myin Dine)
- Distinguished Myanmar Ladies "Ma Myint Zu"
- An Aficionado Of Alluring Antiques
- Youth Filmmaker "Wera Aung"
- A Tea Business: Pankwan (Part-1)
- Ancient Pagodas In Myaing Township
- Applied Myanmar Traditional Martial Art (Part-2)

## အားကစား

*အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ် (၃၄)ကို မေ ၁၊ ၃၊ ၄၊ ၅ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ဒီပွဲမတိုင်ခင် ရှေ့ကြားရက်မှာလည်း ပွဲစဉ် (၃၃) ကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်လို့ အသင်းတွေပွဲပန်းမှုရှိလာနိုင်တဲ့အပြင် ဒီပွဲအပြီးမှာလည်း ဥရောပပွဲတွေရှိနေတာကြောင့် ဂျူဗင်တပ်၊ ဖီအိုရင်တီးနား၊ နာပိုလီတို့ခြေကုန်ထုတ်ဖို့ခက်တာ သတိပြုရမယ်။*



| ဆမ့်ဒိုးရီးယား | VS | ဂျူဗင်တပ် |
|---|---|---|
| ည ၁၀း၃၀(၂-၅-၁၅) | | |

ဆမ့်ဒိုးရီးယားဟာ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေပေမယ့် ဥရောပဝင်ခွင့်ရဖို့အတွက် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာပါ။ ဒါ့အပြင် ဆမ့်ဒိုးရီးယားဟာ အိမ်ကွင်းမှာ အသင်းလိုက်ကစားပုံကောင်းတတ်သလို ဂျူဗင်တပ်ကလည်း ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိတဲ့အတွက် ခြေကုန်ထုတ်ဖို့ခက်မယ်။ သရေကျသွားဖို့များတယ်လို့ ယူဆမိတယ်။

| ဆာစူအိုလို | VS | ပါလာမို |
|---|---|---|
| နံနက် ၁း၁၅ (၃-၅-၁၅) | | |

ဆာစူအိုလိုက အိမ်ကွင်းကစားအားကောင်းမွန်မှုရှိတတ်တယ်။ ဒါ့အပြင် လက်ရှိအသင်းလိုက် ဟန်ချက်လည်း ကောင်းမွန် နေသလို ရလဒ်ပိုင်းလည်းမဆိုးဘူး။ ပါလာမိုက အခုနောက်ပိုင်းကစားပုံမဆိုးဘူး ဆိုပေမယ့် အဝေးကွင်းမှာခြေစွမ်းပိုင်း ကျဆင်းတတ်တာကိုတော့ သတိပြုရမယ်။ ဆာစူအိုလိုအနိမ့်ဆုံးသရေရမယ်။

| ဖီအိုရင်တီးနား | VS | ဆီစီနာ |
|---|---|---|
| ည ၇း၃၀ (၃-၅-၁၅) | | |

ဖီအိုရင်တီးနားဟာ အခုနောက်ပိုင်းရလဒ်ပိုင်း မတည်ငြိမ်မှုတွေနဲ့အတူ ဥရောပဝင်ခွင့်ရဖို့ အမှားမခံတဲ့ အခြေအနေ ရောက်သွားတာကြောင့် ဒီပွဲမှာအနိုင်ရဖို့အားစိုက်မှာပါ။ ဖီအိုရင်တီးနားအနေနဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ရှိတယ် ဆိုပေမယ့် ဆီစီနာရဲ့တန်းမဆင်းရရေး ရှန်းအားက သာမန်လောက်သာရှိလို့ ဖီအိုရင်တီးနား ကပ်နိုင်သွားမှာပါ။

| အတ္တလန္တာ | VS | လာဇီယို |
|---|---|---|
| ည ၇း၃၀ (၃-၅-၁၅) | | |

အတ္တလန္တာကတန်းမဆင်းရဖို့ အာမခံချက်မရှိသေးတဲ့အတွက် အားစိုက်ကစားမှာပါ။ လက်ရှိအတ္တလန္တာရဲ့ အသင်းလိုက်ရှန်းအားကလည်း ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့် လာဇီယိုကလည်း ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ အမှားခံမှာ မဟုတ်သလို ခြေလည်းကောင်းနေပါတယ်။ လာဇီယိုပဲနိုင်ပွဲရသွားမှာပါ။

| ရိုးမား | VS | ဂျီနိုအာ |
|---|---|---|
| ညနေ ၅း၀၀ (၃-၅-၁၅) | | |

အင်တာမီလန်ကိုရှုံးပြီးနောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်ပျောက်ဆုံးခဲ့ရမှုနဲ့အတူ ရိုးမားဟာချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ ဘယ်လိုမှ အမှားမခံတဲ့ အခြေအနေ ရောက်သွားတယ်။ ဒါကြောင့် ဒီအိမ်ကွင်းပွဲမှာ မဖြစ်မနေ နိုင်ပွဲ ပြန်ယူနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို ဂျီနိုအာခြေ မဆိုးပေမယ့် ဒီပွဲမှာတော့ ရိုးမားအနိုင်ရသွားဖို့များတယ်။

| အင်တာမီလန် | VS | ချီယေဗို |
|---|---|---|
| ည ၇း၃၀ (၃-၅-၁၅) | | |

ရိုးမားကိုအနိုင်ရခဲ့တဲ့ပွဲမှာ အင်တာမီလန်ရဲ့ ကစားပုံကောင်းမွန်မှုရှိပါတယ်။ နောက်ဆုံးလေးပွဲဆက် အရှုံးမရှိဘဲ အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုပြီးကောင်းမွန်တတ်တာ သတိပြုရမယ်။ ဒါကြောင့် လက်ရှိအချိန်မှာ ချီယေဗိုရဲ့ ခြေမဆိုးဘူးဆိုပေမယ့် အင်တာမီလန်ကို အသာရဖို့တော့ မလွယ်ဘူး။ အင်တာမီလန်ပဲနိုင်ပွဲရသွားမှာပါ။

| ဗီရိုနာ | VS | အူဒီးနီးစ် |
|---|---|---|
| ည ၇း၃၀ (၃-၅-၁၅) | | |

အေစီမီလန်ကိုအနိုင်ကစားနိုင်ခဲ့မှုနဲ့အတူ အူဒီးနီးစ်ရဲ့တန်းမဆင်းရရေး မျှော်လင့်ချက်က ပိုမိုအားကောင်းသွားပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း အားစိုက်ကစားလာဦးမှာပါ။ ဒါပေမယ့် ဗီရိုနာဟာအိမ်ကွင်းပွဲစဉ်တွေမှာ ရှန်းအားကောင်းမွန်တတ်တာကြောင့် အူဒီးနီးစ်အခက်တွေ့နိုင်တယ်၊ သရေကျသွားဖို့များတဲ့ပွဲပါ။

| နာပိုလီ | VS | အေစီမီလန် |
|---|---|---|
| နံနက် ၁း၁၅ (၄-၅-၁၅) | | |

အူဒီးနီးစ်ကို ရှုံးနိမ့်မှုနဲ့အတူ အေစီမီလန်ဟာ သုံးပွဲဆက်တိုက်အနိုင်ပျောက်သွားတယ်။ ဒါ့ကြောင့် ဒီပွဲစဉ်မှာ အားစိုက် ကစားလာဖို့တော့ရှိတယ် ။ ဒါပေမယ့် အေစီမီလန်ရဲ့အဝေးကွင်းခြေက သာမန်ထက်မပိုသလို နာပိုလီကလည်း ဥရောပဝင်ခွင့်အတွက် အမှားခံမှာ မဟုတ်ဘူး။ ယူရိုပါလိဂ်ရှိပေမယ့် နာပိုလီထပ်နိုင်မယ်။


| ကယ်ဂလီယာရီ | VS | ပါးမား |
|---|---|---|
| နံနက် ၁း၁၅(၅-၅-၁၅) | | |

တန်းဆင်းရဖို့သေချာသလောက်ရှိနေပေမယ့် အခုနောက်ပိုင်းမှာ ပါးမားရဲ့ကစားဟန်နဲ့ အသင်းလိုက်ရှန်းအားက သိသိသာသာကောင်းမွန်နေတယ်။ ဒါ့အပြင် တန်းဆင်းဇုန်ပြိုင်ဘက် ကယ်ဂလီယာရီရဲ့လက်ရှိခြေစွမ်းပိုင်းကလည်း အတော်လေး အားနည်းနေတယ်။ ကယ်ဂလီယာရီကွင်းဖြစ်ပေမယ့် ပါးမားသရေလောက်ရမှာပါ။

| တိုရီနို | VS | အမ်ပိုလီ |
|---|---|---|
| ည ၁၁း၀၀ (၅ -၅-၁၅) | | |

အမ်ပိုလီကတန်းမဆင်းရဖို့ အာမခံချက် လုံး၀မရှိသေးဘူး။ ဒီပွဲစဉ်မှာလည်း ခြေကုန်ထုတ်ပြီး အမှတ်ရအောင် အားစိုက် လာမှာဖြစ်ပါတယ်။ ဒါပေမယ့် အမ်ပိုလီရဲ့ကစားပုံနဲ့ခြေစွမ်းကတော့ အားနည်းမှုတွေရှိနေတာကြောင့် တိုရီနိုရဲ့အိမ်ကွင်းအားကိုကျော်ဖြတ်ဖို့ခက်တယ်။ တိုရီနိုကပ်နိုင်သွားနိုင်တယ်။

**ရှိုင်း မင်း မင်း**



## ပိုဒေါစကီး အာဆင်နယ်သို့ ပြန်လာရန် ဆန္ဒရှိနေ

အင်တာနည်းပြမန်စီနီက တိုက်စစ်မှူး ပိုဒေါစကီးအနေဖြင့် အင်တာနှင့်ချုပ်ဆိုထားသော အငှားစာချုပ်သက်တမ်းကုန်ဆုံးလျှင်အာဆင်နယ်အသင်းသို့သာ ပြန်လည်သွားရောက်ကစားရန် ဆန္ဒရှိနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ ဂျာမနီလက်ရွေးစင်တိုက်စစ်မှူးသည် ပြီးခဲ့သောဆောင်းရာသီ အပြောင်းအရွှေ့ကာလက အင်တာသို့အငှားဖြင့်လာရောက်ကစားနေခဲ့ပြီး စီးရီးအေ၌ပုံမှန်ခြေစွမ်းရရန် ရုန်းကန်နေခဲ့ရသည်။

မန်စီနီက ပိုဒေါစကီးအနေဖြင့် အင်တာနှင့်အမြဲတမ်းစာချုပ်ချုပ်ဆိုရန်ထက် အာဆင်နယ်နှင့်သာ ပြန်လည်ပူးပေါင်းသွားရန်ဆန္ဒရှိနေသည်ဟု ဆိုသည်။

မန်စီနီက "ပိုဒေါစကီးက တကယ် အသုံးချတတ်ရင်ပရော်ဖက်ရှင်နယ်တကယ်ဆန်ပြီး ခြေစွမ်းခြေစကောင်းတဲ့ ကစားသမားမျိုးပါ။ ဒါပေမယ့် အခြေအနေက တစ်ခြားစီဖြစ်နေတယ်။ ဘာလို့လဲဆိုရင် သူက အငှားနဲ့လာကစားနေသူဖြစ်ပြီး အာဆင်နယ်ကိုပဲပြန်ချင်နေတယ်" ဟုရှင်းပြခဲ့သည်။

ပိုဒေါစကီးသည် အင်တာအတွက် (၁၃)ပွဲဝင်ရောက်ကစားခဲ့ပြီး ယခုထိဂိုးတစ်ဂိုးမျှသွင်းယူနိုင်ခြင်းမရှိသေးပေ။

## မက်ဆီ၊ နေမာ၊ ဆွာရက်ဇ် တောင်အမေရိက တိုက်စစ်အတွဲ

## ရာသီမကုန်ခင် သွင်းဂိုး၁၀၀ကျော်အထိ ရှိနေ


တောင်အမေရိကတိုက်စစ်အတွဲဖြစ်တဲ့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ဟာ ဘာစီလိုနာက ဂီတာဖေးကို ခြောက်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိတဲ့ပွဲမှာ သူတို့တိုက်စစ်တွဲကပဲ ငါးဂိုးအထိသွင်းယူနိုင်ခဲ့တဲ့အတွက် ယခုရာသီမှာတိုက်စစ်မှူးသုံးဦးပေါင်း သွင်းဂိုး၁၀၂ ဂိုးအထိရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဒီတောင်အမေရိက တြိဂံတိုက်စစ်အတွဲဟာ ၂၀၀၈-၂၀၀၉ နည်းပြဂွါဒီယိုလာလက်ထက် အွန်နရီ-မက်ဆီ-အီတူးသွင်းယူခဲ့တဲ့ စံချိန်တင်သွင်းဂိုး ၉၉ ဂိုးကို ကျော်လွန်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရာသီက လာလီဂါအကောင်းဆုံးတိုက်စစ်တွဲအဖြစ်သတ်မှတ်ခံခဲ့ရတဲ့ စီရိုနယ်လ်ဒို-ဘင်ဇီမာ-ဂါရတ်ဘေးလ်တိုက်စစ်အတွဲကတောင်ပြိုင်ပွဲစုံ စုစုပေါင်း၁၄၃ပွဲမှာ သွင်းဂိုး၉၇ဂိုးပဲ သွင်းယူနိုင်ခဲ့တာပါ။

ဒါကြောင့် တိုက်စစ်မှူးဆွာရက်ဇ်က မေ၆ရက်မှာယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ ဘာကာအနေနဲ့လက်ရှိကော င်းမွန်တဲ့ခြေစွမ်းကိုဆက်ထိန်းပြီး ဘိုင်ယန်ကိုရင်ဆိုင်သွားမယ်လို့ဆိုခဲ့ပါတယ်။ ဘိုင်ယန်အနေနဲ့လည်း လက်ရှိမှာအသင်းရဲ့အားထားရတဲ့ တောင်ပံတိုက်စစ်မှူးအာဂျန်ရော်ဘင်ကို ဒဏ်ရာပြဿနာကြောင့် ဘာကာနဲ့ပွဲမှာ အသုံးပြုနိုင်မှာမဟုတ်လို့ တိုက်စစ်ပိုင်းအားနည်းသွားနိုင်ပါတယ်။

ဘာစီလိုနာနည်းပြဟင်နရီကေးက "ကျွန်တော့်အနေနဲ့ ကစားသမားတွေကိုဂိုးတွေ ဘယ်လောက်တော့ သွင်းဆိုတာမျိုးဘယ်တော့မှလုပ်မှာမဟုတ်ပါဘူး။ သူတို့ရဲ့သွင်းဂိုးတွေအပေါ် အသင်းကမှီတည်နေရတယ်။ ကျွန်တော်လေ့ကျင့်ရေးကွင်းမှာသူတို့လေ့ကျင့်တာကိုကြည့်နေရင်းနဲ့ အလှည့်ကျပွဲထွ က်ကစားခိုင်းဖို့ မလိုဘူးထင်လို့ ဒီတိုက်စစ်အတွဲကိုပဲဆက်သုံးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ သူတို့ကတကယ်လုံလောက် ပြည့်စုံနေတဲ့ပုံစံနဲ့ သွင်းဂိုးတွေရယူနေပြီးသူတို့ကိုတားဆီးဖို့ဆိုတာမဖြစ်နိုင်ပါဘူး"လို့ သူရဲ့ဘာကာတိုက်စစ်အတွဲကို ချီးမွမ်းပြောကြားခဲ့ပါတယ်။

**မေလှဲ့သင်း**





## ဝင်ဘယ်ဒန်ဆုကြေးငွေ တစ်ဦးချင်းချန်ပီယံများအတွက်

## ပေါင် ၁၂၀၀၀၀ အထိ တိုးမြှင့်မည်

၂၀၁၅ ဝင်ဘယ်ဒန်တင်းနစ်ဖလား၏ တစ်ဦးချင်းချန်ပီယံများသည် ပြီးခဲ့သည့်နှစ်ထက် ပေါင် ၁၂၀၀၀၀ အထိ ထပ်မံတိုးမြှင့်ပေးမည်ဖြစ်သောကြောင့် တစ်ဦးချင်းချန်ပီယံဖြစ်ပါက ပေါင် ၁ ဒသမ ၈၈ သန်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလန်ကလပ်အသင်းများ၏ ဆုကြေးသည်လည်း ပေါင် ၂၅ သန်းမှ ပေါင် ၂၆ ဒသမ ၇၅ သန်းသို့မြင့်တက်လာခြင်းကြောင့် အင်္ဂလန်သည်လည်း နှစ်စဉ် ခုနစ်ရာခိုင်နှုန်းတိုးလာသည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဝင်ဘယ်ဒန်ဆုကြေးသတ်မှတ်ချက်သည် စုစုပေါင်း ၂၆ ဒသမ ၇၅ သန်း ရှိပြီး တစ်ဦးချင်းချန်ပီယံသည် ပေါင် ၁ ဒသမ ၈၈ သန်း၊ နှစ်ယောက်တွဲချန်ပီယံသည် ပေါင် ၃၄၀၂၅၀၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲချန်ပီယံသည် ပေါင် ၁၀၀၈၀၀၊ ဝှီးချဲနှစ်ယောက်တွဲချန်ပီယံသည် ပေါင် ၁၅၃၆၀ စသည်ဖြင့် အသီးသီးသတ်မှတ်ထားကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှ ပေးအပ်ချီးမြှင့်မည့် စုစုပေါင်း ဆုကြေးငွေသည် ၂၀၁၁ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှ ပေးအပ်ချီးမြှင့်ခဲ့သည့် စုစုပေါင်း ဆုကြေးငွေနှင့် နှိုင်းစာပါက ပေါင် ၂၆ ဒသမ ၇၅ သန်းအထိ တိုးလာခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၈၃ ရာခိုင်နှုန်း အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ **[ငွေကြယ်]**

**ပြင်ဆင်ဖတ်ရှုပါရန်**

ဧပြီ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၄) ကြော်ငြာကဏ္ဍ၌ ဖော်ပြပါရှိသည့် "ရွှေစင်စကြာကုမ္ပဏီလီမိတက်နှင့် အများသိစေရန် တုံ့ပြန်ကြေညာခြင်း"တွင် တတိယအပိုဒ် တတိယစာကြောင်း၌ **"ရွှေစင်စကြာနှင့် မန်းရာဇာဘတ်စ်ကားကြီးနှစ်စီးယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း"** (အစား) **"ရွှေစကြာနှင့် မန်းရာဇာဘတ်စ်ကားကြီး နှစ်စီးယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း"**ဟု ပြင်ဆင်ဖတ်ရှုပါရန် တောင်းပန်အပ်ပါကြောင်းနှင့် ကြေညာချက်အပြည့်အစုံအား ပြန်လည်ဖော်ပြအပ်ပါသည်။

**(ဦးဆောင်ညွှန်ကြားရေးမှူး၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)**

# ၂၄-၄-၂၀၁၅ ရက်ထုတ် The Daily Eleven Newspaper ၏ စာမျက်နှာ(၇)တွင်ပါရှိသည့် ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ နို့တစ်စာတွင်ဖော်ပြထားသော "ရွှေလျှားစာတန်းထိုး မမှန်သတင်းထုတ်လွှင့်ခြင်းအတွက် MRTV-4 နှင့် 4-Digital တို့အပေါ် အထွေထွေနစ်နာမှု လျော်ကြေးတောင်းခံခြင်း"ဟူသောအချက်ကို ပြန်လည်ရုပ်သိမ်း၍ FOREVER GROUP Co.,Ltd, MRTV-4 နှင့် 4TV (4-Digital)မှ တာဝန်ရှိသူများအား ကျေနပ်သည်အထိတောင်းပန်ရန်နှင့် ပျက်ကွက်ပါက နစ်နာမှုများအတွက် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေစင်စကြာကုမ္ပဏီလီမိတက်နှင့် အများသိစေရန်တုံ့ပြန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၄၀၂/၀၃)၊ အိုလံပစ်တာဝါ(၁)၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်တွင်တည်ရှိသော FOREVER GROUP Co.,Ltd ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရွှေစင်စကြာကုမ္ပဏီလီမိတက်နှင့် အများသိစေရန် တုံ့ပြန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သော FOREVER GROUP Co.,Ltd သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်ပူးပေါင်းလျက် ၂၀၀၄ ခုနှစ်ကပင်စတင်၍ MRTV-4 နှင့် Channel 7 Free to Air ရုပ်သံလိုင်းထုတ်လွှင့်ခြင်း၊ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သော 4TV (4-Digital) လိုင်းများထုတ်လွှင့်ခြင်း၊ Mandalay FM ရေဒီယို ထုတ်လွှင့်ခြင်း စသည့်လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်လျက်ရှိပြီး ပြည်သူများအတွက် အပန်းဖြေရန်၊ ဗဟုသုတရရှိစေရန်နှင့် မှန်ကန်သော သတင်းဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်နိုင်ခဲ့သဖြင့် ပြည်သူများယုံကြည်အားပေးလျက်ရှိသော ကောင်းသတင်းနှင့်ကျော်ကြားသည့် ရုပ်သံလွှင့်ဌာနကြီးတစ်ခု ဖြစ်ပါသည်။

ရွှေစင်စကြာကုမ္ပဏီလီမိတက်သည် ၈-၄-၂၀၁၅ ရက်ထုတ် The Daily Eleven Newspaper စာမျက်နှာ(၇)တွင် "Sky Net in house channels, Myanmar National TV ၏ မမှန်သတင်းထုတ်လွှင့်ခြင်းအတွက် Shwe Than Lwin Media Co.,Ltd သို့ လျော်ကြေးငွေတောင်းခံခြင်း"ခေါင်းစဉ်ပါ နို့တစ်စာဖြင့် ၅-၄-၂၀၁၅ ရက် ည ၂၃း၃၀ နာရီခန့်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်-၁၂၀ ကျော်ခန့်၌ ရွှေစကြာနှင့် မန်းရာဇာဘတ်စ်ကားကြီးနှစ်စီး ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း၊ Sky Net in house channel, mntv သည် ၆-၄-၂၀၁၅ ရက် နံနက်ပိုင်းမှစ၍ ယင်းနေ့ ည ၁၉း၄၅ နာရီအချိန်ထိ ရွှေစင်စကြာခရီးသည်တင်ယာဉ်သည် ၅-၄-၂၀၁၅ ရက် ည ၁၀ နာရီတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း Local News ၏ ပထမသတင်း ဦးစားပေးအနေဖြင့် စဉ်ဆက်မပြတ် ပုံစာတမ်း(ရွှေ့လျား)သတင်းအဖြစ် မမှန်မကန်ထုတ်လွှင့်ခဲ့ကြောင်း၊ အထက်ပါအတိုင်း မမှန်မကန် ပုံစာတမ်း(ရွှေ့လျား)သတင်းကြောင့် ရွှေစင်စကြာ၏ ခရီးသည်ပို့ဆောင်ရေးကို ခရီးသွားပြည်သူများက အယုံအကြည်ကင်းမဲ့စေပြီး ရွှေစင်စကြာခရီးသည်ပို့ဆောင်ရေး၏ ကောင်းမွန်သောပုံရိပ်မှာ အောက်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ရကြောင်း၊ Shwe Than Lwin Media Co.,Ltd., Sky Net in house Channel, mntv ၏ မစဉ်းစား မဆင်ခြင် ပေါ့ဆ ပျက်ကွက်မှုများအပေါ် ကုမ္ပဏီ၏အရပ်ရပ်နစ်နာမှုအတွက် အထွေထွေလျော်ကြေးငွေ ကျပ်သိန်းပေါင်း တစ်သောင်းတိတိကို ကြေညာသည့်နေ့မှ (၇) ရက်အတွင်းပေးအပ်ရန် တောင်းဆိုလိုက်ပါသည်"စသည်ဖြင့် ဖော်ပြကြေညာခဲ့ပါသည်။

သို့သော် ရွှေစင်စကြာကုမ္ပဏီလီမိတက်သည် ထပ်မံ၍ ၂၄-၄-၂၀၁၅ ရက်ထုတ် The Daily Eleven Newspaper ၏ စာမျက်နှာ(၇)တွင်ပင် အထက်ပါအချက်များကို ဖြည့်စွက်ကြေညာသည့်အပြင် "Sky Net in house channel, mntv ၏ပေါ့ဆစွာ မမှန်မကန် သတင်းထုတ်လွှင့်ခြင်းကို Shwe Than Lwin Co.,Ltd, Sky Net တို့အပြင် MRTV-4, မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV), 4-Digital တို့ကလည်း မြန်မာနိုင်ငံတစ်နံတစ်လျား ထုတ်လွှင့်ပေးခဲ့ကြပါသည်။ ထို့ကြောင့် ၎င်းတို့သည်လည်း mntv နှင့်အတူ ကုမ္ပဏီ၏ အရပ်ရပ်နစ်နာမှုအတွက် တာဝန်ရှိလာခဲ့ပါသည်။"

"အထက်ဖော်ပြပါအတိုင်း Sky Net in house channel, mntv, Shwe Than Lwin Media Co.,Ltd, MRTV-4, မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV), 4-Digital တို့၏ မစဉ်းစား မဆင်ခြင် ပေါ့ဆပျက်ကွက်မှုများအပေါ် ကုမ္ပဏီ၏နစ်နာမှုအတွက် အထွေထွေလျော်ကြေးငွေ ကျပ်သိန်းပေါင်းတစ်သောင်းတိတိကို ဤကြော်ငြာသည့်နေ့မှစ၍ ရက်ပေါင်း (နှစ်လ)အတွင်း ပေးဆပ်ရန် တောင်းဆိုလိုက်ပါသည်"ဟု နို့တစ်စာဖြင့် ထပ်မံကြေညာခဲ့ပါသည်။

ရွှေစင်စကြာကုမ္ပဏီလီမိတက်သည် ၅-၄-၂၀၁၅ ရက်တွင် ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ၈-၄-၂၀၁၅ ရက်ထုတ် Daily Eleven သတင်းစာတွင် နို့တစ်စာထည့်ခဲ့ရာတွင် သတင်းအချက်အလက်များ ကောင်းစွာ စုပေါင်းရယူပြီးမှ သတင်းစာတွင် ကြေညာခြင်းသာဖြစ်ပါသည်။ ထိုမူလကြေညာချက်တွင် MRTV-4 နှင့် 4-Digital (4TV) တို့က ထုတ်လွှင့်ခဲ့ကြောင်း လုံးဝမပါရှိခဲ့ပါ။ ၂၄-၄-၂၀၁၅ ရက်တွင် ကြေညာသည့်နို့တစ်စာမှသာ MRTV-4 နှင့် 4-Digital (4TV) တို့ကလည်း ထုတ်လွှင့်ပေးခဲ့ကြသည်ဟု စွပ်စွဲရေးသားလာခြင်းမှာ နောက်မှအကြံရ၍ စွပ်စွဲရေးသားလာခြင်းဖြစ်ပါသည်။

ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ နို့တစ်စာများအရ မမှန်မကန်သတင်းထုတ်လွှင့်ခဲ့သည်ဆိုသော Sky Net in house channels, mntv တို့ထံသို့ အနိဋ္ဌာရုံသတင်းအား စဉ်ဆက်မပြတ် ထည့်သွင်းခြင်းအား ကန့်ကွက်ခဲ့သည်ဟု ဖော်ပြခဲ့ပြီး MRTV-4 နှင့် 4-Digital(4TV) တို့ထံသို့လည်း ကန့်ကွက်ခဲ့ရသည်ဟု ဖော်ပြမှုမရှိခြင်းမှာ အမှန်တကယ် MRTV-4နှင့် 4-Digital(4TV) တို့က ထုတ်လွှင့်ခဲ့ခြင်းမရှိ၍သာဖြစ်ကြောင်း ထင်ရှားစေပါသည်။

သို့ဖြစ်၍ ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ နို့တစ်စာပါ MRTV-4 နှင့် 4-Digital(4TV) တို့ကလည်း မြန်မာနိုင်ငံတစ်နံတစ်လျား ထုတ်လွှင့်ပေးခဲ့ကြပါသည်ဟု စွပ်စွဲဖော်ပြခြင်းသည် လုံးဝ အခြေအမြစ် မရှိသော၊ မှန်ကန်မှုမရှိသော စွပ်စွဲချက်သာဖြစ်ပါသည်။

ဤကဲ့သို့ ဖြစ်စဉ်နှင့် လုံးဝဆက်စပ်မှုမရှိသော ကျွန်ုပ်တို့အမှုသည်ဖြစ်သည့် FOREVER GROUP Co.,Ltd၏ MRTV-4 နှင့် 4-Digital(4TV) တို့ကို ထည့်သွင်းလျက် နစ်နာကြေးငွေများကို ပေးရန် သတင်းစာတွင် ဖော်ပြတောင်းခံလာခြင်းမှာ FOREVER GROUP Co.,Ltd ၏ ကြီးမားသောဂုဏ်သိက္ခာနှင့် ရပ်တည်လုပ်ကိုင်လျက်ရှိသော ထင်ရှားကျော်ကြားသည့် MRTV-4နှင့် 4-Digital(4TV) တို့၏ ပုံရိပ်များကို များစွာထိခိုက်နစ်နာစေပါသည်။

ဤကဲ့သို့ ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ သတင်းစာတွင် မမှန်မကန်ဖော်ပြစွပ်စွဲကြေညာပြီး အထွေထွေနစ်နာမှုလျော်ကြေးတောင်းခံသည့် နို့တစ်စာကြောင့်-

(က) နာမည်ကောင်းဖြင့် ကျော်ကြားနေသော FOREVER GROUP Co.,Ltd၏ ဂုဏ်သိက္ခာနှင့် MRTV-4 နှင့် 4-Digital(4TV) တို့၏ Media ပုံရိပ်များကို အတိုင်းအဆမဲ့ ထိခိုက်နစ်နာစေခြင်း။

(ခ) MRTV-4 နှင့် 4-Digital(4TV) မှထုတ်လွှင့်နေသော ရုပ်သံလိုင်းများကို ကြည့်ရှုနေသည့် ပြည်သူလူထုအပေါင်း၏ ယုံကြည်မှုကို ကျဆင်းစေပြီး လစဉ် အခပေးကြည့်ရှုနေမှုများကို များစွာယုတ်လျော့စေခြင်း။

(ဂ) MRTV-4နှင့်ဆက်စပ်ရုပ်သံလိုင်းများတွင် ယုံကြည်စွာထည့်သွင်းဖော်ပြနေသော ပြည်တွင်း/ပြည်ပ စီးပွားရေးကြော်ငြာများ၊ စီးပွားရေးလုပ်ငန်းစုများ၏ Sponsorများကို ယုတ်လျော့ကျဆင်းစေခြင်း။

(ဃ) FOREVER GROUP Co.,Ltd၏ ဝန်ထမ်းများ၊ လုပ်ငန်းအမျိုးမျိုးကို ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ၏စိတ်တွင် မိမိတို့ကုမ္ပဏီအပေါ် ယုံကြည်မှု ယုတ်လျော့စေသဖြင့် အတိုင်းအဆမဲ့ ထိခိုက်နစ်နာ ဂုဏ်သိက္ခာကျဆင်းစေခြင်း။

(င) FOREVER GROUP Co.,Ltd သည် မြန်မာနိုင်ငံအတွင်း ပြဋ္ဌာန်းထားသော Media ဆိုင်ရာဥပဒေများကို လိုက်နာရန်ပျက်ကွက်သည်ဟု နိုင်ငံတကာရုပ်သံလွှင့် Media များ၏ လွဲမှားအထင်မြင်သေးမှုကိုခံစားရပြီး များစွာထိခိုက်နစ်နာစေခြင်း စသည့်ဆိုးကျိုးတို့ကို ဖြစ်ပေါ်ခံစားရလျက်ရှိပါသည်။

သို့ပါ၍ ရွှေစင်စကြာကုမ္ပဏီလီမိတက်အနေဖြင့် FOREVER GROUP Co.Ltd, MRTV-4 နှင့် 4-Digital (4TV)တို့အပေါ် မမှန်မကန်စွပ်စွဲ၍ နစ်နာကြေးတောင်းခံမိပါကြောင်း လူသိရှင်ကြား သတင်းစာကြော်ငြာချက်နှင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရှင်းလင်းတောင်းပန်ဖော်ပြရန် တောင်းဆိုလိုက်ပါသည်။ အကယ်၍ ပျက်ကွက်ပါက FOREVER GROUP Co.,Ltd အနေဖြင့် မိမိတို့၏ အရပ်ရပ်အထွေထွေနစ်နာမှုများအတွက် ဥပဒေနှင့်အညီ တရားစွဲဆိုတောင်းခံရလိမ့်မည်ဖြစ်ကြောင်း တုံ့ပြန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**


**ဦးတက်ဝင်းမြိုင် B.A (Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(၁၉၅၃/၈၀)**

**ဒေါ်သီသီလှိုင် (LL.B)**
**အထက်တန်းရှေ့နေ**

**ဒေါ်ဥမ္မာလွင်(LL.B)**
**အထက်တန်းရှေ့နေ**

**Law Office of Wynn & Win**

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(ဘီ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၇၉၇၀၇၇၊ ၀၉-၇၉၅၂၄၉၃၀၀၊ E-mail:tetwynnmyaing@gmail.com**

ပြည်တွင်းရေးရာ

# ညောင်ဦးတွင် မြေအောက်ရေဖြင့် နဂါးမောက်ပင်များ စမ်းသပ်စိုက်ပျိုးမှု ဖြစ်ထွန်း



**ညောင်ဦး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်ထောင့်တောင်ရွာကျေးရွာ သစ်ပုတ်ပင် စိုက်ကွင်းတွင် ဆေးဖက်ဝင် နဂါးမောက်ပင်များအား ပုပ္ပါးနယ်ဘက်မှ ပျိုးပင်ဝယ်ယူပြီး စိုက်ပျိုးထားရာ လက်ရှိတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နဂါးမောက်ပင် စိုက်ခင်းသည် ညောင်ဦး- မြင်းခြံကားလမ်း၏ လက်ဝဲဘက်တွင်ရှိပြီး ယင်းနေရာတွင် မြေအောက်ရေနှင့် စိုက်ပျိုးပြီးရေရရှိပါက ပိုမိုစိုက်ပျိုးအောင်မြင်နိုင်ကြောင်း နဂါးမောက်ပင်စိုက်ပျိုးသည့် တောင်သူတစ်ဦးကပြောသည်။

"ကျွန်တော်ကတော့ စိုက်ပျိုးရေးကို အလွန်ဝါသနာပါတယ်။ ဒီနဂါးမောက်ပင်က ဆေးဖက်ဝင်တယ်ဆိုတော့ ပိုပြီးစိတ်ဝင်စားတာပေါ့။ ကျွန်တော်က ကိုယ့်ရေတွင်းကရေကိုပဲ အသုံးပြုစိုက်ပျိုးတယ်။ ရေတွင်းကလည်း နှစ်ပေါင်းသုံးဆယ်ကျော်ကြာပြီ။ ရေကလဲပေါ တုန်းပါပဲ။ ရေပေါတော့ စိုက်ပျိုးရေးလုပ်ရတာ လွယ်တယ်။ ကျွန်တော်စိုက်တုန်းက နဂါးမောက်ပင် ၁၁၅ ပင်ကို စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ အရင်းကကျပ်ငါးသိန်းလောက် ကုန်ကျပါတယ်။ ကျွန်တော်စိုက်တာ နှစ်နှစ်ကျော်ပါပြီ။ အခုတော့ အရင်းကျေသွားပြီ။ အမြတ်လည်း ထွက်ပါပြီ။ မြေနေရာက ဝ ဒသမ ၂၅ ဧကလောက်ကျယ်ဝန်းတယ်။ တစ်ဖက်စမ်းစိုက်တယ် ခေါ်တာပေါ့။ အသီးတစ်လုံးကို ငါးရာကျပ် ရောင်းရတယ်။ တိုင်ထောင်ပေးရတယ်။ တိုင်ထောင်ရင်လည်း ကျောက်စရစ်တိုင်သုံးတာ ပိုကောင်းတယ်။ ကျောက်တိုင်ထိပ်မှာ ဆိုင်ကယ် တာယာအဟောင်းများ တင်ပေးရတယ်ဒါမှ အပင်က ဝိုက်သွားတယ်။ တစ်ခါတစ်လေ အပင်တွေမှာ အဝါပြောက်တွေ ထိုးလာတယ်။ အဲ့ဒါကို ဆေးသုံးပေးရတယ်။ အပေါ်မှာလည်း အရိပ်ရအောင် စာလာပိုက်အစိမ်းအစ တင်ထားပါတယ်။ သူက စိုစွတ်ပြီး အရိပ်ရတာကို ပိုကြိုက်တယ်။ ကျွန်တော့ယာခင်းထဲမှာတော့ ရေမြောင်းရှိတယ်။ ရေမြောင်းရှိပေမဲ့ ရေမလာသေးပါဘူး။ ရေလာမယ်ဆိုရင်တော့ ကျွန်တော်တို့ အဆင်ပြေမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

**ဦးကျော်ဌေး**

# ကမ္ဘာ့ဘဏ်၏ကူညီထောက်ပံ့မှုဖြင့် ကျွန်းစုမြို့နယ် လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**မြိတ် ဧပြီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် အတွင်းရှိ ကျေးရွာများတွင် ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုငွေဖြင့် လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေဖြင့် လူထုဗဟိုပြုစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးဆောင်မှုဖြင့် အစိုးရမဟုတ်သော Mercy Corps အဖွဲ့မှ နည်းပညာအကြံပေးများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၆၁ ရွာတွင် ကျေးလက်နေ ပြည်သူများ၏ အဓိကလိုအပ်လျက်ရှိသည့် လမ်း၊ တံတား၊ ဆိပ်ခံတံတား၊ ရေ၊ မီးများဆောင်ရွက်ပေးခဲ့သည်။

ယင်းအပြင် ပညာရေးအတွက် စာသင်ကျောင်းများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများ၊ ကျန်းမာရေးအတွက် အဆောက်အအုံများ အသစ်တည်ဆောက်ခြင်းနှင့် အခြေခံအဆောက်အအုံများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၀၁၄-၂၀၁၅ ဒုတိယနှစ် စီမံကိန်းကာလတွင် ကျွန်းစုမြို့နယ်အတွင်းရှိကျေးရွာ ၁၆၁ ရွာတွင် စီမံကိန်းများ ဆောင်ရွက်ပြီးစီးမှုမှာ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေကြောင်း သိရသည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပထမစီမံကိန်းကာလ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဒုတိယနှစ်စီမံကိန်းကာလ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တတိယနှစ်စီမံကိန်းကာလ၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတုတ္ထနှစ်စီမံကိန်းကာလ လေးနှစ်အတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ လူထုဗဟိုပြုစီမံကိန်းများကြောင့် ကျေးလက်နေပြည်သူများသည် ကိုယ်တိုင်ဝင်ရောက်စီမံခန့်ခွဲမှုများ လုပ်ကိုင်ရသည်အတွက် အသိပညာ၊ အတတ်ပညာသာမက မိမိတို့ရပ်ရွာဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို မိမိတို့ တစ်နိုင်တစ်ပိုင်လုပ်ကိုင်တတ်ပြီး ၂၀၁၄-၂၀၁၅ ဒုတိယနှစ်စီမံကိန်းတွင် ပြည်သူကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် စီမံကိန်းလုပ်ငန်း ၁၇၃ ခုကို ထပ်မံဆောင်ရွက်လျက်ရှိခြင်းနှင့်အတူ ကျေးရွာများရှိ ဒေသခံပြည်သူ ၇၅၂၅၉ ဦးခန့် အကျိုးခံစားခွင့်ရရှိနေပြီဖြစ်ကြောင်း ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မြင့်ဦး(မြိတ်)**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေး

**မုံရွာ ဧပြီ ၂၉**

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) Livelihoods and Food Security Fund(LIFT) တို့ပူးပေါင်းပြီး မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးစီမံကိန်း (National Action Planfor Poverty Alleviation and Rural Development through Agriculture- NAPA) စီမံကိန်း ပထမအဆင့်တွေ့ရှိချက်များကို စိစစ်အတည်ပြုခြင်း၊ မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းဒါရိုက်တာ ဒေါက်တာထွန်းလွင်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေး အဖွဲ့ (FAO) မှ Chief Technical Advisor Dr. Dilip Kumar နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အထောက်အကူပြုကော်မတီဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်းဒါရိုက်တာက "မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ မြို့ပြနှင့်ကျေးလက်ကွာဟချက်များကျဉ်းမြောင်းစေရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်၏ရည်မှန်းချက်နှင့် မျှော်မှန်းချက်ပန်းတိုင်များ ပြည့်ဝအောင်မြင်နိုင်မည်ဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းအပြင် အဆိုပါလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုပင်မဆက်သွယ်ရာဌာန (Focal Ministry) အဖြစ် သတ်မှတ်ပေးခဲ့ပြီး စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းသို့ဆောင်ရွက်ရာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် (FAO)တို့ ပူးပေါင်းပြီး NAPA စီမံကိန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

NAPA စီမံကိန်းကို လပေါင်း ၂၀ သတ်မှတ်ပြီး ပထမဆင့်ခြောက်လကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ယခုစီမံကိန်းနှင့် ပတ်သက်ဆက်နွှယ်သည့် လုပ်ငန်းနယ်ပယ် ၂၁ ခု အနက် ၁၃ ခုကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးလက်ဒေသများသို့ နိုင်ငံတကာနှင့် မြန်မာကျွမ်းကျင်သူများမှ ကွင်းဆင်းလေ့လာပြီး သုံးသပ်တွေ့ရှိချက်များကိုလည်း ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ Development Partner များ INGO , NGO, CSO များမှ ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြပြီး အစီရင်ခံစာများ ပြုစုဆောင်ရွက်ပြီး ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်တွေ့ရှိချက်နှင့်သုံးသပ်ချက်များကို ပြည်သူနှင့် ဌာနဆိုင်ရာများသို့ ရှင်းလင်းချပြနိုင်ရေးအတွက် ဒေသအဆင့်နှင့် မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများကို ဧပြီလ စတုတ္ထပတ်မှ စတင်ကျင်းပခြင်းဖြစ်ကြောင်း၊ ဒေသခံ INGO , NGO, CSO အဖွဲ့အစည်းများ လူထု လူတန်းစားအားလုံး၏ ကိုယ်စားလှယ်များပါဝင်တက်ရောက်ဆွေးနွေးခြင်းဖြင့် ယခုစီမံကိန်း အောင်မြင်မှုအတွက် အလွန်အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယခုဆွေးနွေးပွဲ၏ တွေ့ရှိချက်များ၊ သုံးသပ်ချက်အစီရင်ခံစာများကို အခြေခံပြီး ရှေ့ဆက်လက်လုပ်ဆောင်မည့် စီမံကိန်းများကို မြန်မြန်ဆန်ဆန် ထိရောက်အောင် မြင်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ယင်းကြောင့် ယနေ့အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာသူများအနေဖြင့် မိမိတို့၏တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို လွတ်လွတ်လပ်လပ်၊ ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်းကို ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO) မှ Chief Technical Advisor Dr Dilip Kumar က အလုပ်ရုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်၊ မျှော်မှန်းရလဒ်များနှင့် တက်ရောက်သူများထံမှ မျှော်လင့်ချက်များအား ရှင်းလင်းဆွေးနွေးကာ အလုပ်ရုံဆွေးနွေးပွဲအား ဖွင့်လှစ်ပေးကာ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများကို ဆက်လက်ပြီး အပိုင်းနှစ်ပိုင်းခွဲကာ ဆွေးနွေးကြပြီး ညနေပိုင်းတွင် အဖွဲ့လေးဖွဲ့ခွဲကာ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးစီမံကိန်း (National Action Plan for Poverty Alleviation and Rural Development through Agriculture- NAPA) မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများကို မုံရွာမြို့ ကွမ်းခြံကုန်း၊ ပြင်ဦးလွင်၊ မြိတ်မြို့တွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများကို မန္တလေး၊ ပုသိမ်၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

ဆောင်းပါး

# ကိုယ်စီတာဝန်ရှိကြပါသည်

**à မောင်သောင်းဝင်း(တမန်ဟောင်း)**

ကျွန်ုပ်တို့အားလုံးတွင် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ပေါင်း မြောက်မြားစွာရှိကြပါသည်။ နေ့ချင်းပြီးဆောင်ရွက်ရမည့်အလုပ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ပြီးရမည့်အလုပ်ဟူ၍ အမျိုးမျိုးရှိကြပေသည်။ လူတစ်ဦးချင်းစီသည် ကိုယ်စီတာဝန်များကို ကျေပွန်စွာထမ်းဆောင်မှသာလျှင် ထိုလူများဖြင့်ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်းကြီးသည်လည်း စည်ပင်ဖွံ့ဖြိုးနိုင်ပေသည်။ ကိုယ်စီတာဝန်ကျေပွန်မှုမရှိဘဲ တစ်ဦးကိုတစ်ဦး လက်ညှိုးထိုးအပြစ်ဖို့နေမည်ဆိုလျှင် ထိုလူ့အဖွဲ့အစည်းသည် ဆုတ်ယုတ်မှုသာဖြစ်နေမည်မှာ ငြင်းဆို၍ မရသော အရှိတရားပင်ဖြစ်သည်။

မိသားစုတစ်စုတွင် ယေဘုယျအားဖြင့် ဖခင်သည် ငွေရှာရန်တာဝန်ရှိသလို မိခင်သည် အိမ်ထောင်မှုထိန်းသိမ်းဖို့တာဝန်ရှိပါသည်။ ထို့အတူ သား၊ သမီးများအပိုင်းကလည်း ကျောင်းစာကိုပီပြင်စွာကြိုးစားသွားရန် လိုအပ်ပေသည်။ ထိုသို့ မိသားစုအားလုံး တက်ညီလက်ညီ ကိုယ်စီတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြမည်ဆိုလျှင် ထိုမိသားစု ဖွံ့ဖြိုးတိုးတက်မည်မှာ အသေအချာပင်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ ဖခင်ဖြစ်သူသည် မိသားစုစားဝတ်နေရေးအတွက် ငွေကို ကာယ၊ ဉာဏအားဖြင့် ခါးချိုးမရှာဘဲ ပွဲစားယောင်ယောင်၊ ချဲသမားယောင်ယောင်လုပ်။ အရက်၊ ဘီယာ၊ ဆေးလိပ်ကို မှီဝဲလိုသည့်အပြင် KTV၊ Massage ကိုပါ လှမ်းလိုက်ချင်ပြန်သည်။ မိခင်ဖြစ်သူကလည်း 'စီးသည့်ရေ ဆည်သည့်ကန်သင်း' စကားပုံနှင့်ဆန့်ကျင်လျက် ယောက်ျားရှာသောငွေကို အကုန်ဖြုန်း။ ခြိုးခြံချွေတာချက်ပြုတ်စားသောက်ခြင်းမရှိဘဲ အသင့်စားအစားအသောက်များကိုသာ ဝယ်စား၊ ပေါ်သမျှအဝတ်အထည်၊ အလှပြင်ပစ္စည်းများကို လက်လွှတ်မခံဘဲ လှိုင်လှိုင်ဝယ်သုံး။ အိမ်မှုကိစ္စစိတ်မဝင်စားဘဲ အရပ်တကာလှည့် အတင်းတုတ်တတ်သည့်ဝါသနာပါသည့်အပြင် မွေးထားသော သား၊ သမီးများကလည်း မိဘနှစ်ပါးကိုကြည့်ပြီး နေချင်သလိုနေ၊ ကျောင်းစာပုံမှန်မလုပ်သဖြင့် အတန်းတင် စာမေးပွဲများကျရှုံး၊ ပညာမစုံခင်၊ အရွယ်မတိုင်မီ အိမ်ထောင်ပြုခြင်းဖြင့်သာ ဇာတ်သိမ်းမည်ဖြစ်သည်။ ဆိုခဲ့ပါ မိသားစုသည် ကိုယ်စီတာဝန်များမကျေပွန်ကြသဖြင့် အောင်မြင်မှုမရသောဘဝအဖြစ် ရပ်တည်လာရသည်။ လူတစ်ဦးသည် နေ့စဉ်စားဝတ်နေရေး အဆင်မပြေလျှင် လွဲမှားသောနည်းလမ်းဖြင့် ဖြေရှင်းတတ်ကြသည်။

ထိုနည်းတူစွာပင် တိုင်းပြည်တစ်ပြည်တွင်လည်း အုပ်ချုပ်သည့်အစိုးရ၊ ဥပဒေပြုရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိသော ပြည်သူများရှိကြပါသည်။ ထိုအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများသည် ကိုယ်စီတာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ကြသကဲ့သို့ တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများကလည်း နိုင်ငံကြီးသားပီသစွာ ကျင့်ကြံနေထိုင်ပြီး မိမိတို့ပေးဆောင်ရမည့် အခွန်အခများကို တာဝန်ကျေပွန်စွာ မှန်မှန်ပေးဆောင်သွားမည်ဆိုလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ အုပ်ချုပ်သောအစိုးရအဖွဲ့အစည်းကလည်း တော်တည့်မှန်ကန်စွာ မအုပ်ချုပ်နိုင်လျှင်၊ ဥပဒေပြုရေးအဖွဲ့ကလည်း တိုင်းပြည်နှင့်လူမျိုးတို့အကျိုးအတွက် ပြီးပြည့်စုံသောဥပဒေများ မရေးဆွဲနိုင်လျှင်၊ တရားစီရင်ရေးအဖွဲ့ကလည်း ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ကင်းလွတ်စေပြီး၊ အပြစ်မဲ့ပြည်သူများ ပြစ်ဒဏ်ကျခံရနိုင်သည့် အဂတိလိုက်စား၍ လွဲမှားစွာပြစ်ဒဏ်ချမှတ်ခဲ့လျှင်၊ နိုင်ငံ့ဝန်ထမ်းများကလည်း 'လကုန်လျှင် လစာညာထုတ်'၊ 'မလုပ် မရှုပ်'၊ 'ငွေပေးရန်မလို'၊ 'အထုပ်ကြီးမှ အလုပ်ပြီး' ဆိုသောသူများသာဆိုလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာနှောင့်နှေးကြန့်ကြာနိုင်ပါသည်။ ထို့အပြင် ပြည်သူများကလည်း နည်းလမ်းပေါင်းစုံဖြင့် အခွန်တိမ်းရှောင်ပြီး အတ္တကြီးမားသောသူများသာဆိုလျှင် ထိုတိုင်းပြည်အတွက်ရင်လေးစရာပင်ဖြစ်သည်။

မြန်မာလူမျိုးများ၏ အလေ့အထသည် နိုင်ငံအတွင်း ပြဿနာတစ်ခုခုဖြစ်လျှင် အစိုးရသာတာဝန်ရှိသည်ဟူ၍ လက်ညှိုးဝိုင်းထိုးလေ့ရှိကြသည်။ ထိုပြဿနာ၏အရင်းအမြစ်ကို ဂယနဏ လေ့လာဆန်းစစ် သုံးသပ်မှုမရှိဘဲ ဂျာနယ်၊ စာစောင်များနှင့် ဖေ့စ်ဘွတ် (ခ) စာမျက်နှာများတွင် ဖော်ပြထားသည့် သတင်းအချက်အလက်များကိုသာ မျက်စိစုံမှိတ်ယုံပြီး ကောက်ချက်ချလေ့ရှိကြသည်။ ပြဿနာတစ်ခုသည် မိမိကျွမ်းကျင်သောနယ်ပယ်မျိုးမဟုတ်လျှင် ကြားဖူး၊ ဖတ်ဖူးရုံမျှဖြင့် လွယ်ကူစွာ ကောက်ချက်မချနိုင်ပေ။ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ အမြင်အမျိုးမျိုးဖြင့် ခွဲခြားသုံးသပ် ကောက်ချက်ချသင့်ပါသည်။

လတ်တလောမြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးတံခါးဖွင့်နိုင်သည့် ခြေလှမ်းတစ်ရပ်ကို အောင်မြင်စွာ လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(မူကြမ်း) လက်မှတ်ရေးထိုးနိုင်ခဲ့မှုအပေါ် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပြည်သူများက သောင်းသောင်းဖျဖျ မုဒိတာပွားနေချိန်တွင် အချို့သောသတင်းစာ၊ ဂျာနယ်များက မုဒိတာမပွားနိုင်ဘဲ လမ်းကြောင်းလွဲအောင် နှပ်ကြောင်းပေးပြောဆိုရေးသားနေကြသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ ဖတ်မိပါသည်။ ထိုလုပ်ရပ်များသည် အစိုးရကို ကန့်လန့်တိုက်ရေးသားနေသည့် ထိုစာစောင်၊ ဂျာနယ်၊ သတင်းစာများ၏ မူဝါဒများဖြစ်နေရော့သလား ဆိုပြီး သံသယဝင်လာမိပါသည်။

စာရေးသူအနေဖြင့် ရိုးသားစွာတင်ပြရလျှင် တိုင်းပြည်တစ်ပြည်တွင်အေးချမ်းတည်ငြိမ်မှုရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီသောဆန္ဒကလည်း အေးချမ်းတည်ငြိမ်မှုနှင့် နေ့စဉ်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်အတွင်း အေးချမ်းတည်ငြိမ်မှုရရှိရေးသည် ကျွန်တော်တို့အားလုံးတွင်လည်း တာဝန်ရှိပါသည်။ အရေးအရာကိစ္စမှန်သမျှကို အစိုးရမှာသာ တာဝန်ရှိသည်ဟူ၍ လက်ညှိုးထိုးနေမည်ဆိုလျှင် ကျွန်တော်တို့ လိုချင်သော ဒီမိုကရေစီနိုင်ငံတော်ကြီးသည် အလှမ်းဝေးနေမည်သာဖြစ်သည်။

နိုင်ငံသားအားလုံးတွင် နေ့စဉ်ကိုယ်စီထမ်းဆောင်ရမည့် တာဝန်ပေါင်းမြောက်မြားစွာရှိနေပါသည်။ ထိုသို့ ကိုယ်ကျရာဇာတ်ရုပ်ကိုသာ ပီပြင်စွာ ထမ်းဆောင်သွားမည်ဆိုလျှင် လူတစ်ဦးချင်းမှသည် မိသားစုတစ်စု၊ ထိုမှတစ်ဆင့် လူ့အသိုက်အဝန်းတစ်ခု၊ ထိုမှသည် နိုင်ငံတော်အဆင့်အထိ အဆင့်ဆင့်တိုးတက်လာမည်ဖြစ်သည်။ ပြဿနာတစ်ခုကို ပုဂ္ဂိုလ်တစ်ဦးကြောင့်၊ အဖွဲ့အစည်းတစ်ခုကြောင့်၊ ဌာနတစ်ခုကြောင့်ဟု လက်ညှိုးထိုးအပြစ်ဖို့နေသည်ထက် မိမိနှင့်လည်းသက်ဆိုင်မှုရှိသည်ဆိုသော စိတ်ဓာတ်မျိုးမွေးမြူနိုင်အောင် လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ခြုံ၍တင်ပြရလျှင် လူတစ်ဦးချင်းစီသည် ကိုယ်စီတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်သွားမည်ဆိုလျှင် ထိုလူ့အဖွဲ့အစည်း အောင်မြင်မှုရရှိမည်မှာ အသေအချာပင်ဖြစ်သည်။ ထို့အပြင် လူ့အဖွဲ့အစည်းတွင် ဖြစ်ပွားတတ်လေ့ရှိသည့် ပြဿနာတစ်ရပ်နှင့်ပတ်သက်၍ ထိုလူ့အဖွဲ့အစည်း၏ အကြီးအကဲကိုသာ အပြစ်ရှိသည်ဟု မခံယူသင့်ပေ။

ထိုလူ့အဖွဲ့အစည်းအတွင်း နေထိုင်သူအားလုံး၏ ညံ့ဖျင်းမှုကြောင့်သာလျှင် ဖြစ်သည်။ ထိုနည်းတူစွာပင် တိုင်းပြည်တစ်ပြည်တွင် ကြုံတွေ့ရလေ့ရှိသော အခက်အခဲတစ်ခုခုကို အစိုးရ၏တာဝန်သာဖြစ်သည်ဟု လက်ညှိုးထိုးနေရုံမျှဖြင့် အခက်အခဲကို ကျော်လွှားနိုင်မည်မဟုတ်ပေ။

ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအားလုံး ဆွေးနွေးတိုင်ပင်ညှိနှိုင်းအဖြေရှာသွားမှသာလျှင် ရရှိနိုင်မည်ဖြစ်သည်။ လူတစ်ဦးတွင် မွေးရာပါကိုယ်စီတာဝန်ရှိသလို မိမိနေထိုင်သည့် လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်၏တာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်သွားရန် လိုအပ်ပေသည်။ ထို့ကြောင့် မိမိနှင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စီတာဝန်များ အသီးသီးရှိကြပါသည်ဟု အကြံပြုရေးသားတင်ပြအပ်ပါသည်။

## ကသာမြို့နယ်တွင် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း ဖွင့်လှစ်



**ကသာ ဧပြီ ၂၉**

ကသာမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ မှ ကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးဗဟိုအဖွဲ့ခွဲ(၃) ဟိတဓရဖောင်ဒေးရှင်း ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာနည်းပြဆရာဖြစ်သင်တန်းကို ကသာမြို့ ရပ်ကွက် ၆ ရေဝန်းကျောင်း၌ ဧပြီ ၂၈ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းဖွင့်လှစ်ပွဲသို့ သင်တန်းသား ဦးဇင်း၊ ကိုရင်၊ သီလရှင်နှင့် လူယောဂီအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းသို့ ကသာမြို့နယ်သံဃာနာယကအဖွဲ့ဆရာတော်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ ကသာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် ကသာမြို့နယ်သတင်းမီဒီယာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ ငါးရက်တာ သင်ကြားဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းမင်းနိုင်(ကသာ)**

## ငါန်းဇွန်မြို့၌ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**ငါန်းဇွန် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနား၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိုးဝင်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ အခမ်းအနားသို့ မြို့နယ်ဥပဒေအရာရှိ ဦးထင်ကျော်နိုင်၊ မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဝင်းကျော်နှင့် ငါန်းဇွန်မြို့နယ်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ရဲစခန်း၊ ရဲကင်းစခန်းများမှ အရာရှိခုနစ်ဦး၊ အခြားအဆင့် ၄၃ ဦး စုစုပေါင်း တပ်ဖွဲ့ဝင်သင်တန်းသား ၅၀ တက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးထင်ကျော်နိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိုးဝင်းတို့က သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## ကျောက်တံခါးမြို့နယ်တွင် မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်များပျက်စီး

**ကျောက်တံခါး ဧပြီ ၂၉**

ကျောက်တံခါးမြို့နယ်တွင် ဧပြီ ၂၇ ရက် ညနေ ၃ နာရီခွဲမှ ညနေ ၄ နာရီခွဲခန့်အထိ မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်အချို့ အမိုးလန်ခြင်းနှင့် ယိုင်လဲခြင်းများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။



လေပြင်းတိုက်ခတ်မှုကြောင့် အင်းပါတ်လည်ကျေးရွာတွင် အ. မ. က အုပ်ညှပ်တစ်ထပ်ကျောင်းတစ်ကျောင်း၊ လူနေအိမ် ၁၀ လုံး၊ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်း၊ ရွာသစ်အုပ်စု ရွာသစ်ကျေးရွာတွင် လူနေအိမ် ၂၅ လုံး၊ ညောင်ကုန်းကျေးရွာတွင် လူနေအိမ်လေးလုံး၊ နန္ဒင်းမြောင်ကျေးရွာတွင် လူနေအိမ်လေးလုံး၊ ချောင်းကောကျေးရွာတွင် လူနေအိမ်လေးလုံး၊ မြကျွန်းသာရွာတွင် လူနေအိမ်တစ်လုံး၊ အမိုးများလန်ခြင်း၊ ယိုင်လဲခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြူးစုကျေးရွာအုပ်စု ဂေါ်ရားကျေးရွာတွင် မိုးကြိုးပစ်ခတ်မှုကြောင့် အသက်ခြောက်နှစ်ခန့်ရှိ နွားထီးတစ်ကောင်သေဆုံးကြောင်း သိရသည်။

အဆိုပါမြို့နယ်အတွင်းရှိ ကျန်ရှိသော အပျက်အစီးစာရင်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆက်လက်စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

## ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများပြုပြင်ဆောင်ရွက်

**နတ်မောက် ဧပြီ ၂၉**

နတ်မောက်မြို့ရှိ မြို့မဈေးကြီးအနောက်ဘက်နှင့် မြောက်ဘက်ရှိရေမြောင်းများနှင့် ရွှေဘုံသာလမ်းဘေးဝဲ/ယာရေမြောင်းများကို မိုးရာသီ၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ဧပြီ ၂၇ ရက်က ရေမြောင်းများကို ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါရေမြောင်းများပြုပြင်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ရွှေဘုံသာလမ်းဘေးဝဲ/ယာရေမြောင်းများ၊ ဈေးရပ်ကွက် ရန်အောင်မြင်လမ်းရှိလမ်းဘေးဝဲ/ယာရေမြောင်းများနှင့် မြို့မဈေးကြီးမြောက်ဘက်နှင့် အနောက်ဘက်ရှိရေမြောင်းများအား မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများအတွင်းပိတ်ဆို့နေသော အမှိုက်များနှင့် နုန်းများအား မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **လှဝင်း**

# အလေးထားစောင့်ကြည့်အပ်သည့် အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုဘဏ်

ယမန်နေ့မှအဆက်

à တက္ကသိုလ်ဟန်စိုးဦး



**အာရှဒေသ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နှစ်စဉ်ငွေကြေး လိုအပ်ချက်မှာ ဒေါ်လာ ဘီလီယံ ၈၀၀ ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ တွက်ချက်ဖော်ပြထားသည်။**

**ဘဏ်ဆိုင်ရာ ကနဦးအချက်အလက်များ**

AIIB ဘဏ်နဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံနဲ့ အုပ်ချုပ်မှုအပါအဝင် စည်းမျဉ်းစည်းကမ်း တွေကို အခုအချိန်မှာ အဖွဲ့ဝင်ဖြစ်လာမယ့်နိုင်ငံတွေအကြား ညှိနှိုင်းရေးဆွဲလျက်ရှိနေဆဲဖြစ်ပါတယ်။ သို့သော်လည်း သတင်းများအရ AIIB ဘဏ်မှာ အာရှနိုင်ငံတွေဟာ ရှယ်ယာစုစုပေါင်းရဲ့ ၇၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်နိုင်ကြမှာဖြစ်ပြီး ကျန် ၂၅ ရာခိုင်နှုန်း ကိုတော့ အာရှမဟုတ်တဲ့နိုင်ငံတွေက ပိုင်ဆိုင်နိုင်မယ်လို့ သိရှိရပါတယ်။ တရုတ်နိုင်ငံဟာ ရှယ်ယာအများဆုံးပိုင်ဆိုင်မှာဖြစ်ပြီး ရှယ်ယာစုစုပေါင်းရဲ့ ၄၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ဖို့ရှိတယ်လို့ သိရှိရပါတယ်။ AIIB ဘဏ်မှာ တရုတ်နိုင်ငံဟာ ဗီတိုအာဏာ ကျင့်သုံးပိုင်ခွင့်ယူမှာလားလို့ သတင်းဌာနတွေရဲ့ မေးမြန်းမှုအပေါ် တရုတ်အာဏာပိုင်တွေက ဒီလိုအခန်းကဏ္ဍမျိုးရရှိဖို့ မကြိုးစားပါဘူးလို့ပဲ ဖြေကြားခဲ့ကြပါတယ်။

နောက်အရေးကြီးတဲ့အချက်က AIIB ဘဏ်ရုံးချုပ်ရဲ့ တည်နေရာဖြစ်ပါတယ်။ AIIB ဘဏ်ရဲ့ရုံးချုပ်ကို ပေကျင်းမြို့မှာ ရုံးစိုက်မယ်လို့ တရုတ်အစိုးရက ကြေညာထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကို ဝီဒိုဒိုကတော့ AIIB ဘဏ်ဟာ တရုတ်နိုင်ငံ က ကမကထပြုတည်ထောင်တာဖြစ်တဲ့အတွက် ဘဏ်ရုံးချုပ်ကို ပေကျင်းအစား ပိုမိုသင့်လျော်မယ့် မြို့တစ်မြို့မှာ ရုံးစိုက်စေလိုပါတယ်။ သူကတော့ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့မှာ ရုံးစိုက်စေလိုတယ်လို့ ပြောကြားထားပါတယ်။ ဒါပေမယ့် တရုတ် ဘဏ္ဍာရေး ဒုတိယဝန်ကြီး ရှီယောင်ပင်က ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း AIIB ဘဏ်ကို တည်ထောင်ဖို့ ကနဦးလက်မှတ်ရေးထိုးခဲ့ကြတဲ့ နိုင်ငံတွေအကြား ဘဏ်ရုံးချုပ်ကို ပေကျင်းမြို့မှာ ဖွင့်လှစ်ဖို့ သဘောတူညီခဲ့တယ်လို့ ပြောကြား လိုက်ပါ တယ်။ ရှန်ဟိုင်းမြို့ဟာလဲ အောင်မြင်နေတဲ့ နိုင်ငံတကာငွေကြေးဈေးကွက်ရှိတဲ့မြို့ ဖြစ် တာကြောင့် AIIB ဘဏ်ရုံးချုပ်ဖွင့်လှစ်ဖို့ အခြေအနေကောင်းတွေ ရှိတဲ့မြို့ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဘဏ်ရုံးချုပ်ဟာ တရုတ်နိုင်ငံတွင်းမှာပဲ ရှိမယ်ဆိုတာကတော့ သေချာတဲ့ အချက်ဖြစ်ပါတယ်။

AIIB ဘဏ် ၂၀၁၅ ခုနှစ်ကုန်မှာ တရားဝင်စတင်တည်ထောင်ခဲ့ရင် ဘဏ်ရဲ့ ပထမဆုံး ဥက္ကဋ္ဌဖြစ်လာမယ့်သူဟာလဲ တရုတ်နိုင်ငံသားဖြစ်လိမ့်မယ်လို့ အားလုံးက ယုံကြည်နေကြပါတယ်။ တရုတ်နိုင်ငံ ဘဏ္ဍာရေး ဒုတိယဝန်ကြီးအဖြစ်ဆောင်ရွက်ခဲ့ပြီး အခု AIIB ဘဏ် တည်ထောင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ရဲ့ ဥက္ကဋ္ဌနဲ့ နိုင်ငံစုံကြား ကာလအတွင်းရေးမှူးချုပ်ရုံး (Multilateral Interim Secretariat) ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့ Jin Liqun ဟာ AIIB ဘဏ်ရဲ့ အကြီးအကဲဖြစ်လာဖို့ နာမည်ပြေးနေတယ်လို့ သိရပါတယ်။ အမေရိကန်ပြည်ထောင်စု ဘော့စတွန် တက္ကသိုလ်မှာ စီးပွားရေးဘာသာရပ် လေ့လာသင်ကြားခဲ့တဲ့ Jin Liqun ဟာ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှာလဲ တာဝန်ထမ်းဆောင်ဖူးတဲ့ အတွေ့အကြုံ ရင့်ကျက်သူတစ်ဦး ဖြစ်ပါတယ်။

**သုံးသပ်ချက်**

လက်ရှိအခြေအနေအရ AIIB ဘဏ်မှာ အာရှနိုင်ငံများအားလုံးနီးပါးနဲ့ အာရှဒေသပြင်ပက နိုင်ငံကြီးအများစု (ဂျပန်၊ အမေရိကန်နဲ့ ကနေဒါကလွဲရင်) စုစုပေါင်း ၅၇-နိုင်ငံဟာ အဖွဲ့ဝင်အဖြစ် ပါဝင်ဖို့ရှိတာကိုကြည့်ရင် AIIB ဘဏ်ဟာ အခြေခံကောင်းတွေ ခိုင်ခိုင်မာမာရရှိခဲ့တာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ အခု ၅၇ နိုင်ငံထဲမှာ ကမ္ဘာ့စီး ပွားရေးအင်အားအကြီးဆုံး နိုင်ငံ ၂၀ အနက် ၁၆ နိုင်ငံ ပါဝင်နေခြင်းဟာ စိတ်ဝင်စားဖို့ကောင်းတဲ့အချက်ဖြစ်ပါတယ်။ ဒီလို အခြေခံကောင်းတွေ ရရှိခဲ့တာဟာ အာရှ-ပစိဖိတ် ဒေသမှာ လက်ရှိဖြစ်ပေါ်နေတဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီမှုရှိတာဟာ အဓိကကျတဲ့ အချက် ဖြစ်ပါတယ်။

အာရှ-ပစိဖိတ်ဒေသဟာ စီးပွားရေးအရ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်အရောက်မှာ ကမ္ဘာ့ဂျီဒီပီရဲ့ ထက်ဝက်နီးပါးဟာ အာရှဒေသက ဖြစ်လာဖို့ရှိပါတယ်။ အာရှဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဟာ အရေးပါတဲ့ကဏ္ဍကနေ ပါဝင်နေပါတယ်။ အာရှဒေသဟာ လာမယ့် ၁၀ နှစ်အတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ဒေါ်လာ ၈၀၀ ဘီလီယံခန့် လိုအပ်မယ်လို့လည်း အာရှဖွံ့ဖြိုးရေးဘဏ်က တွက်ချက်ခန့်မှန်း ထားပါတယ်။ ဒီလောက်များပြားတဲ့ ငွေပမာဏကို ထောက်ပံ့နိုင်ဖို့ အာရှနိုင်ငံတွေဟာ ပုဂ္ဂလိကကဏ္ဍအပြင် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လို ပြင်ပအဖွဲ့အစည်းတွေအပေါ် မှီခိုနေကြရမှာဖြစ်ပါတယ်။ ဒါကြောင့် အာရှနိုင်ငံအများစုဟာ ဒေါ်လာဘီလီယံ ၅၀ မတည်ရင်းနှီးမယ့် AIIB ဘဏ်တည်ထောင်မှုကို ကြိုဆိုကြတာဖြစ်ပါတယ်။

အာရှဒေသတွင်းမှာ နိုင်ငံစုံဖွံ့ဖြိုးတိုးတက်ရေးဘဏ်တစ်ခု ပေါ်ထွက်လာခြင်းကို ကြိုဆိုကြတဲ့ တစ်ချိန်တည်းမှာပဲ AIIB ဘဏ် အောင်မြင်မှု ရရှိရေးဟာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။ AIIB ဘဏ်ဟာ တရုတ်နိုင်ငံက တည်ထောင်ဖို့ ကြိုးစားတဲ့ ပထမဆုံး နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ပထမဆုံး အနေနဲ့ AIIB ဘဏ်ရဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့အပိုင်းမှာ ဘယ်လောက်ပွင့်လင်းမြင် သာမှုရှိမယ်၊ ဘယ်လောက်ဒီမိုကရေစီ နည်းလမ်းကျမယ်ဆိုတာ မသိနိုင်သေးပါဘူး။ ဘဏ်ရဲ့အုပ်ချုပ်မှုနဲ့ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပဋိညာဉ်စာတမ်းတွေဟာ ညှိနှိုင်းရေးဆွဲနေဆဲ အဆင့်မှာသာ ရှိပါသေးတယ်။ နိုင်ငံတကာ စံနှုန်းစံထားတွေနဲ့ ကိုက်ညီတဲ့ ဘဏ်တစ်ခုဖြစ်လာရေးဆိုတာလည်း လွယ်ကူတဲ့အချက်မဟုတ်ပါဘူး။ သို့သော်လည်း AIIB ဘဏ်မှာ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ စင်ကာပူ၊ ဂျာမဏီလို ငွေကြေး အဖွဲ့ အစည်းဆိုင်ရာ အတွေ့အကြုံနဲ့ အသိဉာဏ်ပညာကြွယ်ဝတဲ့ နိုင်ငံကြီးတွေ ပါဝင်နေခြင်း ကြောင့် သူတို့ဟာ AIIB ဘဏ်ရဲ့ စံနှုန်းစံထားတွေ မြင့်မားမှုရှိစေဖို့ ကြိုးပမ်းကြမှာ ဖြစ်ပါတယ်။ ဘဏ်ရဲ့ ဒုတိယဥက္ကဋ္ဌရာထူးတစ်နေရာအတွက် စင်ကာပူနိုင်ငံက ထမ်းဆောင်လိုတယ်လို့ စင်ကာပူနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက တရားဝင်ထုတ်ဖော်ပြောကြားထားပါတယ်။ ဒါကြောင့် AIIB ဘဏ်ဟာ လက်ရှိ ရှိပြီးသား ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့လို Bretton Woods Institutions တွေရဲ့ စံနှုန်းစံထားတွေအတိုင်း ဖြစ်လာနိုင်ဖို့ အခြေအနေကောင်းတွေရှိတယ်လို့ သုံးသပ်ကြ ပါတယ်။

AIIB ဘဏ်တည်ထောင်နိုင်ခြင်းဟာ တရုတ်နိုင်ငံအတွက်တော့ အကျိုးအမြတ် များစွာ ရရှိစေမှာမလွဲဖြစ်ပါတယ်။ ပထမဆုံး သိသာထင်ရှားတဲ့ နိုင်ငံရေးအကျိုးအမြတ်ကတော့ သူကိုယ်တိုင်ဦးစီးတည်ထောင်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုကို အမေရိကန်က ဆန့်ကျင်ကန့်ကွက်နေတဲ့ကြားက အမေရိကန်ရဲ့ မဟာမိတ်တွေ အပါအဝင် ကမ္ဘာ့နိုင်ငံကြီးအတော်များများ ပါဝင်လာခြင်းဟာ တရုတ်နိုင်ငံအပေါ် ကမ္ဘာ့နိုင်ငံတွေရဲ့ ယုံကြည်မှုကို ပြသခဲ့ကြခြင်းဖြစ်တယ်လို့ပြောနိုင်ပါတယ်။ တရုတ်နိုင်ငံဟာ AIIB ဘဏ်ကို စတင်တည်ထောင်သူဖြစ်ပြီး ရှယ်ယာအများစုကိုလဲ ပိုင်ဆိုင်မှာဖြစ်တဲ့အတွက် ဘဏ်ရဲ့ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုအပိုင်းမှာ လုပ်ပိုင်ခွင့် အများအပြား ရရှိမှာဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံအတွက် နိုင်ငံရေးအရပဲဖြစ်ဖြစ်၊ စီးပွားရေးအရပဲ ဖြစ်ဖြစ် အကျိုးအမြတ်ဖြစ်ထွန်းစေမယ့် အာရှဒေသတွင်းရှိ အခြေခံအဆောက်အဦစီမံကိန်းကြီးတွေ လက်တွေ့မှာ ဖြစ်ထွန်းအောင်မြင်လာစေဖို့ တွန်းအားပေးဆောင်ရွက်သွားနိုင်မယ့် အခြေ အနေကောင်းတွေကိုလည်း ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ အလားတူ နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပုံသဏ္ဍာန်ကို ပြောင်းလဲနိုင်ဖို့ ကြိုးပမ်းနေတဲ့၊ ရင်မင်ဘီ ငွေကြေး (Renminbi) ကို နိုင်ငံတကာသုံး ငွေကြေးတစ်ခုဖြစ်လာဖို့ အလေးပေးဆောင်ရွက်လျက်ရှိတဲ့ တရုတ်အစိုးရရဲ့ ကြိုးပမ်းမှုတွေကိုလည်း မလွဲမသွေ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

အခုဆိုရင် ကမ္ဘာကြီးဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ ငွေကြေးအရ အမေရိကန် ပြည်ထောင်စုမှ လွှမ်းမိုးခဲ့တဲ့ အနေအထားကနေ တရုတ်နိုင်ငံအပါအဝင်ဖြစ်တဲ့ အာရှနိုင်ငံများက လွှမ်းမိုးတဲ့ အနေအထားကို ပြောင်းလဲနေပြီဖြစ်ပါတယ်။ အခု AIIB ဘဏ် တည်ထောင်ခြင်းဖြင့် အာရှနိုင်ငံများ၊ အထူးသဖြင့် တရုတ်နိုင်ငံဟာ ကမ္ဘာကြီးရဲ့ ဦးတည်ချက်လမ်းကြောင်းတစ်ခု (New Direction) ကို ရှေ့ဆောင်ချီ တက်နေကြပြီဆိုတာကို ဖော်ပြတဲ့ သင်္ကေတတစ်ခုဖြစ်တယ်လို့ သုံးသပ်နိုင်ပါတယ်။ ၁၉၇၀ ပြည့်နှစ်နဲ့ ၁၉၈၀ ပြည့်နှစ်များက ဂျပန်နိုင်ငံကဦးဆောင်ခဲ့တဲ့ အာရှခေတ်ကို ပထမလှိုင်းလို့ သတ်မှတ်ရင် အခု တရုတ်နိုင်ငံက ဦးဆောင်အကောင်အထည် ဖော်နေတာကို အာရှခေတ် ဒုတိယလှိုင်းလို့ သတ်မှတ်နိုင်တယ်လို့ ပညာရှင်တွေက သုံးသပ်ကြ ပါတယ်။

အခုပေါ်ထွက်လာတော့မယ့် AIIB ဘဏ် ဖြစ်စဉ်ကနေ သုံးသပ်နိုင်တာကတော့ အင်အားကြီးမားလာတဲ့ တရုတ်နိုင်ငံဟာ နိုင်ငံတကာအုပ်ချုပ်မှု စည်းမျဉ်းစည်း ကမ်းတွေကို ကိုယ်တိုင်ကိုယ်ကျ ချမှတ်လာနိုင်ဖို့ ကြိုးပမ်းနေပြီဆိုတာ ထင်ရှားစွာ ဖော်ပြနေခြင်းပဲဖြစ်ပါတယ်။ AIIB ဘဏ်ကိစ္စမှာ တရုတ်နိုင်ငံအနေနဲ့ အမေရိကန်နဲ့ ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံအချို့အပေါ် အတိုင်းအတာတစ်ခုအထိ အသာစီး ရရှိခဲ့ တယ်ဆိုတာ မမှားပေမယ့် ဒီကိစ္စမှာ အမေရိကန်ဟာ ရှုံးနိမ့်ပြီး တရုတ်နိုင်ငံက အနိုင်ရရှိတယ်လို့တော့ လွယ်လွယ်ကူကူ သုံးသပ်လို့မရနိုင်ပါဘူး။ ဒီဘဏ်မှာ အမေရိကန်နိုင်ငံက လုံးဝမပါဝင်ဘူးလို့ ပြောထားခြင်းမရှိသလို အမေရိကန်ပါဝင်ခြင်းဖြင့် AIIB ဘဏ်ရဲ့ စံနှုန်းစံထားတွေ မြင့်မားလာစေရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်တဲ့အတွက် အမေရိကန်ပါဝင်ဖို့ တိုက်တွန်းသူတွေလည်း ရှိနေပါတယ်။ တရုတ်နိုင်ငံကလည်း AIIB ဘဏ်ဟာ အားလုံးပါဝင်နိုင်ဖို့ တံခါးဖွင့်ထားကြောင်း ပြောထားတဲ့အတွက် တစ်နေ့မှာ အမေရိကန်ပါဝင်လာဖို့ အလားအလာတွေ ရှိနေဆဲဖြစ်ပါတယ်။

ဒါ့အပြင် AIIB ဘဏ်နဲ့ လက်ရှိ ရှိပြီးသား နိုင်ငံတကာ ငွေကြေးအဖွဲ့ အစည်းတွေအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် AIIB ဘဏ်ဟာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် အပြုသဘောဆောင်တဲ့ နယ်ပယ်သစ်တစ်ခု ဖြစ်လာနိုင်ပါတယ်။ သို့သော်လည်း AIIB ဘဏ်ဟာ ၂၀၁၅ ခုနှစ်၊ နှစ်ကုန်ပိုင်းမှသာ တရားဝင်စတင်ပေါ်ထွက်လာမှာဖြစ်သလို ဘဏ်ရဲ့အဖွဲ့ဝင်နိုင်ငံများအကြား အုပ်ချုပ်မှုဆိုင်ရာ ထိတွေ့ဆက်ဆံမှု၊ ချေးငွေထုတ်ချေးမှုဆိုင်ရာ စံနှုန်းစံထားများနဲ့ AIIB ဘဏ်နဲ့ လက်ရှိ ရှိပြီးသား နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများအကြား လက်တွေ့ပူးပေါင်း ဆောင်ရွက်နိုင်မှု အခြေအနေများဟာ AIIB ဘဏ်ရဲ့ အနာဂတ်ကို ဖော်ပြမှာဖြစ်လို့ ဆက်လက် လေ့လာ စောင့်ကြည့်သွားဖို့ လိုအပ်နေပါသေးကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။

**အာရှဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဟာအရေးပါတဲ့ ကဏ္ဍကနေပါဝင်နေပါတယ်။ အာရှဒေသဟာလာမယ့် ၁၀ နှစ်အတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ဒေါ်လာ ၈၀၀ ဘီလီယံခန့် လိုအပ်မယ်လို့လည်း အာရှဖွံ့ဖြိုးရေးဘဏ်က တွက်ချက်ခန့်မှန်းထားပါတယ်။**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

အင်္ဂလိပ်တို့မှာ မြန်မာပြည်က ဆုတ်ခွာပေးရန် သေချာသဖြင့် ဂျပန်တို့ မြန်မာပြည်ကို အမြန်သိမ်းမိမည်။ အောက်နှင့် အထက်မြန်မာပြည် ကြာရှည် အဆက်ပြတ်နေမည် မဟုတ်သောကြောင့် သန်လျင်မှ အိမ်မှာစိတ်ပူရန် အကြောင်းမရှိ။ တိုင်းပြည်မငြိမ်မသက်ဖြစ်နေသော စပ်ကြားကာလအတွင်း စစ်ကိုင်းတောင်ရိုးထက် လုံခြုံစိတ်ချရသော အခြားနေရာမမြင်။ ထို့ကြောင့် စစ်ကိုင်းတွင်ပင် ဆက်နေရန် ဆုံးဖြတ်ခြင်းဖြစ်၏။

ဖေဖေ့တွက်ကိန်းမှာ မှန်သည်။ မကြာမီတွင် အစိုးရရုံးများ အထက်မြန်မာပြည်သို့ ရွှေ့ပြောင်းလာကြသည်။ အင်္ဂလိပ်တပ်၊ တရုတ်တပ်တို့လည်း ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် မြောက်ဘက်သို့ အဆက်မပြတ် ဆုတ်ခွာလာနေကြ၏။

မတ်လ ၉-ရက်နေ့တွင် ရန်ကုန်ကျကြောင်း ကြားရသည်။

ကျွန်တော်တို့လည်း မြို့ပေါ်တွင် မနေတော့ဘဲ စစ်ကိုင်းတောင်ရိုးရှိ ရေဦးကျောင်းတိုက်ချောင်သို့ ပြောင်းရွှေ့ခဲ့သည်။

ဖေဖေသည် စစ်ကိုင်းသို့ရောက်သည်မှာ မကြာသေးသော်လည်း နာမည်ကျော်ဆရာဝန်တစ်ဦး ဖြစ်သောကြောင့်တစ်ကြောင်း၊ စစ်ကိုင်းတောင်၌ ဘိုးဘွားမိဘများ လက်ထက်ကတည်းမှ လှူဒါန်းခဲ့သော ကုသိုလ်အဆောက်အအုံတို့ရှိသည်က တစ်ကြောင်း၊ ချောင်မှ ဆရာတော်သည် ရှေးယခင် ဘုရားဖူးလာစဉ် ကတည်းက ဖေဖေတို့ ဆရာရင်း၊ သမားရင်း ဖြစ်ခဲ့သည်က တစ်ကြောင်း ဤအကြောင်းများကြောင့် တစ်ပြည်လုံးမှ ခိုလှုံလာကြသူ အပေါင်း ပြည့်ကျပ်နေသော စစ်ကိုင်းတောင်ရိုးတွင် ကျွန်တော်တို့ နေရာရခြင်းဖြစ်လေသည်။

ထိုနှစ်နွေက ကျောင်းပိတ်လျှင် သန်လျင်မြို့သို့ ပြန်မည်ဟု ကျွန်တော်ခဲလေသမျှ သဲရေကျ ဖြစ်ရသည်။

ဤသို့ဆိုသဖြင့် ရက်လများကို လွမ်းမောတ,သရင်းကုန်ဆုံးခဲ့ရပါသည်ဟု ကျွန်တော် မဆိုလို . . .၊ လိုက်လိုက်လှဲလှဲ လွမ်းမောတသနိုင်ရန်အတွက် ကျွန်တော့်အသက်မှာ မကြီးလွန်းသေး။ ရင်ဆိုင်နေရသော အဖြစ်အပျက်များကလည်း စိတ်ကူးယဉ်အတွေးနယ်ချဲ့ရန်အတွက် မည်သို့မျှ အထောက်အပံ့မပြု ထိတ်လန့် တုန်လှုပ်ဖွယ်များသာ ဖြစ်နေ၏။

ကျွန်တော်တို့ စစ်ကိုင်းချောင်ရှိ စစ်ပြေးအများမှာ ချန်ကေရှိတ် ကူမင်တန်တပ်များ၏ ဓားပြတိုက်သည်ကို မရှုမလှ ခံလိုက်ကြရသည်။ ကူမင်တန်တပ်သားများသည် မန္တလေးမဟာမြတ်မုနိကြီးကိုပင် ဖျက်ဆီးလုယက်ရန် ကြံကြသေးသည်။ မန္တလေးသံဃာတော်တို့ သာသနာ့အလံထူ၍ ဘုရားကြီးကို အသက်ပေးကာကွယ်ခုခံမည်ပြုသောအခါမှ သင်းတို့ လက်လျှော့ရသည်။

ယခင်က တိုင်းပြည်ပျက်ခြင်းအကြောင်းကို စာ၌သာ တွေ့ဖူးသည်။ ရုပ်ရှင်များထဲ၌သာ မြင်ဖူးသည်။ ယခုမူ ကိုယ်တွေ့ကြုံရပြီတည်း။

ညအခါ၌ ခွေးအူသံတို့ကို အသည်းယားဖွယ်ကြားရသည်။ အဝေးအရပ်ဆီမှ တံတားများကို ဖောက်ခွဲသံတို့သည်မြေကိုတုန်စေ၍ ပေါ်ထွက်လာတတ်သည်။

ထိုအခါမျိုး၌ လမဲ့၍ မှောင်မည်းသော ကောင်းကင်ပြင်နောက်ခံဖြင့် မီးတောက်၊ မီးလျှံတို့သည် စိတ်ချောက်ချားဖွယ် ထွက်ပေါ်လာတတ်၏။

ဘုရားဆွဲလည်းသံ သာသာ၊ ဝတ်တက်သော သံဃာတော်အရှင်မြတ်၊ သီလရှင်သူတော်မြတ်တို့၏ ပရိတ်သံချိုချိုဖြင့် ထုံမွှန်းအပ်သော ကျွန်တော်တို့၏ စစ်ကိုင်းတောင်ရိုးသည်သာ ဤကမ္ဘာတစ်ခုလုံး၌ ငြိမ်းချမ်းမှု အရှိဆုံးဒေသဟု ထင်မှတ်ရသည်။

မေမေကမူ ရှေးယခင်ကတည်းက မပြတ်ခဲ့သော နိစ္စပါတ်ဘုရားဝတ်ပြုခြင်းကို ပြုမြဲပြုသည်။ ယခင်က မိုးချုပ်လျှင် အလျင်အိပ်ရာဝင်၍ ဘုရားရှိခိုးပျင်းသော ဒေါ်စာဥကြီးကား ယခုမူ မှန်မှန်ဘုရားရှိခိုးရုံမက ဂုဏ်တော်ပုတီးကို တစ်ညတစ်ထောင် စိပ်သည်ဆို၏။ ပုတီးစိပ်ပြီးတိုင်း ဘယ်ကသူသင်၍ ရလာသည် မသိသော တရားလင်္ကာကို သံနေသံထားဖြင့် ရွတ်ဖတ်တတ်သေးသည်။

"အမြိုက်တနှင့်၊ ဓမ္မလောကီ၊ မကူးမီနှင့်၊ ကူးပြီးသည့်နောက်၊ တစ်ခုမြောက်သို့၊ မရောက်ကြမီ၊ ပဉ္စသီဖြင့်၊ တည်ကြည်စိတ်ပျောင်း၊ အနေကောင်းမှ၊ မကောင်းသူပယ်၊ ကောင်းသူကယ်မည်၊ သိဖွယ်ငါတို့ မှတ်စိမ့်သောဝ် . . . ဩကာသ . . . ဩကာသ "

ဒေါ်စာဥကြီးရွတ်သော တရားလင်္ကာ၏ အဓိပ္ပါယ်ကို ကျွန်တော် နားမလည်။ ကျွန်တော် နားလည်သည်ကား ဒေါ်စာဥကြီး စိတ်ပြောင်းသွားခြင်းပင်ဖြစ်သည်။ အကြောင်းကား ဒေါ်စာဥကြီးသည် နှစ်ပေါင်းများစွာ စိတ်ကောက်၍ မပြောပြခဲ့သော ကပ်ကြီးသုံးပါးဆိုက်ပုံကို ကျွန်တော့်အား ပြောပြသည်။

ထိုအချိန်၌ ဒေါ်စာဥကြီး၏ ကပ်ကြီးသုံးပါးဆိုက်ပုံသည် ကျွန်တော့်အတွက် မဆန်းတော့။ ကပ်ကြီးသုံးပါး အဆုံးစွန်တိုင်အောင် ကမ္ဘာစစ်ကြီးကို ကိုယ်တွေ့မျက်မြင် ကြုံရလေသောကြောင့် ဖြစ်ပါ၏။

မေလတစ်ရက်နေ့ မန္တလေးမြို့ကျသည်။

ဤနောက်ပိုင်း၌ မြောက်ဘက်ဆီဝယ် တိုက်ပွဲများရှိကောင်းရှိမည်ဖြစ်သော်လည်း မန္တလေး၊ စစ်ကိုင်းမှ

စ၍ အောက်ဘက်တောက်လျှောက် အခြေအနေ ပုံမှန်အတိုင်း ပြန်ဖြစ်လာ၍ အုပ်ချုပ်ရေးတို့ ပြန်စခဲ့သည်။

ဧရာဝတီမြစ်အတွင်း၌လည်း ထင်းရှူးသားဖြင့် လုပ်သောဂျပန်မော်တော်အများ ဆန်တက်လာသည်ကို နေ့စဉ်တွေ့နေရသည်။ တစ်ခါတစ်ရံ ယခင်က ဧရာဝတီကုမ္ပဏီပိုင် မီးသင်္ဘောကြီးတို့ ဆန်တက်လာရာ ဦးထိပ်တွင် ဒေါင်းလံကြီး တဝင့်ဝင့်ဖြင့်ရှိ၏။ ခေါင်မိုးပေါ်တွင် စစ်လေ့ကျင့်ခန်းပြလျက် လိုက်ပါလာသော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများကိုလည်း တွေ့ရသည်။

မြန်မာပြည်သည် . . . တကယ်လွတ်လပ်ပြီလော. . .။

ဗမာ့လွတ်လပ်ရေးတပ်မတော်ဗိုလ်အများ စစ်ကိုင်းသို့ ရောက်လာကြသည်။ ကိုကိုမူ ပေါ်မလာ။

တပ်မတော်ဗိုလ်အများမှာ ကိုကို့မိတ်ဆွေများဖြစ်သဖြင့် ဖေဖေ့ကို လာတွေ့ကြသည်။ သူတို့ထံမှသိရသဖြင့် ကိုကိုသည် ယခုအခါ စစ်ဦးစီးဌာနတွင် ဗိုလ်မှူးတစ်ဦး ဖြစ်နေသည်။ တာဝန်များကြောင့်ရန်ကုန်တွင်သာ ကျန်ရစ်သည်ဆို၏။

ကိုကို ရောက်မလာသော်လည်း ကိုကို မသေမပျောက်ရှိကြောင်း သိရသဖြင့် ကျွန်တော်တို့တစ်အိမ်လုံးဝမ်းသာကြသည်။

ဘာကြောင့်မသိ၊ ဖေဖေက သခင်ထွန်းအုပ် ဦးစီးသည်ဆိုသော ဗဟိုအစိုးရလက်အောက်သို့ ပြန်မဝင်။ တပ်သားများ၊ စစ်ကိုင်းတောင်မှ စစ်ပြေးများ၊ ရဟန်းသံဃာများနှင့် ရွာနီးချုပ်စပ်မှ လူနာများကို လိုက်၍ဆေးကုပေးနေသည်။

၁၉၄၂-ခုနှစ် ဇွန်လအတွင်း၌ ဂျပန်စစ်သေနာပတိချုပ်ဂျင်နရယ်အီဒါးက ဗဟိုအုပ်ချုပ်ရေးကော်မတီဖွဲ့စည်းကြောင်းကြေညာသည်။ ထိုကော်မတီ၏ ခေါင်းဆောင်ကား ဒေါက်တာဘမော်ဖြစ်သည်။

ကျွန်တော် မျက်စိလည်သွား၏။ ငယ်စဉ်က ဆိုခဲ့သော . . . "ဘမော် ဘဦးတို့က ရှုပ်သနော်၊ ပုဒ်မ ပုဒ်ထီးများကို ထုတ်ဖော်၊ တိုင်းသူပြည်သားများနဲ့ ဒို့အပေါ် . . . " ဟူသည့် သီချင်းကို အမှတ်ရမိသည်။ ယခု ထိုစဉ်က ဆဲခဲ့သော ဒေါက်တာဘမော်သည် ဘာကြောင့် မြန်မာပြည်၏ အရှင်သခင် အာဏာရှင် ဖြစ်ခဲ့ရလေသနည်း။

ဇွန်လမကုန်မီ ကျွန်တော်တို့ချောင်သို့ ကိုကို ရောက်လာသည်။ ကိုကိုသည် အစိမ်းရောင် ဂျပန်စစ်ယူနီဖောင်းကို ဝတ်ထားသည်။ ဂျပန်စစ်ယူနီဖောင်းမှာ ပုကွသော ဂျပန်များနှင့် ကြည့်မကောင်းသော်လည်း ရှည်လျားသောအရပ်ရှိသည့် ကိုကိုနှင့် အလွန်လိုက်သည်ဟု ကျွန်တော် ထင်မိသည်။

ထုံးစံအတိုင်း မေမေက ချွေးတလုံးလုံး၊ ရှင်တပြုံးပြုံးဖြင့် မမောနိုင်မပန်းနိုင် ထမင်းဟင်းချက်ပြုတ်သည်။ ယခင်က ကိုကို့ထံမှ ပုံတို့ကိုသာ ကြားခဲ့ရသော ကျွန်တော်သည် ယခုအခါ ကိုယ်တွေ့တိုက်ပွဲများကို နှိုက်နှိုက်ချွတ်ချွတ်မေးသည်။ ကိုကိုကလည်း ယိုးဒယား၊ မြဝတီစစ်ကြောင်းမှ စ၍ အသေးစိတ်ရှင်းပြသည်။

ကျွန်တော်နှင့် စကားကောင်းနေသဖြင့် ညစာထမင်းဝိုင်းကျခါမှ ကိုကိုသည် ဖေဖေ မေမေတို့ကိုကိုယ်ရေးကိုယ်တာကိစ္စများအကြောင်း ပြောခွင့်ရသည်။

မေမေက ကိုကို့ကို တစ်ချက်စိုက်ကြည့်ပြီး မေး၏။

" သား . . . သန်လျင်ဘက် ရောက်သေးလား . . . "

ကိုကိုကလည်း မေမေ့ကို တစ်ချက်ပြန်ကြည့်ပြီး မပြုံးမရယ်ဖြင့် ဖြေသည်။

"ရောက်ပါတယ် မေမေ။ ဦးမြဘူးတို့ ကျွန်တော်တို့ အိမ်မှာပဲ ရှိကြသေးတယ်။ သူတို့ အိမ်ကိုကောင်းကောင်း စောင့်ရှောက်ထားပါတယ်။ ပြီးတော့ ဦးထွန်းမောင်ကြီးကိုလည်း ကျွန်တော် အဲဒီအိမ်မှာပဲ ထားခဲ့တယ် "

ကျွန်တော်က ဝင်ဖြတ်မေးသည်။

"ဦးထွန်းမောင်ကြီးကကိုကိုနဲ့ဘယ်အထိလိုက်သလဲ . . "

" ယိုးဒယားအထိပေါ့။ အခုတော့ အသက်ကြီးတာမို့ တပ်က ထွက်လိုက်ပြီ . . . " မေမေက ဆက်မေးသည်။

" မြိုင်ရော နေကောင်းရဲ့လား . . . "

ဤအကြိမ်တွင်မူ ကိုကိုက ပြုံးသည်။ မေမေ ဘာကိုဆိုလိုနေသည်ကို သဘောပေါက်ရန် ရွှန်းရွှန်းနောက်နောက်ပြန်ဖြေသည်။

"မေမေ့ ချွေးမလောင်း နေကောင်းပါရဲ့ဗျား . . . ။ ကဲ ကျေနပ်ပလား . . . "

မေမေက စိတ်မဆိုးဘဲလျက် ကိုကို့ကို မျက်စောင်းထိုးသည်။ ဖေဖေကမူ ရယ်နေ၏။

အလိုက်မသိသော ကျွန်တော်ကသာ တိုက်ရိုက်ဝင်မေးသည်။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | နေပြည်တော်
မင်္ဂလာစံပြ | Top Royal | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) | မင်္ဂလာထွန်းသီရိ(ပြည်)

လော်မင်္ဂလာ
ရန်ကုန် - သမ္မတ၊ သွင်
မင်္ဂလာ(၁)၊ မင်္ဂလာစံပြ
Top Royal
မန္တလေး - ဝင်းလိုက်၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

FAST & FURIOUS7-3D
ရန်ကုန်
ရွှေဆောင်(၁)
မင်္ဂလာ( ဒဂုံစင်တာ)
မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

MAKE ME SHUDDER 3
ရန်ကုန်
နေပြည်တော်(၁)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း

THE SPONGEBOB-3D
ရန်ကုန် - နေပြည်တော်(၃)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

OUTCAST-3D
ရန်ကုန် - နေပြည်တော်(၂)၊ ရွှေဆောင်(၂)
မန္တလေး - မြို့မ(နံနက် ၁၀:၀၀နာရီ)
ပြည် - မင်္ဂလာထွန်းသီရိ

၁ . ၅ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်မှတ် - ၁၀:၀၀ နာရီ ၁၂:၃၀ နာရီ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ














# ဝါးကြီးတောကန်ရေလွှဲမြောင်းများ ပြုပြင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**မကွေး ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တောင်တောင့်ကျေးရွာ ကုန်ဇောင်းကျေးရွာနှင့် ကျေးရွာငါးရွာမှ အားထားရသည့် ဝါးကြီးတောကန်ရေလွှဲမြောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၁၃၂၇ ခုနှစ်က ဝါးကြီးတောကန်ကြီးမှ ရေကိုမြေသားရေလွှဲမြောင်းအဖြစ် ပြုလုပ်ထားရာ ဇန်နဝါရီ ၂၅ ရက် ကနေစတင်ပြီး ဝါးကြီးတောကန်ကြီး ရေလွှဲမြောင်းများကို ပြုပြင်ရန်အတွက် လုပ်ငန်းကြီး လေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အကြိုပြင်ဆင်ခြင်းလုပ်ငန်း၊ တမံမြေဖို့ခြင်းလုပ်ငန်း၊ လက်ဝဲမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း၊ လက်ယာမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းစသည့် လုပ်ငန်းကြီးလေးရပ်ပြုလုပ်လျက်ရှိရာ လုပ်ငန်းအားလုံး ၉၀ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း၊ မေ ၁၀ ရက်တွင် အားလုံးပြီးစီးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝါးကြီးတောရေလွှဲမြောင်းတမံသည် အလျားပေ ၂၃၀၀၊ ရေပို့လွှဲအလျား ၇၅ ပေ၊ ရေပို့လွှဲအရှည်ပေ ၄၅၊ ရေထုတ်ပြွန် ၇၅ ပေ၊ အမြင့် ပေ ၂၀၊ ရေထုတ်ပေါက်တစ်ပေပတ်လည် လက်ဝဲမြောင်းအလျား ပေ ၃၇၀၀၊ လက်ယာမြောင်းအလျားပေ ၇၅၀၀ ရှိပြီး ဝါးကြီးတောကန်ပြုပြင်ရန် ကုန်ကျငွေခန့်မှန်းချေမှာ ၂၈၈၂ သိန်း ငါးသောင်းခန့်ကုန်ကျမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

တောင်တောင့်ကျေးရွာ၊ ကုန်ဇောင်း၊ ရွာလေး၊ ဒတ်ဟတ်ကုန်း၊ ငွေးချိုကျေးရွာများ၏ စိုက်ပျိုးမြေဧက ၂၀၀၀ ကျော်အသုံးပြုနိုင်ရန်အတွက် ဆင်တိုးချောင်းကြီးကိုပိတ်ပြီး ဝါးကြီးတောကန်ကြီးထဲကို ရေလွှဲပေးရန် စာကျလာသော်လည်း ပညာရှင်များ၏ တိုင်းတာချက်အရ ဆင်ထိုးချောင်းကြီးကို ပိတ်ရာမှ တောင်သူများ၏မြေများဆုံးရှုံးနိုင်ခြင်း၊ စက်ရုံးကြီးတစ်ခု၏တာဝါတိုင်များထိခိုက်နိုင်ခြင်း၊ ဆင်တိုးချောင်းမှရေကို ဝါးကြီးတောကန်ထဲထည့်ရန် ရေပြန်ဖြစ်နေခြင်း၊ ကုန်ဆုံးသလောက်အကျိုးခံစားခွင့်မရှိနိုင်သဖြင့် ဆင်တိုးချောင်းကြီးကို ပိတ်ရန်မပါတော့ဘဲ ဝါကြီးတောကန်ဘောင်တင်ခြင်း၊ ခိုင်ခန့်ရန်ပြုလုပ်ခြင်း၊ ရေလွှဲမြောင်းများကို ခိုင်ခံ့အောင်ပြုပြင်ခြင်းသာ ပြုလုပ်သွားမည်ဖြစ်၍ ပိုလျှံသည့်ငွေများကို နတ်မောက်မြို့နယ်အတွင်းရှိ လိုအပ်သည့်နေရာများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

တောင်သူများမျှော်မှန်းထားတဲ့ကျေးရွာ ငါးရွာက စိုက်ပျိုးဧက ၂၀၀၀ ကျော်ကို တစ်ပြိုင်တည်း သီးနှံစိုက်ပျိုးရန်မဖြစ်နိုင်ဘဲ ဝါးကြီးတောကန်ရေလွှဲမြောင်းများသာ ကောင်းမွန်၍ စိုက်ပျိုးရေးတွင် ယခင်ကကဲ့သို့ပင် တောင်ထောင့်ကျေးရွာ၊ ကုန်ဇောင်းကျေးရွာနှစ်ရွာသာတစ်နှစ်စီ ဧက ၆၀ ကိုသာ အလှည့်ကျစိုက် ပျိုးရမည်ဖြစ်ကြောင်းကိုတောင်ထင့်ကျေးရွာ၊ ကုန်ဇောင်းကျေးရွာများမှ တောင်သူများက ပြောသည်။ **စာစာ(မကွေး)**

# တောင်သာတွင် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းဖွင့်လှစ်

**တောင်သာ ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့တွင် ရဲတပ်ဖွဲ့၏ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာဗဟုသုတဆင့်ပွားသင်တန်းကို ဧပြီ ၂၇ ရက် နံနက်၈ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင်တောင်သာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တောင်သာမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိုးနိုင်က ရဲတပ်ဖွဲ့ဝင်များလိုက်နာဆောင်ရွက်ရမည့် အခန်းကဏ္ဍအပိုင်းကြီးသုံးပိုင်းကို ခွဲခြားပြောကြားပြီး လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နည်းဥပဒေများကိုဆွေးနွေးခဲ့သည်။

ဆက်လက်၍တောင်သာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဒုမြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးမင်းထွန်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့်သင်တန်းသားများက ရွေးကောက်ပွဲဆိုင်ရာများနှင့် ပတ်သက်၍ မရှင်းလင်းသည့်အချက်များကို မေးမြန်းကြသည်။

ယင်းအခမ်းအနားတွင်တောင်သာမြို့နယ်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်က အမှာစကားပြောကြားရာတွင် ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်၂၀၁၀ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ်များက ကျင်းပပြုလုပ်ခဲ့သောရွေးကောက်ပွဲများတွင်ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံများကိုအခြေခံပြီး အခက်အခဲများကို စနစ်တကျအောင်မြင်စွာကျော်လွှားနိုင်ရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

ဆင့်ပွားသင်တန်းသို့တောင်သာမြို့နယ်အတွင်းရှိ သင်တန်းသား အရာရှိ၊ အခြားအဆင့်နှင့် မီဒီယာသမားများ အပါအဝင် စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ပျဉ်းမနားတွင် ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

၂၀၁၅ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ နေပြည်တော်ပညာရေးတာဝန်ခံ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းတို့သည် ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ မြို့နယ်ပညာရေးမှူး ဦးသန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းက ပျဉ်းမနားမြို့နယ်အတွင်းရှိ ရွာများတွင် စာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

အဆိုပါ သင်ကြားမှုများတွင် ပျဉ်းမနားမြို့နယ် စစ်တောင်းမြစ် အရှေ့ဘက်ခြမ်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကရင်တိုင်းရင်းသားအများစုနေထိုင်သောကျေးရွာများဖြစ်ကြသော သံပရဲ၊ ဆိတ်ဖူးတောင်၊ လက်ဖက်တောင်၊ အောင်ဘိသိတ်၊ ဘို့မသံတောင်နှင့် နန်းလွန်ဆန်း စသည့်ကျေးရွာများသို့သွားရောက်၍ သင်ကြားပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး စာရေးကိရိယာများနှင့် သင်ကြားပို့ချပေးနေကြသည့် မိတ္ထီလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၏ ၂၀၁၅ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု လုပ်ငန်းကို ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စုမှ ကျေးရွာ ၄၂ ရွာတွင် စာသင်ဝိုင်း ၆၅ ဝိုင်းဖြင့် စာသင်သားဦးရေ ၆၅၇ ဦးကို မိတ္ထီလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၆၅ ဦး၊ အုပ်ချုပ် ကြီးကြပ်သူ ခုနစ်ဦး စုစုပေါင်း ၇၂ ဦးတို့က သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(ရွှေကုက္ကို)**

# အချိန်ပြည့်ရေလွှတ်ပေးနေမှုကြောင့် ရပ်ကွက်နေပြည်သူများ ရေသုံးစွဲမှုအဆင်ပြေ

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သမတကမ်းခြေရပ်ကွက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(ရေသန့်ဌာန)မှ ရေပိုက်လိုင်းသွယ်တန်းပေးပြီး အချိန်ပြည့်ရေလွှတ်ပေးနေမှုကြောင့် ရပ်ကွက်နေပြည်သူများအနေဖြင့် ရေသုံးစွဲမှုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်သည် နှစ်စဉ်နွေရာသီသို့ရောက်တိုင်း သောက်သုံးရေကန်များ ခမ်းခြောက်၍ ပြည်သူများ ရေသုံးစွဲမှု အခက်အခဲတွေ့ကြုံနေရသည့်အတွက် မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရပ်ကွက်များအတွင်း ရေပိုက် သွယ်တန်းခြင်းလုပ်ငန်းအား စီမံချက်ချမှတ်၍ သွယ်တန်းပေးခြင်း ခမ်းခြောက်ရေကန်များအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်မှုဖြင့် တူးဖော်ပေးခြင်းများကြောင့် ယခုနှစ်နွေရာသီတွင် ပြည်သူများ ရေသုံးစွဲမှု အခက်အခဲမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက်က မြို့နယ်ရေပေးဝေရေးရုံးနဲ့ အဝေးဆုံးရပ်ကွက်ပါ။ ဒီနှစ်မှာ ရေသန့်ဌာနက ရေပိုက်သွယ်ပြီး ရေလွှတ် ပေးနေပါတယ်။ ရပ်ကွက်ထဲကသောက်သုံးရေကန်တွေမှာလည်း ရေလက်ကျန်က အများကြီးရှိသေးတော့ ဒီနှစ်မှာ ရေအခက်အခဲမရှိပါဘူး" ဟု ဦးသန်းဇော်ဦးက ပြောသည်။

သမတကမ်းခြေရပ်ကွက်တွင် မိုးရေလှောင် သောက်သုံးရေကန်ကြီးခြောက်ကန်ရှိပြီး ရေဂါလန်ပေါင်း ၃၅ သိန်းကျော် ကျန်ရှိနေသေးပြီး ရေသန့်ဌာနမှ ရပ်ကွက်အတွင်းသို့ ခြောက်လက်မ ရေပိုက်လိုင်း သွယ်တန်းပေးထားပြီး အိမ်လုံးရေ ၂၅၀ ကျော် ရေသွယ်ယူထားကြောင်း၊ ထို့ပြင် ရေသန့်ဌာနမှလည်း ရေဂါလန်ပေါင်း ၁၅၀၀ ဆံ့ အုတ်ရေလှောင်ကန်လေးကန်ပြုလုပ်ပေး၍ ရပ်ကွက်နေပြည်သူများအား နေ့စဉ်ရေပေးဝေလျက်ရှိကြောင်း သိရသည်။ **ကိုကို(ဥပဒေ)**


## (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

၂၀၁၅ ခုနှစ် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ၇-၅-၂၀၁၅ ရက်နေ့မှ ၁၃-၅-၂၀၁၅ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| စဉ် | အမည် | ရာထူး | ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းနိုင် | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၃၄၂<br>၀၉-၈၆၀၁၅၇၂ |
| ၂။ | ဒေါ်ချယ်ရီမာမန်း | ညွှန်ကြားရေးမှူး | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၁၅၃<br>၀၉-၄၂၈၁၃၇၇၆၈ |
| ၃။ | ဒေါ်နွယ်နီဦး | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (မန္တလေး) | ၀၂-၈၆၆၆၂<br>၀၉-၇၉၅၉၆၅၇၀၅ |


# ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**မြင်းခြံ ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁) မြို့မရဲစခန်း အစည်းအဝေးခန်းမတွင် ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ခဲ့ ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ထူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်တို့မှ ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာ အချက်အလက်များ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ တာဝန်ထမ်းဆောင်ရမည့် အပိုင်းများ စသည်တို့ကို ပြောကြားခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းကာလမှာ ဧပြီ ၂၇ ရက် မှ မေ ၁ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ဝါန်းဇွန်မြို့၌ အရန်သားဖွားသင်တန်း(၂/၂၀၁၄)ဆင်းပွဲ အခမ်းအနားကျင်းပ

**ဝါန်းဇွန် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ဝါန်းဇွန်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်း (၂/၂၀၁၄) ဆင်းပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနား၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်က အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာအောင်ဆန်းက သင်တန်းသားများ အနေဖြင့် ကျေးလက်ဒေသအတွင်းရှိ ပြည်သူလူထု အကျိုးပြု လုပ်ငန်းများဖြစ်သော ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ မွေးဖွားခြင်းနှင့်မွေးပြီး စောင့်ရှောက်ခြင်းစသော မိခင်နှင့်ကလေးများအား အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ယခုလိုသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပြီး အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးကြရန် ရှင်းလင်းမှာကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော သင်တန်းသား ၂၀ အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဆန်း၊ လက်ထောက်ဆရာဝန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝေလင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဝင်းကျော်နှင့် မြို့နယ်သူနာပြုအဆင့်(၁)တို့က သင်တန်းအောင်လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၁၅ ခုနှစ် ဧပြီ ၂၇ရက်အထိ စာတွေ့သုံးလနှင့် လက်တွေ့ သုံးလ ဖွင့်လှစ်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး၊ လက်ထောက်ဆရာဝန်၊ ကျန်းမာရေးမှူး အဆင့်(၁)၊ လက်ထောက်ကျန်းမာရေးမှူး၊ ကျန်းမာရေးဆရာမနှင့် အထက်တန်းသူနာပြုဆရာမ တို့က သင်ကြားပို့ချပေးခဲ့ကြသည်။ **သက်နောင်ဦး(ဝါန်းဇွန်)**

# ပြည်သာယာမြောက်ပိုင်း၌ ထရန်စဖော်မာနှစ်ခု ထပ်မံထားရှိ

**မိတ္ထီလာ ဧပြီ ၂၉**

မိတ္ထီလာမြို့ ပြည်သာယာမြောက်ပိုင်းရပ်ကွက်နေဒေသခံ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရေး အတွက်(၁) လမ်းတွင် ထရန်စဖော်မာတစ်ခု၊ (၆) လမ်းတွင် ထရန်စဖော်မာတစ်ခုကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ လမ်းညွှန်မှုဖြင့် ထပ်မံထားရှိပေးခဲ့ကြောင်း သိရသည်။

"ပြည်သာယာမြောက်ပိုင်းရပ်ကွက် (၁) လမ်းနဲ့ (၆) လမ်းမှာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်ခုစီ ထပ်မံတပ်ဆင်ပေးတာပါ။ ဒေသခံရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိစေဖို့၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေဖို့၊ လျှပ်စစ် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေဖို့ ရည်ရွယ်ချက်တွေနဲ့ အခုလို ထရန်စဖော်မာခွဲနှစ်ခုကို ထပ်မံတပ်ဆင်ပေးတာဖြစ်ပါတယ်။ ၁၁ ကေဗွီ ဓာတ်အားလိုင်းကနေ ထရန်စဖော်မာနှစ်ခုကို ဓာတ်အားခွဲပို့ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးတာမို့ (၁) လမ်းနဲ့ ( ၆) လမ်းပတ်ဝန်းကျင်က အိမ်ခြေ ၄၅၀ ကျော်သည် လျှပ်စစ်ဓာတ်အားကို ယခင်ထက် ပိုမိုပြည့်ဝစွာရရှိတော့မှာ ဖြစ်ပါတယ်" ဟု မြို့နယ်လျှပ်စစ်မန်နေဂျာက ပြောသည်။

ပြည်သာယာမြောက်ပိုင်းရပ်ကွက် ၆ လမ်းတွင် ထပ်မံတပ်ဆင်သည့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁) လမ်းရပ်ကွက်တွင် တပ်ဆင်သည့် ၂၀၀ ကေဗွီအေ



ထရန်စဖော်မာမှ လျှပ်စစ်ဓာတ်အားကို ဧပြီ ၂၇ ရက်တွင် ဖြန့်ဖြူးပေးနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နေဒေသခံ ပြည်သူများပူးပေါင်းဆောင်ရွက်ခဲ့သည်။ **ချမ်းသာ (မိတ္ထီလာ)**

# ကလောမြို့နယ်ရဲတပ်ဖွဲ့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

**ကလော ဧပြီ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်ရဲတပ်ဖွဲ့မှ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး(အရာရှိ) သင်တန်းအမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲ အခမ်းအနားကို ကလောမြို့ မြို့မရဲစခန်း ခမ်းမဆောင်ဝင်တွင် ဧပြီ ၂၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကလောမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးထင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးတင်ဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ၊ ဥပဒေအရာရှိ ဒေါ်တင်နီလာဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဦးစီးအရာရှိ ဦးမောင်မောင်မြင့်၊ ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းဗိုလ်၊ ကလောမြို့မရဲတပ်ဖွဲ့စခန်းမှူးဒုရဲမှူးဆွေဦး၊ အောင်ပန်းရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်မင်းဦး၊ ဟဲဟိုးစခန်းမှူးရဲအုပ်ဝင်းမိုးဇော်နှင့် ကလောမြို့နယ်ရဲတပ်ဖွဲ့ဝင်အရာရှိများ တက်ရောက်ခဲ့ကြသည်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး(အရာရှိ)သင်တန်းကို ဧပြီ ၂၇ မှ မေ ၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

ယင်းသင်တန်းတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဆောင်ရွက်ရမည့် မူဝါဒများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ (အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်)၏ အရည်အချင်းများ တာဝန်များခန့်အပ်ခြင်း၊ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အခြားရဲလုပ်ငန်းဆိုင်ရာ သင်ခန်းစာများ ပို့ချသွားမည်ဖြစ်ကြောင်း ကလောမြို့နယ်ရဲမှူးတင်ဝင်းက ပြောသည်။

**ဇော်သိန်းရည်**

ဓါန်ဝင်း နှင့် ရောင်းရင်းများ
ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့စဉ်)
▲ ပုပ္ပါး ပုဂံညောင်ဦး(ရွှေဇီးခုံတော်လေးဆူ)
▲ ပုပ္ပါး ပုဂံ(ရွှေဇီးခုံတော်လေးဆူ)မန္တလေး ပြင်ဦးလွင်
